The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 29 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 5, 2019

# ခယောင်းလမ်းမှ ကြက်သွန်ဖြူ

စာမျက်နှာ - ၈ ➢



## ပျော်ရွှင်ဆင်နွှဲ နိုင်ငံတကာကုန်စည်ပြပွဲ ဂုဏ်ယူဝင့်ကြွား မြန်မာနေ့အခမ်းအနား

စာမျက်နှာ - ၃ ➢

## တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့ အသီးအနှံများတိုးချဲ့တင်ပို့ရန် ကြိုးပမ်းနေ ပိုးမွှားသတ်သည့်စက်များ အဆင်သင့်မဖြစ်သေး၍ နှစ်နှစ်ခန့်ကြာဦးမည်

စာမျက်နှာ - ၁၁ ➢

## ပင်လယ်ရေထွက်ကုန် အရှင်များအား ပြည်ပနိုင်ငံများသို့ တိုက်ရိုက် တင်ပို့သွားမည်

စာမျက်နှာ - ၂၆ ➢



## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု(၃)

စာမျက်နှာ - ၆ ➢

บริษัท ทูบี เกรท จำกัด

2B GREAT Company Limited

# 2B GREAT (Myanmar) Company Limited



DD Shipping & Agency Co.,Ltd.

Yangon Office : No. (1003/A), 10th Floor, 50th Street, Myanmar Shwe Ou Daung Min Condo, Botahtaung Township, Yangon Region, Myanmar.
Phone : 09-450 593 170, 09-791 852 930 E-mail : 2bgreatmyanmar.sawok@gmail.com, website - www.2bbgreat.com

Myawaddy Office: No.(6/7), Bo Kyar Thant Street, In front of MBM Cement Factory, Myae Ni Gone, Myawaddy
Phone : (95) 09 781 778 950 E-mail : logistic2bgreat.lukar@gmail.com

Chiang Mai Office: No (91/214) MOO4 TAMBON TASALA AMPHOE MUANG, CHIANG MAI 50000 THAILAND
Phone : (+66) 987 509 625, Fax - (66)532 435 90 E-mail: logistic2bgreat@yahoo.com

# AQUAMARINE MOON CO.,LTD

## AIR-CON , REFRIGERATION SALE & SERVICE



雪人股份 SNOWMAN CO., LTD.

SFT

REFTECH REFRIGERATION

DEEC

RefComp

Snowkey

Building No. 15, Bayint Naung Road, Shwe Pin Lon Housing, North Dagon Township, Yangon, Myanmar
AIR-CON , REFRIGERATION SALE & SERVICE
Marketing Section : 09 5167150
Office Phone No : 09441430807, 09441430808, 09441430809
Email : aquamarinemoon8@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဟဲဟိုးမြို့ရှိ အာလူးအအေးခန်းစက်ရုံသို့ ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့်ဌာနဆိုင်ရာများ လိုက်ပါလျက် ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီက ကလောမြို့နယ် ဟဲဟိုးမြို့ ဥသာကံကျေးရွာရှိ Heho Potato Co.,Ltd ၏ အာလူးအအေးခန်းစက်ရုံသို့ရောက်ရှိပြီး စက်ရုံမန်နေဂျာ ဦးအောင်သန်းကျော်က အအေးခန်းအတွင်း အာလူးများ အအေးခံထားရှိမှုတို့ကို ရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက သီးနှံများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်ရန်၊ ရှမ်းပြည်နယ်မှထွက်ရှိသော အခြားသီးနှံများ ထားသိုမှုပြုလုပ်နိုင်ရန်နှင့် ထွက်ရှိသီးနှံများ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးနိုင်ရေးတို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၁ ရက် ညနေ ၃ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ (၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး၊ ကုန်သွယ်မှုလျင်မြန်လွယ်ကူချောမွေ့စေရေးနှင့် ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာ-တရုတ်နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ဆောလျင်စွာ တည်ထောင်အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံ တာဝန်ခံဝန်ကြီးဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံပြည်သူချင်း၊ အစိုးရချင်း၊ စီးပွားရေးလုပ်ငန်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

# ပျော်ရွှင်ဆင်နွှဲ နိုင်ငံတကာကုန်စည်ပြပွဲ၊ ဂုဏ်ယူဝင့်ကြွား မြန်မာနေ့အခမ်းအနား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ၂၀၁၉ ခုနှစ် ဧပြီ ၂၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ "နိုင်ငံတကာ ဥယျာဉ်ပန်းမန်စိုက်ပျိုးသည့် အတတ်ပညာပြပွဲ (International Horticultural Exhibition)" ကို ခြောက်လကြာ ကျင်းပလျက်ရှိသည်။



အဆိုပါပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပါဝင်ပြသလျက်ရှိသည်။ ၎င်းပြပွဲ၏ ဆောင်ပုဒ် Theme မှာ Life Green, Life Better ဖြစ်သည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MYANTRADE) ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Commissioner General အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ကိုယ်စားပြုပြခန်းတွင် Htay Thit Sar International Co.,Ltd. မှလည်းကောင်း တရုတ်ပြပွဲကျင်းပရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေး၊ ကုန်သွယ်မှုတိုးမြှင့်စေရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် အခြားအာဆီယံနိုင်ငံများနည်းတူ ပါဝင်ပြသခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ မှလည်း ပါဝင်ပြသလျက်ရှိကြောင်း သိရှိရသည်။ ပါဝင်ပြသသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတစ်နိုင်ငံချင်းအလိုက် အလှည့်ကျ National Day အခမ်းအနားကို စည်ကားစွာကျင်းပပြုလုပ်လျက်ရှိသည်။

စာမျက်နှာ ၁၆ သို့

Commerce

JOURNAL

**အတိုင်ပင်ခံစာတည်း**

အောင်မောင်း

မြင့်သူရ

ဦးဦးဟန်

**စာတည်းမှူးချုပ်**

အောင်သူရ

**အုပ်ချုပ်ရေးမှူး**

အေးအေးမော်

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ရဲမင်းနိုင်

**လက်ထောက်စာတည်း**

ယဉ်ယဉ်အေး၊ မော်မော်အောင်၊

ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**

သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)

ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊

ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊

မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)

ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊

မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)

စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**

ဦးမြတ်ထွန်းကျော်(၀၁၀၅၅)

အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**

သန်းစိုး

**ဖြန့်ချိရေး**

ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊

အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

သင်းသီရိအောင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

Vol: 19, No.29 Monday August 5 2019

## ရန်ကုန်ဆန်ဈေးကွက်သို့ ဆန်ဝင်ရောက်မှုနှင့် အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ဇူလိုင် ၂၆ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)သို့ ဧရာဝတီတိုင်းဒေသကြီး နယ်စုံမှ ဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၁၁၁၅၀၀ အိတ်ဝင်ရောက်ခဲ့သည်။ ယခုတစ်ပတ် ဇူလိုင် ၃၁ ရက် ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၄၈၅၀၀-၅၆၀၀၀၊ ပေါ်ဆန်းဆန်ရှယ်စ တစ်အိတ် ကျပ် ၃၆၀၀၀-၃၈၀၀၀၊ ရက်၉၀ ဆန်တစ်အိတ် ကျပ် ၂၀၇၀၀-၂၁၅၀၀၊ သီးထပ်ရှယ်တစ်အိတ် ကျပ် ၂၀၀၀၀-၂၀၂၀၀ အသီးသီးဖြစ်သည်။ ရွှေဘိုပေါ်ဆန်းဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက်တစ်အိတ် ကျပ် ၁၀၀၀ ဈေးမြင့်တက်လာကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။ နယ်စုံပေါ်ဆန်းဆန်၊ ပေါ်ကျွဲဆန်နှင့် ဧည့်မထဆန်တို့မှာ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲဈေးငြိမ်လျက် ကုန်စည်ဒိုင်သို့ ဝင်ရောက်မှုပုံမှန်ရှိပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရသည်။

ရန်ကုန်မြို့ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်၌ ဇူလိုင် ၃၁ ရက်တွင် ဆန်ဈေးနှုန်းမှာ ဧည့်မထဆန်ထိပ်စတစ်အိတ် ကျပ် ၂၀၀၀၀-၂၀၂၀၀ (USD 270-273 Per ton)၊ ဧည့်မထဆန်လတ်စတစ်အိတ် ကျပ် ၁၉၀၀၀-၁၉၂၀၀ (USD 257-259 Per ton) ဖြင့် တစ်ပတ်အတွင်း ဈေးငြိမ်လျက် ဝယ်လိုအားနည်းပြီး အရောင်းအဝယ်အေးနေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။ ယခုတစ်ပတ်အတွင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ ဇူလိုင် ၂၆ ရက်မှ ၃၁ ရက်ထိ ဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၁၀၂၁၉၀ အိတ်ဝင်ရောက်ခဲ့သည်။ **ချောစုမာ(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

## ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် စပါးဈေးနှုန်းအပြောင်းအလဲရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင်လနောက်ဆုံးပတ်တွင် ပုသိမ်ခရိုင် ငပုတော၊ ကျုံပျော်၊ ရေကြည်မြို့နယ်များနှင့် မြောင်းမြခရိုင်၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် မိုးဧည့်မထစပါး၊ ပေါ်ဆန်းစပါး ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း သိရသည်။ ပုသိမ်ခရိုင်တွင် ယခင်မိုးဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ကိုကျပ် ၅၆၀၀၀၀-၅၇၀၀၀၀ ဝန်းကျင်မှ ယခုကျပ် ၅၇၀၀၀၀- ၅၈၀၀၀၀ နှင့် စပါးတင်း ၁၀၀ကိုကျပ် ၁၀၀၀၀ ခန့်မြင့်တက်မှုရှိပြီး မြောင်းမြခရိုင်တွင် ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ယခင်ကျပ် ၉၀၀၀၀၀-၉၃၀၀၀၀ အတွင်းမှ ယခုကျပ် ၉၂၀၀၀၀-၉၆၀၀၀၀ ဖြစ်သွား၍ ပေါ်ဆန်းစပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀- ၃၀၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

လက်ရှိဆန်စပါးဈေးကွက်မှာ လှောင်ထားသောစပါးဟောင်းများကိုသာကြိတ်ခွဲရောင်းချမှုရှိ၍ဒေသတွင်း စပါးဟောင်း လက်ကျန်များ လျော့နည်းလာမှုနှင့်အတူဈေးကွက်မှာ အရောင်းအဝယ်သွက်လျှင်လည်း ဈေးနှုန်းမြင့်တက်မှုရှိပြီး ဧရာဝတီတိုင်းအတွင်း ကျန်ခရိုင်မြို့နယ်များတွင် အရောင်းအဝယ်ပုံမှန်ရှိ၍ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းမှသိရသည်။ **မင်းမင်းဦး(ပုသိမ်)**

## ရွှေဘိုခရိုင်အတွင်း စပါး၊ ဆန်ဈေးကွက်အခြေအနေ

ဇူလိုင်လနောက်ဆုံးပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ရှိ စပါး/ဆန်ဈေးကွက်အခြေအနေများမှာ အရောင်းအဝယ်အေးပြီး ဈေးနှုန်းအနည်းငယ် ပြောင်းလဲခဲ့ကြောင်း သိရသည်။ ရွှေဘိုခရိုင်ရှိ စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၅၁၀၀၀၀၊ ဆန်တစ်အိတ် ကျပ်၄၆၀၀၀ရှိပြီး ယခင်လနောက်ဆုံးပတ်နှင့် နှိုင်းယှဉ်ပါက စပါး၊ ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ရွှေဘိုဧရာမင်းစပါး တင်း ၁၀၀ လျှင် ကျပ်၁၀၇၀၀၀၀၊ ဆန်တစ်အိတ် ကျပ်၄၂၀၀၀ရှိပြီး ယခင်လနောက်ဆုံးပတ်နှင့် နှိုင်းယှဉ်ပါက စပါးတင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀ နှင့် ဆန်တစ်အိတ် ကျပ် ၂၀၀၀၀ခန့် မြင့်တက်ခဲ့သည်။

ထို့အတူ ရေဦးစပါး၊ဆန်ဈေးနှုန်းများလည်း အပြောင်းအလဲရှိခဲ့သည်။ ရေဦးပေါ်ဆန်းသည် ယခင်လက တင်း ၁၀၀ လျှင် ကျပ် ၁၃၄၀၀၀၀ ရှိရာမှ ယခုတစ်ပတ်အတွင်း ကျပ် ၁၄၀၀၀၀၀ ရှိလာပြီး ဆန်ဈေးနှုန်းမှာတစ်အိတ် ကျပ်၄၆၅၀၀ ဖြင့် ဈေးငြိမ်နေကြောင်းသိရသည်။ ရေဦးဧရာမင်းစပါးဈေးသည် ယခင်လက တင်း ၁၀၀ လျှင် ကျပ်၉၈၀၀၀၀ရှိရာမှ ယခုလတွင် ကျပ် ၁၀၃၀၀၀၀ ထိရှိပြီး ဆန်ဈေးမှာ ယခင်လက တစ်အိတ် ကျပ် ၃၆၀၀၀ မှ ယခုလတွင် ကျပ် ၃၇၅၀၀ ထိရှိကြောင်းသိရသည်။

ရွှေဘိုခရိုင်အတွင်း နွေစပါးများ ဈေးကွက်အတွင်း ဝင်ရောက်လာကာ ၇၄၇စပါး တင်း ၁၀၀ ကျပ် ၄၉၀၀၀၀ နှင့် ဆန်တစ်အိတ် ကျပ် ၁၇၀၀၀ရှိပြီး နွေအသွယ် စပါးတင်း ၁၀၀ ကျပ် ၄၅၀၀၀၀ နှင့် ဆန်တစ်အိတ် ကျပ် ၁၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ ရွှေဘိုပေါ်ဆန်းစပါး၊ ဧရာမင်းစပါး၊ ရေဦးပေါ်ဆန်းစပါး၊ ဧရာမင်းစပါးတို့သည် စက်ပိုင်ပွဲစားများက လှောင်ရန်အတွက် အဝယ်လိုက်နေသဖြင့် ဈေးတက်နေသည်ဟု ရွှေဘိုစပါး၊ဆန်ကုန်သည်များမှ သိရပါသည်။

အခြားတိုင်းဒေသကြီးသို့ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇူလိုင်လနောက်ဆုံးပတ် ဆန်စီးထွက်မှုခန့်မှန်းစာရင်းမှာ ဆန်အိတ်ပေါင်း ၁၀ သိန်းကျော်၊ဆန်တန်ချိန်ပေါင်း ငါးသောင်းကျော် စီးထွက်ခဲ့သည်ဟု သိရှိရသည်။ **ကျော်ဇင်ဝင်း**

## ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ ပိုမိုတင်ပို့

ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိသီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာနှစ်သန်းနီးပါးတန်ဖိုးရှိဆန်တန်ချိန် ၆၄၀၀ တင်ပို့ခဲ့ကြောင်းသိရသည်။ယခုတစ်ပတ်ဆန်တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတန်ချိန်၅၂၀၀ကျော်၊ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတန်ချိန် ၁၁၀၀နီးပါးနှင့်လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၉၅ တန် ကျော်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၁၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။ ယခုတစ်ပတ် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှဆန်ကွဲ ၁၂ တန်ကျော် တင်ပို့နိုင်ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ ကာလအတွင်းအမေရိကန်ဒေါ်လာခုနစ်သန်းနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၂၂၀၀၀ကျော်တင်ပို့ခဲ့သည်။ယခုတစ်ပတ်ဆန်တင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၇၅၀၀ ခန့်၊ တရုတ်နိုင်ငံသို့တန်ချိန်၄၉၀၀ကျော်၊ရုရှားနိုင်ငံသို့တန်ချိန် ၁၄၀၀၊ မလေးရှားနိုင်ငံသို့တန်ချိန်၉၄၀ ကျော်၊ ထိုင်ဝမ်သို့ တန်ချိန် ၂၅၀ နီးပါး၊ဗီယက်နမ်နိုင်ငံသို့တန်ချိန် ၂၆၀၊ မက်ဒါဂါးစကားသို့တန်ချိန် ၃၂၀၀ ကျော်၊ ကင်မရွန်းသို့ တန်ချိန် ၃၀၀ ကျော်၊ ကင်ညာသို့ တန်ချိန် ၂၅၀၊ မိုဇမ်ဘစ်သို့တန်ချိန် ၅၀၀ ကျော်နှင့် အီးယူနိုင်ငံများသို့ တန်ချိန် ၂၆၉၀ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုထက် တန်ချိန် ၂၆၀၀ ကျော်ပိုမိုတင်ပို့နိုင်ကြောင်းသိရသည်။ ယခုတစ်ပတ်မှာ ရေကြောင်းမှအမေရိကန်ဒေါ်လာနှစ်သန်းကျော် တန်ဖိုးရှိဆန်ကွဲတန်ချိန် ၁၀၀၀၀ ကျော်တင် ပို့ခဲ့ သည်။ ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ တန်ချိန်၆၃၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန်၂၆၀၀၊ အိုင်ဗရီကို့စ်သို့ တန်ချိန်၇၈၀၊ ဆီရာလီယွန်နီသို့ တန်ချိန် ၃၇၀ ကျော် တင်ပို့ခဲ့ပြီး မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၇၀၀ နီးပါး ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန်တန်ချိန် ၂၈၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၆၃၆၀ ကျော်ဖြစ်ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၂-၈-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၇ | ၄၀၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၇ | ၃၉၇ | △ | ၃၃၅ | ၃၄၀ | △ | ၃၈၀ | ၄၁၀ | △ | ၃၆၁ | ၃၅၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၆ | ၃၉၆ | △ | ၃၃၀ | ၃၃၅ | △ | - | - | - | ၃၅၆ | ၃၅၀ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၄ | ၃၉၃ | △ | ၃၂၅ | ၃၃၀ | △ | - | - | - | ၃၅၁ | ၃၄၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၈၀ | ၃၈၅ | △ | ၃၂၀ | ၃၂၂ | △ | ၃၆၀ | ၃၇၀ | △ | ၃၂၈ | ၃၁၈ | ▽ |
| ပေါင်းဆန် | ၄၂၂ | ၄၂၃ | △ | - | - | - | ၃၇၇ | ၃၇၈ | △ | - | - | - |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂-၈-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၂၀ | □ | ၂၀၀၀၀ | □ | ၈၁၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၅၀၀ | □ | ၈၆၇၀ | △ | ၄၃၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | △ | ၂၃၀၀၀ | □ | ၈၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၃၂၀၀၀ | □ | ၁၅၅၀၀ | △ | ၅၀၀၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၆၀၀ | □ | ၄၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၈၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၃၅၀ | □ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၄၅၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၈၆၆၀ | □ | ၄၀၀၀၀ | □ |
| လွိုင်ကော် | ၈၃၀၀ | □ | ၄၄၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | □ | ၂၃၅၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

**၂၆-၇-၂၀၁၉ မှ ၁-၈-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း**

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 387 | 23 | - | - | - | **410** |
| | Form AANZ | 10 | - | - | - | - | 10 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 241 | 17 | - | - | - | 258 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 27 | 5 | - | - | - | 32 |
| | Form AK | 302 | 6 | - | - | - | 308 |
| | Form D | 268 | 23 | - | - | - | 291 |
| | Form DFTP | 7 | 1 | - | - | - | 8 |
| | Form E | 100 | 18 | - | - | 1 | 119 |
| | Form Korea | 20 | - | - | - | - | 20 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1363 | 93 | - | - | 1 | 1457 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂-၈-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၆/၇ | ၂/၈ | ပြောင်းလဲမှု | ၂၆/၇ | ၂/၈ | ပြောင်းလဲမှု | ၂၆/၇ | ၂/၈ | ပြောင်းလဲမှု | ၂၆/၇ | ၂/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၉၇ | ၁၂၄၄ | ▼ | ၁၃၀၀ | ၁၂၆၇ | ▼ | ၁၂၅၀ | ၁၃၂၅ | ▲ | ၁၃၀၀ | ၁၂၅၀ | ▼ |
| ပဲစင်းငုံ | ၁၅၁၉ | ၁၅၀၄ | ▼ | ၁၆၅၀ | ၁၆၀၀ | ▼ | ၁၇၀၀ | ၁၅၉၀ | ▼ | ၁၆၀၀ | ၁၅၅၀ | ▼ |
| ပဲတီစိမ်း | ၁၈၃၀ | ၁၈၀၀ | ▼ | ၁၉၉၁ | ၁၈၁၃ | ▼ | ၁၈၆၈ | ၁၆၈၄ | ▼ | ၁၉၁၀ | ၁၇၆၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၀၀ | ▼ | ၁၄၄၁ | ၁၃၈၀ | ▼ | ၁၄၃၂ | ၁၄၁၆ | ▼ | ၁၄၄၀ | ၁၃၉၅ | ▼ |
| ပဲလွန်းဖြူ | ၁၁၀၀ | ၁၁၀၀ | ■ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၆၅၀ | ▲ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၇၃၅ | ၁၇၃၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၉) မှ |
| | (၂၀.၇.၁၉)ထိ | (၂၇.၇.၁၉)ထိ | (၂၇.၇.၁၉) ထိ |
| မတ်ပဲ | ၁၈၈၃၇၁ | ၁၆၇၆၀ | ၂၀၅၁၃၁ |
| ပဲတီစိမ်း | ၁၅၈၁၅၃ | ၄၀၈၉ | ၁၆၂၂၄၂ |
| ပဲစင်းငုံ | ၅၆၈၅၁ | ၆၆၁၄ | ၆၃၄၈၅ |
| ကုလားပဲ | ၄၇၁၀၈ | ၁၅၅ | ၄၇၂၆၃ |
| ပဲလွန်းဖြူ | ၃၀၀၆၈ | ၃၅၅ | ၃၀၄၂၃ |
| မြေထောက်ပဲ | ၇၉၂၃ | ၃၆၇ | ၈၂၉၀ |

## ပြည် ပဲတီစိမ်းသစ်များ အရည်အသွေးလိုက်၍ ဈေးကွာခြားခဲ့

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မိုးပဲတီစိမ်းသစ်များ ဆက်လက်ဝင်ရောက်လျက်ရှိရာ တစ်ရက်လျှင်အိတ် ၁၅၀ ကျော် ၂၀၀ အထိပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ဝယ်လက်သမားများ နေ့စဉ်အဝယ်ရှိ၍ ဝင်ရောက်လာသမျှ ရောင်းချခဲ့ကြရပြီး ပဲဈေးမှာတစ်တင်းကျပ် ၃၃၀၀၀ မှ ၃၅၀၀၀ အထိ၊ အရည်အသွေးလိုက်၍ဈေးကွာခြားမှုရှိကြောင်း သိရသည်။ ပဲတီစိမ်းသီးနှံအား ရန်ကုန်ဝယ်လက်ဝယ်ယူမှု သိပ်မရှိဘဲ မန္တလေးလိုင်းသမားများ အဓိကထားဝယ်ယူလျက်ရှိကြောင်း သိရသည်။ ယခင်နှစ်က ပဲတီစိမ်းသီးနှံသစ်ဈေးမှာ ကျပ်သုံးသောင်းအောက်သာရရှိခဲ့သည့်အတွက် ယခုနှစ်ဈေးမှာ ကျပ်သုံးသောင်းအထက်ရရှိနေခြင်းကြောင့် ယခင်နှစ်ထက် ယခုနှစ်ဈေးပိုကောင်းနေကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်တို့တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီမှာ အနည်းငယ်သာဖြစ်နေပြီး ယခုတစ်ပတ်၏ ပဲစင်းငုံနီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ အသစ်တစ်တင်းလျှင် ကျပ် ၃၂၇၀၀ ဖြင့် အိတ် ၅၀၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၂၉၀၀၀ ဖြင့် အိတ် ၅၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီ အဟောင်းတစ်တင်းလျှင် အိတ် ၅၀ ခန့် တစ်ခါတစ်ရံ အရောင်းအဝယ်ဖြစ်နေသည်။ ကုလားပဲဝါလုံးကြီး၉၂၉ တစ်တင်းလျှင် ကျပ် ၂၆၆၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၂၆၆၀၀ ဖြင့် အိတ် ၅၀၊ V6တစ်တင်းလျှင် ကျပ် ၂၅၅၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၉၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၈၅၀၀ ဖြင့် အိတ် ၂၀၀ ခန့် ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၃၆၀၀ မှ ၃၈၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၁၅၀၀ ၊ ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၃၂၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၁၉၅၀၀၊ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၈၀၀၀ ဖြင့် အိတ် ၁၀၀၀ ခန့်၊ နှမ်းဖြူသန့်တစ်တင်းလျှင် ကျပ် ၅၃၀၀၀ မှ ၅၆၀၀၀ ဖြင့် ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့်ဈေးနှုန်းဈေးကွက်အခြေအနေ

ဇူလိုင် ၁ ရက်မှ ၂၆ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ် လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၂၂၅ တန်ဖိုးရှိ ကြက်သွန်နီ ၅ ဒသမ ၃၀ တန် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှ တစ်ဆင့်ပြန်လည်တင်သွင်းမှုများမှာ အမေရိကန်ဒေါ်လာ ၁၀၄၄၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၈ ဒသမ ၇၀ တန်၊ အမေရိကန်ဒေါ်လာ ၅၀၀ တန်ဖိုးရှိ ဘာဒီကော်ဖီမစ် သုည ဒသမ ၂၄ တန်၊ အမေရိကန်ဒေါ်လာ ၃၆၀ တန်ဖိုးရှိမိုးတွင်းစီးဖိနပ်သုည ဒသမ ၈၀ တန်တို့ဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏတန်ဖိုး ၁၅၅၂၅ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း စာရင်းများအရ သိရှိရသည်။

ဇူလိုင်လအတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက်ညှော့မထဆန်အိတ် စုစုပေါင်း ၇၆၈၅ အိတ်တန်ချိန်အားဖြင့် ၃၈၅ ဒသမ ၉၀တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ ဆန်တင်သွင်းမှုမှာ ၄၃၅၅ အိတ်၊ မန္တလေးမြို့မှ ၂၇၈၀ အိတ်၊ ရွှေဘိုမြို့မှ ၃၄၅၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၁၀၅၈၅ အိတ် တန်ချိန်အားဖြင့် ၅၃၁ ဒသမ ၅၀ တန်တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၆၁၀၄၀အိတ် တန်ချိန်အားဖြင့် ၃၀၈၈ ဒသမ ၁၂ တန်နှင့် အာလူးတင်ပို့မှုအနေဖြင့် ၁၅၀၀ အိတ် တန်ချိန်အားဖြင့် ၇၃ ဒသမ ၅၀ တန်တင်သွင်းခဲ့ပါကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဈေးနှုန်းများမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၁၀၊ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ အာလူး တစ်ပိဿာလျှင် ၁၁၀၀ ကျပ်၊ စပါးဈေးနှုန်းများမှာ ညှော့မထ(မိုး) စပါးတင် ၁၀၀ လျှင် ကျပ် ၉၅၈၀၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ညှော့မထဆန်တစ်အိတ်လျှင် ကျပ် ၄၆၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၇၅၀၀ ဈေးပေါက်ကြောင်း ၊ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ (လက်ကားဈေး) တစ်ပိဿာလျှင် ကျပ် ၅၅၀၀၊ နှမ်းဆီ (လက်ကားဈေး) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ စားအုန်းဆီ (လက်ကားဈေး)တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါသည်။

**ဖြိုးဝေအောင်**
**(လွိုင်ကော်)**

## မုံရွာကုန်စည်ဒိုင်၌ဖြစ်ပေါ်သော ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းအခြေအနေ

ဇူလိုင်လနောက်ဆုံးပတ်အတွင်း မုံရွာကုန်စည်ဒိုင်၌ ပဲမျိုးစုံဈေးကွက်အခြေအနေမှာပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ကုလားပဲနှင့်ဂျုံသီးနှံမှာဒေသတွင်းသုံးအနေနဲ့ပဲခွဲစက်နှင့်ကြာဆန်စက်၊ခေါက်ဆွဲစက်သမားများ အဝယ်ရှိသည့်အပြင် ရန်ကုန်ဝယ်လက်မှလည်း ဝယ်ယူလျက်ရှိကြောင်းသိရသည်။ ကုလားပဲမျိုးစုံနေ့စဉ်တင်းပေါင်း ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး V2တစ်တင်းကျပ် ၂၆၉၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၇၅၀၀၊၉၂၉တစ်တင်း ကျပ် ၂၇၀၀၀၊ V3 V7 ကျပ် ၂၆၅၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်လျော့နည်းလာတာ တွေ့ရသည်။

ပဲစင်းငုံ(အဟောင်း)တစ်တင်း ကျပ် ၂၉၃၀၀၊ (အသစ်) ကျပ်၃၁၈၀၀ဖြစ်ပြီး တင်း ၅၀၀ မှ ၈၀၀ ကြား ရက်ခြားအရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မတ်ပဲသီးနှံတစ်တင်း ကျပ် ၂၃၅၀၀မှ ၂၆၅၀၀ နှုန်းပေါက်လျက်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းထက် ဈေးမြင့်လာကြောင်းသိရသည်။

ပဲတီစိမ်းသီးနှံမှာတစ်တင်း ကျပ်၃၀၀၀၀မှ၃၃၀၀၀ ပေါက်ဈေး ရှိပြီး နေ့စဉ်တင်း ၂၀၀ခန့်၊ ပဲကြီးတစ်တင်းကျပ်၃၅၅၀၀ ဖြင့်နေ့စဉ်တင်း ၁၅၀ခန့်၊ ပဲနီလုံးရိုးရိုးတစ်တင်းကျပ် ၂၀၀၀၀နှုန်းဖြင့် တင်း၁၅၀ခန့်၊ ပဲနီလုံးကျားတစ်တင်း ကျပ် ၁၉၈၀၀ဖြင့် တင်း၁၅၀ခန့်၊ ပဲယင်း တစ်တင်း ကျပ် ၂၄၀၀၀ ဖြင့်တင်း ၂၀၀ခန့်၊ ပဲပုတ်တစ်တင်း ကျပ် ၂၀၃၀၀ ဖြင့် တင်း ၂၀၀ခန့်၊ ထောပတ်တစ်တင်း ကျပ်၃၀၀၀၀ ဖြင့်တင်း၁၀၀ခန့်၊ CPပြောင်းတစ်တင်း ကျပ်၈၀၀၀ဖြင့် တင်း၅၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**ကြည်ကြည်နွယ်**

## ပြည် မတ်ပဲဈေး လကုန်ရက်တွင် ဈေးလျော့ အရောင်းအဝယ်ဖြစ်

ဇူလိုင်လကုန်ပတ်တွင် ပြည်ပဲဈေးကွက်၌ ပဲအဝင်လည်း နည်းနေသကဲ့သို့ ဈေးလည်း ယခင်အပတ်ကထက် ဈေးလျော့နည်းကာ အရောင်းအဝယ်ဖြစ်နေခဲ့သည်။ ဝယ်လက်သမားနေ့စဉ် အဝယ်ရှိသော်လည်း အိတ် ၁၅၀/ ၂၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၅၃၀၀ ဖြင့် ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများထက် ဈေးလျော့နည်းနေခဲ့သည်။ ရန်ကုန်ဝယ်လက်သမား အဝယ်ရှိ၍ နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာဈေးလျော့နည်းအဝယ်ရှိတာကြောင့် လဆန်းရက်ဈေးထက် တဖြည်းဖြည်း ဈေးလျော့နည်းနေခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ဟင်္သာတမတ်ပဲဈေး ဆက်လက်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်၌ ဩဂုတ်လဆန်းတွင် မတ်ပဲဈေး ဆက်လက်ကျဆင်းသဖြင့် အရောင်းအဝယ်မဖြစ်ဘဲ ဈေးကွက်အေးလျက်ရှိသည်။ ဇူလိုင် ၂၆ ရက်က တစ်တင်းဈေး ကျပ် ၂၆၀၀၀ အောက်ကျဆင်းခဲ့သော မတ်ပဲသည် ဆက်လက်ကျဆင်းလာရာ ဩဂုတ် ၁ ရက်တွင် ကျပ် ၂၅၁၀၀၊ ဩဂုတ် ၂ ရက်တွင် ကျပ် ၂၄၉၀၀ ထိ ကျဆင်းခဲ့ကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## ပြည် ပဲနီပြားသီးနှံ လက်လီအရောင်းသွက်

ပြည်ပဲဈေးကွက်၏ လက်လီရောင်းဝယ်မှုဖြစ်နေသည့် ပဲများထဲမှာပဲနီပြားသီးနှံအနေဖြင့်လက်လီဆိုသော်လည်း အိတ် ၄၀/၅၀ မှ ၁၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။ ပဲအဝင်မရှိသော်လည်း လှောင်ပဲလက်ကျန်များ ရှိနေသည့်အတွက် အဝယ်ရှိသလောက် ရောင်းချနိုင်ပြီး ပဲဈေးမှာတစ်တင်းကျပ် ၂၅၅၀၀ ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်း ဈေးငြိမ်နေခဲ့သည်။ ပဲနီပြားသီးနှံဟာ ယခင်နှစ်ကပဲဈေးကွက်အတွင်း ဈေးကောင်းဝင်သီးနှံထဲပါဝင်နေပြီး တစ်တင်း ကျပ် ၃၆၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

Vol: 19, No.29 Monday August 5 2019

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု(၃)

**ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းတွင် အလေးပေးဆန်းစစ်သည့် အဓိကအချက်များ**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း အစီရင်ခံစာတွင် ယေဘုယျအားဖြင့် နိုင်ငံများ၏ ကိုယ်ပိုင်စီးပွားရေးမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အလေးပေးဆန်းစစ်မှုများ ပြုလုပ်ပါသည်။ သို့ရာတွင် စီးပွားရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလိုအပ်ချက်များ၊ မူဝါဒများနှင့် ရည်မှန်းချက်များနှင့် ရင်ဆိုင်နေရသည့် ပြင်ပစီးပွားရေးဝန်းကျင်ကိုလည်း ထည့်သွင်းစဉ်းစားလေ့ရှိသည်။ ထူးခြားချက်အနေဖြင့် အခြားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံမူဝါဒများအပေါ် ဆန်းစစ်လေ့လာသုံးသပ်ချက် (Peer Review) များသည် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကို ပိုမိုနီးကပ်စွာလိုက်ပါဆောင်ရွက်စေမည်ဖြစ်ပြီး ၎င်း၏ကတိကဝတ်များကို ဖြည့်ဆည်းနိုင်ရေးအတွက်ကိုလည်း အထောက်အကူဖြစ်စေသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်၌ အောက်ဖော်ပြပါအချက်များကို အဓိကထား၍ အလေးပေးဆန်းစစ်လေ့လာမှုများကို ပြုလုပ်ပါသည်-

- သွင်းကုန်အပေါ် သက်ရောက်သည့်အစီအမံများ (Measures directly affecting Imports)
- ပို့ကုန်အပေါ် သက်ရောက်သည့်အစီအမံများ (Measures directly affecting exports)
- ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအပေါ် သက်ရောက်သည့် အစီအမံများ (Measures affecting production and trade)

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံး၏ အစီရင်ခံစာပါ အချက်များအား လေ့လာခြင်း**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံး၏ အစီရင်ခံစာ (Secretariat Report)တွင် ဖော်ပြသည့်အကြောင်းအရာများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ကြုံသည့်အခြေအနေများဖြစ်သော မေခရိုစီးပွားရေးရာ မူဝါဒချမှတ်ထားသည့် အခြေအနေများ၊ ကုန်သွယ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများနှင့် ကုန်သွယ်မှု၏ ရှေ့အလားအလာများအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် အခြေအနေအရပ်ရပ်ကို ပထမပိုင်းအနေဖြင့် ဦးစွာဖော်ပြပါသည်။ ငွေလဲနှုန်းမူဝါဒ (Exchange Rate Policy)၊ ငွေရေးကြေးရေးမူဝါဒ (Monetary Policy)၊ ဘဏ္ဍာရေးမူဝါဒ (Fiscal Policy) နှင့် အခြား ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုဆိုင်ရာ အခြေအနေများအပါအဝင် နိုင်ငံ၏အဓိကပို့ကုန်ဈေးကွက်၊ နှစ်အလိုက် ပို့ကုန်/သွင်းကုန် (ကုန်သွယ်မှုပြုသည့်) အခြေအနေများအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်ရောက်လျက်ရှိသော ကဏ္ဍများကိုပါ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဒုတိယအပိုင်းအနေဖြင့် ကုန်သွယ်မှုမူဝါဒရေးရာ ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်နှင့် မူဘောင်များအရ ကုန်သွယ်မှု ဥပဒေပြုရေး၊ ကုန်သွယ်မှုမူဝါဒများချမှတ်ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တာဝန်ရှိအဖွဲ့အစည်းများ၊ ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် နှစ်နိုင်ငံ(သို့) ဒေသတွင်းနှင့် နိုင်ငံစုံကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များအရ လိုက်ပါဆောင်ရွက်နေမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လျက်ရှိသည့်အခြေအနေနှင့် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများ/ပဋိပက္ခများ၊ အကြံပြုချက်များ အစရှိသဖြင့် ထည့်သွင်းဖော်ပြပေးထားသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ကန့်သတ်တားမြစ်ချက်များအပြင် မြေယာအသုံးပြုမှုဆိုင်ရာ ပြည်တွင်းမူဝါဒချမှတ်ဆောင်ရွက်နေမှုများနှင့် စည်းကြပ်ခွန် အမျိုးအစားအလိုက် အခွန်ကောက်ခံဆောင်ရွက်နေမှုများကိုလည်း ထည့်သွင်းဖော်ပြထားသည်ကို လေ့လာနိုင်သည်။ ထို့ပြင် ကုန်သွယ်မှုဆိုင်ရာဥပဒေများအဖြစ် ယှဉ်ပြိုင်မှုဥပဒေ၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ ဥပဒေ (SMEs Law)၊ ဆက်သွယ်ရေးဥပဒေ (Telecommunication Law) နှင့် စံချိန်စံညွှန်းဥပဒေ (Standardization Law) စသည့်အရေးပါသည့် ဥပဒေပြုရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ဖော်ပြထားသည်။



သို့ဖြစ်ရာ TPR Secretariat report တွင် နိုင်ငံတစ်နိုင်ငံအတွက် အနာဂတ်တွင် ခိုင်မာအားကောင်းသော စီးပွားရေးအသိုက်အဝန်း ဖြစ်ပေါ်လာနိုင်ရေးကို တွန်းအားပေးနိုင်မည့် ဥပဒေများနှင့်ပတ်သက်၍ လေ့လာနိုင်ပြီး ဆက်လက်ပြင်ဆင်မည့် ဥပဒေပိုင်းဆိုင်ရာများကိုလည်း ခန့်မှန်းလေ့လာနိုင်မည်ဖြစ်သည်။ ဤသို့ ပွင့်လင်းမြင်သာစွာ ထုတ်ဖော်သုံးသပ်ခြင်းဖြင့် တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့်လည်း ရှေ့ဆက်ဆောင်ရွက်သင့်သည်များကို မြင်သာလာစေမည့်အပြင် နိုင်ငံ၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစဉ်များကိုနိုင်ငံတကာကပိုမိုနားလည်သဘောပေါက်စေမည်ဖြစ်သည်။

တတိယအပိုင်းတွင် ကုန်သွယ်မှုမူဝါဒများနှင့် လက်ရှိဆောင်ရွက်နေသော အလေ့အထများဖြစ်သော သွင်းကုန်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်သည့် အစီအမံများ၊ အကောက်ခွန်သတ်မှတ်စည်းကြပ်နေမှုအခြေအနေများနှင့် သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အခွန်နှုန်းထားသတ်မှတ်ထုတ်ပြန်ထားရှိသည့် အခြေအနေများ၊ အထူးအခွင့်အရေးပေးသည့် အခွန်နှုန်းထား (preferential tariff)ခံစားခွင့်ရှိနေသည့်အခြေအနေများနှင့် သွင်းကုန်လိုင်စင်ရရှိရန်အတွက် ကြုံတွေ့နေရသည့် တားမြစ်ကန့်သတ်ချက်များ၊ ပင်ရင်းဒေသ စည်းမျဉ်းအပါအဝင် ဖြစ်ပေါ်လာနိုင်မည့်အရေးပေါ် ကိစ္စရပ်များအတွက် သတ်မှတ်အစီအမံများ၊ သင်္ဘောမဆိုက်ရောက်မီ ကြိုတင်စစ်ဆေးခြင်း (Pre-shipment inspection)၊ အခွန်အမျိုးအစားအလိုက်ကောက်ခံရရှိသော ရာခိုင်နှုန်းများ၊ အစိုးရဝယ်ယူရေး (Government procurement)၊ နိုင်ငံပိုင်ကုန်သွယ်မှုလုပ်ငန်းများ (State Trading) နှင့် အခြားသောအကောက်အခွန်မဟုတ်သည့် အစီအမံများ၊ ပို့ကုန်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်မည့် အစီအမံများ၊ အထူးစီးပွားရေးဇုန်များ၊ ပို့ကုန်ဈေးကွက်ဆိုင်ရာ အခြေအနေများ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအပေါ် သက်ရောက်နိုင်မည့် အစီအမံများ၊ ပုဂ္ဂလိကကဏ္ဍသို့လွှဲပြောင်းပေးခြင်း ကိစ္စရပ်များ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အလမ်းများအတွက် ချမှတ်ထားသည့် မူဝါဒများစသည်ဖြင့် အဘက်ဘက်မှ ရှုမြင်သုံးသပ်၍ ဖော်ထုတ်ရေးသားထားသည်ကို တွေ့နိုင်သည်။

စတုတ္ထအပိုင်းတွင် ကဏ္ဍအလိုက် ကုန်သွယ်မှုမူဝါဒရေးရာချမှတ်ဆောင်ရွက်နေမှုများအဖြစ် လယ်ယာကဏ္ဍ၊ စွမ်းအင်နှင့် သယံဇာတများအသုံးချမှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည်တို့ကို လက်ရှိဆောင်ရွက်နေသည့်အခြေအနေများကို အခြေတည်၍ ထည့်သွင်းဖော်ပြထားသည်။ ထို့ပြင် ဝန်ဆောင်မှုကုန် သွယ်ရေးအပေါ် ထိန်းကွပ်ဆောင်ရွက်နိုင်မည့် ခိုင်မာအားကောင်းသော ဥပဒေ၊ မူဝါဒများပေါ်ပေါက်လာနိုင်ရေးကို တွန်းအားဖြစ်စေနိုင်မည့် အခြေအနေအရပ်ရပ်ကိုလည်း ဖော်ပြထားသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နောက်ဆုံးထွက်ရှိထားသော ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းအစီအရင်ခံစာပုံစံ၌ ကုန်သွယ်မှုမူဝါဒဆန်းစစ်မှု ပြုလုပ်သောနိုင်ငံအနေဖြင့် ၎င်း၏သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုအရပ်ရပ်(ကုန်လမ်း၊ ရေလမ်းနှင့်လေကြောင်း)နှင့်ပတ်သက်၍ မိတ်ဖက်နိုင်ငံများဖြင့် ညှိနှိုင်းထားပြီး ခွင့်ပြုဆောင်ရွက်နေသည့်အခြေအနေ၊ အမျိုးအစားများကိုပါ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံး၏အစီရင်ခံစာ (Secretariat Report)သည် နိုင်ငံ၏စီးပွားရေးလုပ်ကိုင်ဆောင်ရွက်နေမှု၊ ကုန်သွယ်မှုမူဝါဒရေးရာ ချမှတ်ဆောင်ရွက်နေမှုများအပေါ် မူတည်၍ အဖွဲ့ဝင်တစ်နိုင်ငံနှင့်တစ်နိုင်ငံ အလေးပေးဖော်ပြချက်များ အနည်းငယ်ကွဲလွဲမှုရှိနိုင်သော်လည်း အတွင်းရေးမှူးရုံး၏ အစီရင်ခံစာ (Secretariat Report)ပါ အကြောင်းအရာများကို ဖတ်ရှုခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်မှု ဆောင်ရွက်ချက်များအပြင် ရှေ့ဆက်ဖြစ်လာနိုင်မည့် အလားအလာများ၊ ပြုပြင်ပြောင်းလဲသင့်သည့် အကြံပြုချက်များ၊ ပွင့်လင်းမြင်သာရှိလာမှုကြောင့် နိုင်ငံတကာ၏ စိတ်ပါဝင်စားမှု ပိုမိုသက်ရောက်လာနိုင်မည့် အခွင့်အလမ်းများအပြင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း ပိုမို ဝင်ရောက်လာနိုင်ဖွယ်ရှိပါသည်။ ထို့ပြင် နိုင်ငံစုံ၊ဒေသတွင်းနှင့် နှစ်နိုင်ငံသဘောတူညီချက်များအရ ကုန်သွယ်မှုပြုရာတွင် ကြုံတွေ့လာနိုင်မည့် အငြင်းပွားဖွယ်ရာများကို ဖြေရှင်းရာတွင် ခိုင်မာသည့် အထောက်အထားဖြစ်စေမှုကိုပါ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရသည်။ WTO **ဌာနခွဲ**

## မြန်မာ့ဆိပ်ကမ်းတွင် ၁.၈.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရု(ပ်)ဆိပ်ကမ်း | - MT SK LINE-1 | P.Oil (In Bulk) ၄၅၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - IAL-001 | TEU350တင်TEU595ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | TEU776တင်TEU377ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR-BALI | TEU915တင်TEU798ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - ALEA | ဆန်တန်ချိန် ၂၂၀၀၀ တင်ဆဲ |
| MIPL | - GAZI | Steel Product 16000 ချဆဲ |
| TMIT (၁) | - HONG DE | Steel Product ၈၄၆၆ ချဆဲ |
| TMIT (၂) | - PVT HN | Urea (IN Bulk) ၁၉၉၀၅ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| STELLAR MESTRO | ကုန်သေတ္တာ ၁၄ ချရန် | MITT4 | ၂.၈.၂၀၁၉ |
| KAI XUAN-9 | Steel တန် ၂၁၁၄၆ ချရန် | CHINA | ၃.၈.၂၀၁၉ |
| MOON LIGHT | Concrete X Block, ၁၉၂၀ တင်ရန် | BINGALARDESH | ၃.၈.၂၀၁၉ |
| HOSEI CROWN | PKG Construction Project ၉၅တင်ရန် | COLUMBO | ၅.၈.၂၀၁၉ |
| ISTORYA | Steel Rails & Steel Coils, ၅၉၇၄ ချရန် | JAPAN | ၆.၈.၂၀၁၉ |
| ZHE HAI-2 | G/C ၂၂၇၀ ချရန် | CHINA | ၇.၈.၂၀၁၉ |
| COMSMIC TIGER | Unit Vehicle & Steel Rails ၈၃၅ ချရန် | JAPAN | ၈.၈.၂၀၁၉ |
| ENDEAVOUR STARIT | Steel & Fertilizer ၂၇၆၃၉ ချရန် | MALAYSIA | ၉.၈.၂၀၁၉ |
| LADY LILLY | Wheat ( In Bulk) ၂၀၀၀၀ ချရန် | AUSTRALIA | ၁၂.၈.၂၀၁၉ |
| GREEN WICH | Coal ( In Bulk ) ၃၀၀၀၀ ချရန် | AFRICA | ၂၆.၈.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၈.၂၀၁၉ |
| ISEACO FORTUNE | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၂.၈.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၈.၂၀၁၉ |
| AL.S SUZURAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၈.၂၀၁၉ |
| UNI ANGLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၈.၂၀၁၉ |
| SINAR BINTAN | SINGAPORE | သီလဝါ / စက်မှုဆိပ်ကမ်း | ၄.၈.၂၀၁၉ |
| XETHA BHUM | SINGAPORE | သီလဝါ / စက်မှုဆိပ်ကမ်း | ၄.၈.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၈.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၈.၂၀၁၉ |
| TORRES STRAIT | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၆.၈.၂၀၁၉ |
| BOX ENDEAVOUR | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၇.၈.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၈.၂၀၁၉ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၈.၂၀၁၉ |
| KOTA HADIAH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၈.၂၀၁၉ |
| ALS SAT SUKI | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၈.၈.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN PORPOISE | MOGAS (92Ron) | ELITE JETTY | ၁.၈.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၂.၈.၂၀၁၉ |
| MT.YU HAI | MOGAS (92RoN) | SINGAPORE | ၂.၈.၂၀၁၉ |
| MT.AU VIRGO | P.Oil(In Bulk) | INDONESIA | ၂.၈.၂၀၁၉ |
| MT.VL - 21 | P.Oil(In Bulk) | INDONESIA | ၂.၈.၂၀၁၉ |
| MT.OCEAN DOLPHIN | Diesel Oil | SINGAPORE | ၂.၈.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၂.၈.၂၀၁၉ |
| MT.ROYAL 36 | P.Oil(In Bulk) | INDONESIA | ၂.၈.၂၀၁၉ |
| MT.ORCA PACIFIC | Diesel Oil | SINGAPORE | ၃.၈.၂၀၁၉ |
| MT.CP-38 | P.Oil(In Bulk) | INDONESIA | ၃.၈.၂၀၁၉ |
| MT.OCEAN PREMIER | MOGAS (92RoN) | SINGAPORE | ၄.၈.၂၀၁၉ |
| MT.YU HAI | Diesel Oil+MOGAS92 | SINGAPORE | ၅.၈.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၁၀.၈.၂၀၁၉ |

## ကြက်သွန်

### ဈေးနှုန်းပုံမှန်ဖြင့် အရောင်းအဝယ်ဖြစ်နေသည့် ပြည်ကြက်သွန်ဖြူ

ဩဂုတ်လပထမပတ်တွင် ပြည်ကြက်သွန်ပွဲရုံများ၌ကြက်သွန်ဖြူဈေးနှုန်းအတက်အကျမရှိဘဲ ဈေးနှုန်းပုံမှန်ဖြင့်အရောင်းအဝယ်ဖြစ်နေသည်။ ဈေးကွက်သို့ အရောင်းအဝယ်သမားများ လက်ဝယ်အဝင်များနေပြီး အရောင်းအဝယ်အနေဖြင့် ပုံမှန်သာရှိကြောင်းသိရသည်။ ယခုအပတ်ကြက်သွန်ဖြူဈေးနှုန်းများမှာ ရှမ်းစ တစ်ပိဿာလျှင်ပွဲရုံဈေး ကျပ် ၂၃၀၀ ဖြစ်ပြီး ဒေသတွင်း လက်လီဈေးကွက်တွင် (ရှမ်း) ကျပ် ၂၈၀၀-၃၀၀၀ နှင့် (ကြူဂွ) ကျပ် ၃၇၀၀-၃၉၀၀ တို့ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**နီနီဝင်း(ပြည်)**

### ပြည်ကြက်သွန်နီဈေးကွက်အတွင်း ဈေးနှုန်းများ ကျဆင်းလျက်ရှိ

ပြည်ကြက်သွန်နီဈေးကွက်အတွင်းသို့ ယခုတစ်ပတ်တွင် သရက်၊ တောင်တွင်း၊ ဆိပ်ဖြူနယ်ဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၅၀၀ ခန့် ဝင်ရောက်မှုရှိနေသည့်အတွက် ယခင်အပတ်ထက်အိတ် ၂၅၀( ထက်ဝက်ခန့်) ပိုမိုဝင်ရောက်မှုရှိနေကြောင်း သိရသည်။

ကြက်သွန်နီစိုက်ပျိုးထွက်ရှိရာ မကွေးတိုင်းတွင် ကုန်သည်ပွဲစားဝယ်လက်များမှ အဝယ်လျော့သွားသည့်အတွက် စားသုံးသူပြည်သူဈေးကွက်သို့ အဝင်များလာခြင်းဖြစ်ကြောင်းလည်း သိရသည်။ ပြည်ဈေးကွက်တွင် အဝင်များလာသဖြင့် ဈေးနှုန်းမှာ တစ်ပိဿာလျှင်ကျပ် ၁၀၀-၁၅၀ ခန့်ကျဆင်းသွားပြီး အဝင်လည်းများ ဈေးနှုန်းလည်း ကျဆင်းသော်လည်း အရောင်းအဝယ်မှာ သွက်မလာဘဲပုံမှန်သာရှိကြောင်းသိရသည်။ ဈေးနှုန်းများအနေဖြင့် ပြည်ပွဲရုံများတွင် (ကြီး၊လတ်၊သေး) တစ်ပိဿာကို ကျပ် ၁၀၀၀-၉၀၀-၈၀၀ စသည့်ဈေးနှုန်းများဖြင့် ရောင်းဝယ်မှုရှိနေကြောင်းသိရသည်။

**ဝင်းလှဲ့ဝါ(ပြည်)**



### တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်အတွင်း ကြက်သွန်ဖြူနှင့် ကြက်သွန်နီ ပိုမိုတင်ပို့နိုင်ခဲ့

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ် ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ ကြက်သွန်ဖြူ တန် ၃၀၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၄သန်း၊ ကြက်သွန်နီ တန် ၂၀၀၊ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၉ သန်းတင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူနှိုင်းယှဉ်ရာတွင် ယခုတစ်ပတ်၌ ကြက်သွန်ဖြူ တန် ၁၀၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၇ သန်းနှင့် ကြက်သွန်နီ တန် ၁၅၀ ၊ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၅ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

လုပ်ငန်းရှင်ကုန်သည်များအနေဖြင့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၇၀၀ နှုန်းနှင့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ နှုန်း ဝယ်ယူရပြီး တစ်ဖက် ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင် ခန့်မှန်းအမြတ်ရရှိငွေမှာ ကြက်သွန်နီ တစ်တန်လျှင်ဘတ် ၁၀၀၀ (ကျပ် ၄၉၀၀၀ ခန့်) နှင့် ကြက်သွန်ဖြူတစ်တန်လျှင် ဘတ် ၁၂၀၀ (ကျပ် ၅၈၈၀၀ ခန့်) အမြတ်ရရှိနေသဖြင့် ကြက်သွန်စိုက်တောင်သူများအတွက် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရသည်။

**စံပယ်ခိုင်**

## နှမ်း

### ပြည်ဈေးကွက်တွင် နှမ်းဈေးပြန်ကျလာ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ နှမ်းအရောင်းအဝယ် အနည်းငယ်သာဖြစ်လျက်ရှိသည်။ ရန်ကုန်၊ မန္တလေးဝယ်လက်များ ပုံမှန်ရှိသော်လည်း ပစ္စည်းလက်ကျန်နည်းသည့်အတွက် လှော်နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်နေသည်။ နှမ်းနက်နှင့် စမုံနက်နှမ်းမှာ ဈေးပြန်ကျလာပြီး နှမ်းနက်မှာ ဈေးအနည်းငယ်ပြန်မြင့်လာသည်ကို တွေ့ရသည်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၃၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၀၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် တစ်နေ့လျှင်အိတ် ၁၀၀-၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

## မန်ကျည်း

### မန်ကျည်းတန်ချိန် ၁၀၀တင်ပို့နိုင်

ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၁၀၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံသို့သာတင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က မန်ကျည်း ၂၅ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် မန်ကျည်း ၇၅ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ မန်ကျည်းတစ်တန် အမေရိကန်ဒေါ်လာ ၁၀၀ ရရှိခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

## ချင်း

### အရောင်းအဝယ်ပုံမှန်ဖြစ်နေသည့် မုံရွာချင်းဈေးကွက်

မုံရွာပွဲရုံချင်းဈေးကွက်တွင်ချင်းသစ်များစတင်ထွက်ရှိသော်လည်း လက်ကျန်ချင်းများဖြင့်သာအရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ မုံရွာဈေးကွက်တွင် ရောက်ရှိလာသောချင်းများမှာ ရှမ်းပြည်နယ်အောင်ပန်း နောင်ချိုဒေသတို့မှထွက်ရှိသောချင်းများဖြစ်ပြီး ရက်ခြား ပိဿာ ၅၀၀မှ၁၀၀၀ထိ ဝင်ရောက်မှုရှိကြောင်း သိရသည်။ ယခုတစ်ပတ် ချင်းတက်တစ်ပိဿာပေါက်ဈေးနှုန်းမှာ လက်ကားဈေး ကျပ် ၂၄၀၀၊ လက်လီဈေးကျပ် ၂၇၀၀-၂၈၀၀၊ ခားလှီးချင်းမှာတစ်ပိဿာလက်ကားဈေး ကျပ် ၂၅၀၀-၂၇၀၀၊ လက်လီဈေး ကျပ်၃၀၀၀-၃၂၀၀ နှုန်းရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်**

### ချင်းဥမ အဝင်လှိုင်ပြီး အရောင်းသွက်နေ

ပြည်ချင်း(ပွဲရုံ)များသို့ရှမ်းပြည်မှ ချင်း(ဥမ)များ ဝင်ရောက်မှုလှိုင်နေပြီး လက်ကားရောင်းဝယ်ရေးသမားတို့ဖြင့် အဆွဲများနေပြီး အရောင်းအဝယ်သွက်လျက်ရှိနေသည်။ ချင်းဥမအရည်အသွေးကောင်းသောကြောင့် လက်လီသမားများလည်း အိတ်အဆွဲများပြီး အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ်ချင်းဈေးတွေကတော့ (ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ကျပ် ၂၄၀၀ အထိဖြစ်ပြီး လက်လီဈေးများတွင် ကျပ် ၃၂၀၀ ဖြင့်ရောင်းချနေသည်။ ချင်းအစိုတစ်ပိဿာ ကျပ် ၃၅၀၀ ဖြင့်ရောင်းချလျက်ရှိသည်။

**နီနီဝင်း(ပြည်)**

### ယခုတစ်ပတ် ချင်းတင်ပို့မှုလျော့

ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း ချင်း ၃၆၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့သည်။

ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၉၇ တန်၊ အိန္ဒိယနိုင်ငံသို့ ၂၅ တန်နှင့် ပါကစ္စတန်နိုင်ငံသို့ ၄၆ တန် တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၄၀ ဝန်းကျင်ရရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၈၀ ဝန်းကျင်ရရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ပိုရကြောင်း သိရသည်။

ယခင်သီတင်းပတ်က ချင်း၆၄၇ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၂၇၉ တန် တင်ပို့မှုလျော့နည်းကြောင်း သိရသည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၅၄၀၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## နနွင်း

### အရောင်းအဝယ်ဖြစ်လာသည့် ရှမ်းနနွင်း

ယခုတစ်ပတ်တွင် ရှမ်းနနွင်းလည်းအရောင်းအဝယ်ဖြစ်လာသည်။ ပြည်တွင်းဝယ်လက်များ လည်းပုံမှန်ဝယ်ယူနေသကဲ့သို့ တရုတ်ကိုတင်ပို့ရန်အတွက် မူဆယ်ဝယ်လက်များကဝယ်ယူနေပြီး အရောင်းအဝယ်လည်းဖြစ်နေသည်။ အခု ဟိုပုံးဈေးကွက်၌ရှိနေသည့် နနွင်း(သစ်)သည် မတ်လကပေါ်ခဲ့သော နနွင်းများဖြစ်သည်။ မူဆယ် ဝယ်လက်များက ယခုတစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ငါးသောင်းခန့်ကို တစ်ပိဿာ ကျပ် ၁၅၀၀ ဖြင့် ဝယ်ယူသွားကြောင်း သိရသည်။

အောင်ပန်းဈေးကွက်၌ ဆင်တောင်နနွင်းက အနည်းငယ်အရောင်းအဝယ်ဖြစ်နေသည်။ ယခင်နှစ်များက ဆင်တောင်နနွင်းကို ပြည်ပဝယ်လက်များဝယ်ယူမှုများပြီး ဈေးကလည်းကြီးခြင်းကြောင့် အမှုန့်ကြိတ်ရန်အတွက် မဝယ်ယူနိုင်သော်လည်း ယခုနှစ်တွင် ယခုပေါက်ဈေးနှင့် အမှုန့်ကြိတ်ရန်အတွက် ဝယ်ယူမှုရှိလာသည်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးသည် ရိုးရိုးနနွင်းက ကျပ် ၁၀၀၀၊ ဆင်တောင်နနွင်းက ကျပ် ၁၈၀၀ ရှိကြောင်း သိရသည်။


**ဇေခိုင်၊ တောင်ကြီး**

### ယခုတစ်ပတ် နနွင်းတင်ပို့မှုလျော့

ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း နနွင်း ၅၆ ဒသမ ၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နနွင်း ၃၁၇ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှု နှင့်နှိုင်းယှဉ်လျှင် ၂၆၀ ဒသမ ၂တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ နနွင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၀၇ ဒေါ်လာ ဝန်းကျင်ရရှိခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၄၄၀ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

# ခယောင်းလမ်းမှ ကြက်သွန်ဖြူ



[မျိုးသူ(ကုန်သွယ်မြှင့်)]

လက်ဖက်လေးတစ်ပန်းကန် စားမည်ဆိုလျှင် ကြက်သွန်ဖြူလေးနှင့်မှ လေကျေပြီး စားကောင်းသည်ဟု ယူဆမိပါသည်။ အနံ့လေးသင်းသင်းနှင့် အရသာကောင်းသော ရှမ်းကြက်သွန်ဖြူနှင့် လက်ဖက်ကိုစားချင်သဖြင့် ရှမ်းကြက်သွန်ဖြူကို နွှာရန်ကြိုးစားမိပါသည်။ သို့ရာတွင် ရှမ်းကြက်သွန်ဖြူကန္တာရာတွင် အမြွှာသေးလေးများကြောင့် ခွာရခက်နေသဖြင့် ကြက်သွန်ဖြူမထည့်သော လက်ဖက်တစ်ပန်းကန်ကိုသာ စားခဲ့ဖြစ်သည်။ ကြက်သွန်ဖြူဟု ဆိုသည်နှင့် အရွယ်အစားသေးငယ်သော မြန်မာကြက်သွန်ဖြူနှင့် ရှမ်းကြက်သွန်ဖြူများနှင့် အမြွှာလည်းကြီးမား၊ ခွာရလည်းလွယ်ကူသော ကြူကုတ်ကြက်သွန်ဖြူများကို နှိုင်းယှဉ်မြင်ယောင်မိကြမည်သာဖြစ်ပါသည်။ မြန်မာအိမ်ရှင်မများကိုမေးကြည့်လျှင် အရသာအားနည်းသော်လည်း၊ ခွာရလွယ်ကူသောကြူကုတ်ကြက်သွန်ဖြူခေါ် တရုတ်မျိုးကြက်သွန်ဖြူများကိုသာ ဝယ်လိုကြ၊ သုံးလိုကြသည်ဟု ၁၀၀ တွင် ၉၀ က ပြောမည်ဖြစ်သည်။ မြန်မာကြက်သွန်ဖြူနှင့်ရှမ်းကြက်သွန်ဖြူများသည် အရသာကောင်းမွန်ပါလျက် အမြွှာသေးငယ်မှု၊ ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားမှုတို့ကြောင့် စီးပွားရေးအတွက်ခြေကိုက်မှုကျဆင်းပြီး တောင်သူများအနေဖြင့် တရုတ်မျိုးများ ပြောင်းလဲစိုက်ပျိုးရန် အားသန်နေသောအခြေအနေကို တွေ့မြင်နေရပါသည်။ အချို့သော ခရမ်းစွဲခေါ် ကြက်သွန်ဖြူများကိုမူ ထိုင်းနယ်စပ်တွင်ဝယ်ယူသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် စိုက်ပျိုး ထုတ်လုပ်ပြီး ထိုင်းနိုင်ငံသို့ နယ်စပ်မှ ယနေ့တိုင်ရောင်းချနိုင်လျက်ရှိပါသည်။ သို့ဖြစ်သဖြင့် ကြက်သွန်ဖြူနှင့်ပတ်သက်ပြီး မည်သို့ရှေ့ခရီးဆက်ရမည်ကို ရွေးချယ်ရန် လိုအပ်လာပြီဖြစ်သည်။

## မြန်မာနိုင်ငံ၏ ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် စိုက်ဧက ၇၀၃၄၉ ရှိပြီး အထွက်တန်ချိန် ၂၁၂၂၇၅၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် တွင် စိုက်ဧက ၆၉၆၂၆၊ အထွက်တန်ချိန် ၂၁၂၄၈၂၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၇၀၈၇၄ရှိပြီး အထွက်တန်ချိန်မှာ ၂၁၆၃၂၇ တန်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စိုက်ဧကမှာ ၆၈၄၁၉ ဧကရှိပြီး အထွက်တန်ချိန်မှာ ၂၀၆၉၄၄ တန်ရှိသည်ဟုသိရပါသည်။ အဆိုပါ လေးနှစ်စိုက်ပျိုးထုတ်လုပ်မှုကိုကြည့်လျှင် စိုက်ဧကနှင့် အထွက်မှာများစွာတိုးတက်မှုမရှိသည်ကို တွေ့နိုင်ပါသည်။ စိုက်ပျိုးမှုကို ဒေသအလိုက်ဖော်ပြရလျှင် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၉၃၃၀ ဧက၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၀၀၄၄ ဧက၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ၄၈၆၀ ဧကတို့စိုက်ပျိုးမှုရှိပြီး အခြားဒေသအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက ၁၀၀၆၀၀ စိုက်ပျိုးထားကြောင်း တွေ့ရပါသည်။ မန္တလေးနှင့် မကွေးတိုင်းဒေသကြီး၊ ကချင်၊ ကယားနှင့် ချင်းပြည်နယ်တို့တွင် ဧကထောင်ဂဏန်းငယ်မျှသာ စိုက်ပျိုးပြီး မြန်မာပြည်အောက်ပိုင်းဒေသများတွင် စိုက်ပျိုးမှုမရှိကြောင်း တွေ့ရပါသည်။ စိုက်ပျိုးသည့်ကာလမှာ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင်ဖြစ်ပြီး သက်တမ်းမှာ သုံး၊ လေးလခန့်ကြာမြင့်တတ်ပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ထွက်ပေါ်တတ်ပါသည်။

## ကြက်သွန်ဖြူ ပြည်ပတင်ပို့မှု

ကြက်သွန်ဖြူကို ၂၀၁၅-၂၀၁၆တွင် တန်ချိန် ၃၃၇၄ ဒသမ ၄၂၀ တန်၊ ၂၀၁၆-၂၀၁၇တွင် ၂၁၁၇ ဒသမ ၁၈၆တန်၊ ၂၀၁၇-၂၀၁၈ တွင် ၂၆၈၉ ဒသမ ၃၀၀ တန်၊ ဘတ်ဂျက်ငယ် ၂၀၁၈တွင် ၁၄၈၀ ဒသမ ၀၈၀ တန်နှင့် ၂၀၁၈-၂၀၁၉တွင် ပထမရှစ်လအတွင်း တန်ချိန် ၃၃၄၅ ဒသမ ၅၅၈ တန်တင်ပို့ထားသည်ကို တွေ့ရပါသည်။ အများစုမှာ ထိုင်းနိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။ ယခုနှစ်တွင် ယခင်နှစ်များကထက် ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၆၀၀နီးပါးနှင့် တရုတ်နိုင်ငံသို့ တန် ၈၀ခန့် တင်ပို့ထားသည်ကို တွေ့ရသည်။ ကြက်သွန်ဖြူတွင် ဈေးကောင်းအရဆုံးမှာ ဥတစ်လုံးကြက်သွန်ဖြူများဖြစ်ကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ဥတစ်လုံးကြက်သွန်ဖြူနှင့် ကြက်သွန်ဖြူကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ် တင်ပို့ခြင်းဖြင့် ကြက်သွန်ဖြူကို ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

## ကမ္ဘာ့ကြက်သွန်ဖြူဈေးကွက်

ကြက်သွန်ဖြူကို ကမ္ဘာပေါ်တွင် အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ်နိုင်ငံ၊ စပိန်နိုင်ငံ၊ အာဂျင်တီးနားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အီတလီနိုင်ငံ၊ ချီလီနိုင်ငံ၊ အီရတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့ဖြစ်သည်ဟု သိရပါသည်။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ ဈေးကွက်သုံးသပ်ချက်အရ ကြက်သွန်ဖြူကို တင်သွင်းသော နိုင်ငံများနှင့် ဆွဲဆောင်မှုအကောင်းဆုံးနိုင်ငံများကို သုံးသပ်တင်ပြထားချက်အား ဖော်ပြရမည်ဆိုလျှင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဘရာဇီး၊ အမေရိကန်၊ မလေးရှား၊ ဂျာမနီ၊ ရုရှား၊ ပြင်သစ်၊ နယ်သာလန်၊ အီတလီ၊ အင်္ဂလန်၊ ဂျပန်၊ ထိုင်း၊ ကနေဒါ၊ ပါကစ္စတန်၊ UAE၊ ဆော်ဒီအာရေဗီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မက္ကဆီကိုနှင့် ဖိလစ်ပိုင်နိုင်ငံ များဟူ၍ နိုင်ငံပေါင်း ၂၀ ကျော်ရှိပါသည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှာ အာဆီယံနိုင်ငံအချင်းချင်းဖြစ်သဖြင့် ပထမဦးစားပေးသင့်ပြီး ရုရှားနှင့် အီးယူနိုင်ငံများဖြစ်သော ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ အီတလီ၊ အင်္ဂလန်တို့ကိုလည်း တင်ပို့ရန် ရွေးချယ်သင့်ကြောင်း တွေ့နိုင်သည်။

အဆိုပါနိုင်ငံပေါင်း ၂၀မှာ လွန်ခဲ့သော ငါးနှစ်အတွင်း ကြက်သွန်ဖြူတင်သွင်းမှုကို တိုးချဲ့ဆောင်ရွက်ခဲ့သော နိုင်ငံများဖြစ်သဖြင့် တင်ပို့ရန် ဆက်သွယ်ဆောင်ရွက်သင့်ကြောင်း ဖော်ပြအပ်ပါသည်။

**ကြက်သွန်ဖြူကို မြန်မာနိုင်ငံမှ တင်ပို့သည့်တန်ချိန်မှာ တန် ၃၀၀၀ ကျော် သာရှိသော်လည်း ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်မှုမှာလည်း မနည်းလှသော အခြေအနေရှိပါသည်။ ဝင်ရောက်လာသော ကြက်သွန်ဖြူများမှာ ဈေးကောင်းရရှိသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း ....**

အာဆီယံနိုင်ငံများတွင် ဗီယက်နမ်သည် ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၃၀၈ သန်းကျော်ဖိုးအထိ တင်သွင်းထားပြီး ယခင်နှစ်ကထက် တိုးတက်တင်သွင်းမှုမရှိခဲ့ဘဲ ၂ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့ပါသည်။ ထိုင်းနိုင်ငံမှာ ၂၀၁၈ခုနှစ်တွင် သန်း ၄၀ ဖိုးတင်သွင်းခဲ့ပြီး ယခင်နှစ်ကထက် ၃၉ ရာခိုင်နှုန်း အထိတိုးတက်ခဲ့သဖြင့် အလွန်ချိတ်ဆက်သင့်သော ဈေးကွက်တစ်ခု ဖြစ်ပါသည်။ ထို့ပြင် ထိုင်းနိုင်ငံသို့ တာချီလိတ်မှတစ်ဆင့် တင်ပို့မှုလည်းရှိပြီးဖြစ်သဖြင့် ချိတ်ဆက်ရန် အသင့်တော်ဆုံးဈေးကွက်တစ်ခုဖြစ်သည်ဟု ဆိုချင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံသည်လည်း ၂၀၁၈ ခုနှစ်တွင် သန်း ၂၀ဖိုးအထိ တင်သွင်းထားပြီး ယခင်နှစ်ထက် ၁၆ ရာခိုင်နှုန်းအထိ ပိုမို တင်သွင်းခဲ့ကြောင်း သိရပါသည်။ အဆိုပါ ဈေးကွက်ကြီးသုံးခုသည်ကြက်သွန်ဖြူအတွက်တင်ပို့ရန်အသင့်တော် ဆုံးဈေးကွက်များအဖြစ် ဆက်သွယ်ဆောင်ရွက်သင့်ပါသည်။

အီးယူဈေးကွက်မှာ မြန်မာနိုင်ငံနှင့် အဆက်အသွယ်အများဆုံးရှိသော ဈေးကွက်ဖြစ်ပြီး ဂျီအက်စ်ပီအခွင့်အရေးရရှိထားသော နိုင်ငံဖြစ်သဖြင့် အခြားကုန်စည်များ ရောင်းချနေသော ဈေးကွက်တစ်ခုဖြစ်သဖြင့် ရောင်းချသင့်ကြောင်း အကြံပြုထားပါသည်။ ဂျာမနီနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၈ သန်းအထိ တင်သွင်းထားပြီး ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ထက်ပင် များပြားသည်ကို တွေ့နိုင်ပါသည်။ ယခင်နှစ်ကထက်လည်း ၁၈ ရာခိုင်နှုန်းတိုးတက်တင်သွင်းသည်ကို တွေ့ရပါသည်။ အင်္ဂလန်နိုင်ငံသည်လည်း လက်ရှိတွင် အီးယူနိုင်ငံအုပ်စုထဲတွင် ပါဝင်နေသေးပြီး ၂၀၁၈ ခုနှစ်တွင် သန်းပေါင်း ၅၃ အထိ တင်သွင်းထားပြီး ထိုင်းနှင့် ဖိလစ်ပိုင်ထက်များသည်ကိုတွေ့ရပါသည်။ သို့ဖြစ်၍ အီးယူတွင် ဂျာမနီပြီးလျှင် တင်ပို့သင့်သောနိုင်ငံမှာ အင်္ဂလန်ဖြစ်ပါသည်။ အင်္ဂလန်သည် ယခင်နှစ်ကထက်လည်း ၁၉ ရာခိုင်နှုန်း ပိုမိုတင်သွင်း ထားသည်ကိုတွေ့ရပါသည်။ နိုင်ငံတစ်ခုလျှင် တန်တစ်ထောင်တင်ပို့နိုင်သည် ဆိုလျှင်ပင် အဆိုပါ ၆ နိုင်ငံကို တန် ၆၀၀၀ တင်ပို့နိုင်မည့် အလားအလာ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

## စိန်ခေါ်မှုများ

ရှမ်းကြက်သွန်ဖြူများသည် တဖြည်းဖြည်း အမြွှာများသေးလာပြီး အရွယ်အစားလည်း သေးငယ်လာသဖြင့် တောင်သူများက တွက်ခြေမကိုက်ကြောင်း ပြောဆိုမှုများနှင့် စိုက်ပျိုးမှုအပေါ် အလေးထားဂရုစိုက်မှုလျော့ကျလာသဖြင့် အထွက်နှုန်းလည်းနည်းပါးလာသည်ဟု ဆိုနိုင်ပါသည်။ တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း မြင့်မားလာပြီး အထွက်နှုန်းနှင့် အရွယ်အစားသေးငယ်ပြီး ဈေးမရသဖြင့် စိုက်ပျိုးမှုကိုအဖြစ်သာ လုပ်တော့ကြောင်း သိရသည်။ အဆိုပါအဖြစ်ကြောင့်ဈေးနှုန်းနှင့် စိုက်ပျိုးမှု အနည်းအများသည် သံသရာလည်နေပြီး တိုးတက်မှုမရှိတော့သည်ကို တွေ့နေရသည်။ တောင်သူအချို့မှလည်း ကြူကုတ်ကြက်သွန်ဖြူမျိုးများ စိုက်ပျိုး ထုတ်လုပ်နိုင်ရန် မျိုးတောင်းခံမှုများရှိလာသည်ကို တွေ့ကြုံနေရသည်။ ထွက်ရှိလာသည့် ကြက်သွန်ဖြူများသည် အရွယ်အစားသေးငယ်ပြီး အမြွှာများနေခြင်း၊ အထွက်နှုန်းနည်းပါးခြင်း၊ တစ်ဧက ကုန်ကျစရိတ် များပြားခြင်း၊ (စိုက်ပျိုးရေးမှဖော်ပြချက်တွင် တစ်ဧက ၉၈၂၀၀၀ ကျပ်ခန့်)ကုန်ကျကြောင်း သိရပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေး၏ မှတ်တမ်းအရ ၇၁၀၀၀၀ ကျပ်ခန့်ကုန်ကျသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ တစ်ပိဿာအတွက် အရင်းငွေသည် ကျပ် ၄၀၀ မှ ၆၀၀ခန့်ကြားတွင် ရှိသည်ဟု ဆိုနိုင်ပါသည်။ လယ်ယာကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ တောင်သူများမှ ထွက်ရှိသည့်ကြက်သွန်ဖြူအရွယ်အစားကို မကြိုက်နှစ်သက် သဖြင့် ဈေးကွက်ဝင်မျိုးကိုပြောင်းလိုခြင်း၊ ပြည်တွင်းဈေးနှုန်း မတည်ငြိမ်ခြင်းတို့သည် အရေးကြီးသော စိန်ခေါ်မှုများဖြစ်ပါသည်။ ကြက်သွန်ဖြူကို မြန်မာနိုင်ငံမှ တင်ပို့သည့်တန်ချိန်မှာ တန် ၃၀၀၀ ကျော်သာရှိသော်လည်း ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်မှုမှာလည်း မနည်းလှသော အခြေအနေရှိပါသည်။ ဝင်ရောက်လာသော ကြက်သွန်ဖြူများမှာ အမြွှာကြီးမားသဖြင့် ဈေးကောင်းရရှိသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း အရောင်းအဝယ်သွက်သည်ကိုတွေ့နေရပါသည်။

စာမျက်နှာ ၁၇ သို့

## ယခုတစ်ပတ် ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပို

ဇူလိုင် ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၉၄၅၉၇၇ တန်ဖိုးရှိ ဓာတ်ဆီ ၅၉၇၈၁ ဒသမ ၇၂ တန်နှင့် အမေရိကန်ဒေါ်လာ ၂၂၆၆၃၇၀၄ တန်ဖိုးရှိ ဒီဇယ် ၃၆၉၇၇ ဒသမ ၈၉ တန်၊ စုစုပေါင်း ၉၆၇၅၉ ဒသမ ၆၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဒီဇယ် ၆၀၁၃၃ ဒသမ ၀၁ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခု တစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၂၃၁၅၅ ဒသမ ၁၂ တန် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့သည့် ဓာတ်ဆီတန်ချိန် ၂၈၃၅၄ ဒသမ ၃၀ တန်နှင့်နှိုင်းယှဉ်လျှင် ၃၁၄၂၇ ဒသမ ၄၂ တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပိုခဲ့ကြောင်း သိရသည်။နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၅၂၇၈၈ တန်ဖိုးရှိ ဒီဇယ် ၈၂၂ ဒသမ ၁၀ တန်နှင့် အမေရိကန်ဒေါ်လာ ၃၉၈၇၀၅ တန်ဖိုးရှိ ဓာတ်ဆီ ၈၀၉ ဒသမ ၂၇ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## တည်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ်(ပိဿာ) ကျပ် ၆၇၀ မှ ၁၃၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၄၀၀ မှ ၆၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၄၀၀ မှ ၅၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၉၀၀ မှ ၁၀၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀ မှ ၁၈၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၇၅၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၅၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်) ကျပ် ၁၂၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ)(ပိဿာ) ကျပ် ၈၅၀ မှ ၁၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၂၂၀၀ မှ ၂၃၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၃၅၀၀၊ ချင်း(ပိဿာ)ကျပ် ၃၀၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၁၀၀၊ ရုံးပတီသီး(တောင့်) ကျပ် ၅ မှ ၁၅ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၄၀ မှ ၆၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၂၀ မှ ၂၀၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၂၀ မှ ၄၀ အတွင်း၊ ပဲသီး (စီး) ကျပ်၃၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၁၂၀၀ မှ ၁၈၀၀ အတွင်း၊ နာနတ်သီး(လုံး) ကျပ် ၃၀၀ မှ ၆၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး)တစ်တောင်းကျပ် ၉၀၀၀ မှ ၁၃၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/လတ်) တစ်တောင်း ကျပ် ၁၃၀၀၀ မှ ၁၅၀၀၀အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/ကြီး) တစ်တောင်း ကျပ် ၁၈၀၀၀ မှ ၂၅၀၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။ ယခုရက်သတ္တပတ်အတွင်း ကြက်သွန်နီ(ဆိပ်ဖြူ)၊ ကြက်သွန်ဖြူ(ရှမ်း)၊ ချင်းနှင့် ငရုတ်သီးစိမ်း(ကျောက်စိမ်း)တို့မှာ အနည်းငယ်ဈေးတက်နေခဲ့ပြီး နာနတ်သီး နှင့်သရက်သီး(ရင်ကွဲ)ဈေးနှုန်းများ ကျဆင်းနေကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## Energy NYMEX 2-8-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 55.03 | 1.08 | 2.00 |
| Brent Crude Futr (USD/bbl) | 62.01 | 1.51 | 2.50 |
| Gasoline Rbob Fut (Cent/gal) | 177.23 | 2.24 | 1.28 |
| Natural Gas Futr (USD/MMBtu) | 2.18 | -0.02 | -1.00 |
| Heating Oil Futr (Cent/gal) | 188.68 | 3.39 | 1.83 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 29-July | 16.35 | 2442.69 | 1775.76 | 5947.71 | 865.00 |
| 30-July | 16.39 | 2474.65 | 1777.75 | 5993.56 | 878.00 |
| 31-July | 16.47 | 2454.82 | 1781.93 | 5937.58 | 875.00 |
| 1-August | 16.06 | 2418.67 | 1764.30 | 5891.95 | 851.00 |
| 2-August | 16.19 | 2378.12 | 1756.59 | 5811.95 | 851.00 |

## ပြည်တွင်းငွေလဲနှုန်း ဈေးအနည်းငယ်တက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းအနည်းငယ်တက်လာခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှစုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်တစ်ပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၁ကျပ်မှ ယခုရက်သတ္တပတ်တွင် ၁၅၁၂ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာမှာ အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ရောင်းလိုအားများနေပြီး ဝယ်လိုအားနည်းခဲ့ကြောင်း၊ နိုင်ငံတကာတွင်လည်း အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချခဲ့ခြင်း၊ ကုန်သွယ်ရေးပဋိပက္ခနှင့် မြောက်ကိုရီးယားဒုံးကျည် စမ်းသပ်မှုများက နိုင်ငံတကာစီးပွားရေးလောကအတွင်း အကျပ်အတည်းများကိုဖြစ်ပေါ်စေလာကြောင်း၊ အခြား တစ်ဖက်တွင်လည်း ရွှေမှာ ဈေးအဆမတန်မြင့်တက်နေခြင်းကြောင့် အမေရိကန်ဒေါ်လာကို လူကြိုက်နည်းနေသေးကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း ဈေးတက်နိုင်မည့်အလားအလာနည်းသေးကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇူလိုင် ၂၉ရက်ကအမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၀ကျပ်၊ ဝယ်ဈေး ၁၅၀၆ ကျပ်မှ ဇူလိုင်၃၁ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၃ကျပ်၊ ဝယ်ဈေး ၁၅၀၉ကျပ်သို့ဈေးမြင့်ခဲ့သော် လည်း ဩဂုတ် ၂ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၂ကျပ်၊ ဝယ်ဈေး ၁၅၀၈ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေး ထပ်မံမြင့်တက်

ပြည်တွင်းရွှေဈေးနှုန်းနှင့် နိုင်ငံတကာရွှေဈေးမှာ ယခုတစ်ပတ်အတွင်း ဈေးထပ်မံမြင့်တက်ခဲ့သည်။ ယခင်ရက်သတ္တပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၄၇၀၀၀ရှိခဲ့ရာမှ ယခုရက်သတ္တပတ်မှာတော့ ကျပ်၁၁၅၁၀၀၀ သို့မြင့်တက်ခဲ့ခြင်းဖြစ်သည်။

“အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နောက်ထပ် တရုတ်ကုန်စည် အမေရိကန်ဒေါ်လာ ၃၀၀ဘီလျံဖိုးအပေါ် ထပ်တိုးခွန် ၁၀ရာခိုင်နှုန်းချမှတ်မယ်လို့ ကြေညာချိန်မှာပဲ ရွှေကတစ်ရှိန်ထိုးပြန်တက်သွားတယ်။ နောက်ပြီး ဗြိတိန်ကလည်းဝန်ကြီးချုပ်သစ်တက်လာသလို သုံးလအတွင်း အီးယူကထွက်ကိုထွက်မယ်လို့ ကြေညာတာလည်းရှိတော့ ရွှေကို ပင့်တင်လိုက်သလိုဖြစ်သွားတယ်။ ကမ္ဘာ့စီးပွားရေးလောကမှာလည်း အကျပ်အတည်းဖြစ်နေချိန်မှာမြောက်ကိုရီးယား ဒုံးကျည်အရေးအခင်းကလည်း ရှိလာတယ်။ ဒါတွေက ဒီတစ်ပတ်အတွင်း ရွှေဈေးကိုသက်ရောက်စေခဲ့တာတွေပါ။ ပြည်တွင်းဈေးကွက်ကတော့ အရောင်းအဝယ်သိပ်မရှိပေမယ့် ဈေးက မြင့်တက်နေတုန်းပဲ။ မိုးတွင်းကာလလည်းဖြစ်နေပေမယ့် နိုင်ငံတကာရွှေဈေးနဲ့ယှဉ်ပြီး တက်ရိပ်ပြနေတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၂၉ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၄၇၀၀၀ရှိခဲ့ရာမှ ဇူလိုင် ၃၁ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၄၃၀၀၀သို့ ကျဆင်းခဲ့ပေမယ့် ဩဂုတ် ၂ရက်တွင် ကျပ်၁၁၅၁၀၀၀ဖြင့် ဈေးပြန်လည်မြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်း ဇူလိုင် ၂၉ရက်က ရွှေတစ်အောင်စလျှင် အမေရိ ကန်ဒေါ်လာ ၁၄၂၀ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၃၁ ရက်တွင်တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ၁၄၀၇ဒေါ်လာရှိခဲ့ပေမယ့် ဩဂုတ် ၂ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၃၉ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**သန်းထိုက်အောင်**

## YSX EXPO 2019 စက်တင်ဘာ ၁ရက်တွင် ပြုလုပ်မည်

ရန်ကုန်စတော့အိတ်ချိန်းက ကြီးမှူး ကျင်းပမည့် YSX EXPO 2019 ကို စက်တင်ဘာ ၁ရက်တွင် ရန်ကုန် မြို့ရှိ Novotel Yangon Max Hotel၌ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အခမ်းအနားအတွင်း ပြခန်း (Exhibition Booth)များ ပါဝင်ပြသပေးမည့်အပြင် အခြားသော စတော့ရှယ်ယာနှင့် ပတ်သက်သော ဗဟုသုတများကို မျှဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စတော့ရှယ်ယာဈေးကွက်ကို စိတ်ပါဝင်စားသူများအတွက် Securities အကောင့်များ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ကံစမ်းမဲများစွာကိုလည်း ပါဝင်ကံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ အစုရှယ်ယာဈေးကွက်ကို စိတ်ပါဝင်စားသူများအားလုံး ပါဝင်တက်ရောက်နိုင်ပြီး တက်ရောက်ရန် စာရင်းပေးသွင်းလိုပါက http://ysxexpo 2019.ysx-mm.com(သို့) ဖုန်း-၀၉ ၄၄၂၇ ၃၉၇၉၇၊ ၀၁- ၃၇၁၂၇၄(သို့) YSX FB Messenger မှတစ်ဆင့်ဆက် သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ယခုအခမ်းအနားတွင် Diamond Sponserမှာ MTSH, MCB, MSEC, CB Securities,MAEX တို့ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Groupတို့ပူးပေါင်းတည်ထောင်ခဲ့သည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် FMI,MTSH, MCB, FPBနှင့် TMHအစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

August 2, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.46 |
| BDT Bangladesh Taka | 84.13 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.91 |
| EUR Euro | 0.90 |
| H KDHong Kong Dollars | 7.82 |
| I NR India Rupees | 69.42 |
| I DR Indonesia Rupiahs | 14204.41 |
| JPY Japan Yen | 106.98 |
| MYR Malaysia | 4.15 |
| PKR Pakistan Rupees | 160.62 |
| PHP Philippines Pesos | 51.32 |
| RUB Russia Rubles | 64.40 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1198.51 |
| LKR Sri Lanka Rupe | 176.60 |
| THB Thailand Baht | 30.84 |
| GBP United Kingdom Pounds | 0.82 |
| VND VietnamDon | 23228.04 |

*Source:xe.com*

## World Gold Price

July- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 29 | 1422 | 1421 | 1421 |
| 30 | 1429 | 1427 | 1428 |
| 31 | 1436 | 1433 | 1434 |
| 1 | 1410 | 1409 | 1409 |
| 2 | 1439 | 1439 | 1437 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 29-7- 2019 | 1148.00 | 1147.50 |
| 30-7- 2019 | 1148.50 | 1148.00 |
| 31-7- 2019 | 1149.00 | 1149.30 |
| 1-8- 2019 | 1143.00 | 1143.00 |
| 2-8- 2019 | 1151.50 | 1151.40 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 29 | 6.89 | 30.86 | 84.47 | 68.74 |
| 30 | 6.89 | 30.82 | 84.42 | 68.74 |
| 31 | 6.88 | 30.77 | 84.41 | 68.87 |
| 1 | 6.89 | 30.85 | 85.03 | 69.05 |
| 2 | 6.91 | 30.84 | 84.13 | 69.42 |

## ဘိလပ်မြေ

# ရေလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပို

ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၄၄၄၀ တန်ဖိုးရှိ ဘိလပ်မြေ ၈၇၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၄၃၀ နှင့်တရုတ်နိုင်ငံမှ ၄၄၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၂၃၈၅၀ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၂၂၉၇၂ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၈၅၉၀ကျော်ရှိခဲ့ပြီးယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၄၂၃၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၄၃၅၀ ကျော် အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ်ပါးကြောင်းသိရသည်။ အရောင်းပါးသလို ဈေးလည်း နည်းနည်းကျလာကြောင်း သိရသည်။ ယခုတစ်ပတ် အပါချီက ကျပ် ၁၀၀၊ ကြံ့က ကျပ် ၂၀၀ ဈေးကျလာပြီး ဈေးကွက်ထဲ စိန်နှင့်ဆင်က ပစ္စည်းပြတ်နေပြီး ကမ္ဘောဇက ဈေးကွက်ထဲ ပြန်ဝင်လာကြောင်း သိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၇၀၀၊ ကမ္ဘောဇ ကျပ် ၆၇၀၀၊ ဆင်(ထိုင်း) ကျပ် ၇၈၀၀၊ ကြံ့ကျပ် ၅၇၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌**ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ် အယ်လ်ဖာဘိလပ်မြေက ကျပ် ၂၀၀ ဈေးမြင့်လာပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ခရောင်း(၅၂၅)ကျပ် ၅၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အချို့နေရာမိုးများနေသောကြောင့် အရောင်းအဝယ်ပါးကြောင်းသိရသည်။ မိုးတွင်းကာလမှာ ယခုလို အရောင်းထိုင်းတတ်ပြီး မိုးပါးသောနေ့ရက်များတွင် နည်းနည်းအရောင်းသွက်ကြောင်း အိမ်ဆောက်ပစ္စည်းဆိုင်မှဝန်ထမ်းတစ်ဦးက ပြောသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၆၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၇၅၀၊ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# တန်ချိန် နှစ်သောင်းကျော် ပိုမိုတင်ပို့နိုင်သည့် ရက်သတ္တပတ်

ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၈၈၈၀၉၉ ကျော်တန်ဖိုးရှိ မြေဩဇာ ၃၀၃၀၈ ဒသမ ၂၃၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၂၁၁၄ ဒသမ ၁၆ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ ချီလီနိုင်ငံမှ တန်ချိန် ၅၀၊ တရုတ်နိုင်ငံမှ ၂၅၈၂ ဒသမ ၁၀ တန်၊ အီဂျစ်နိုင်ငံမှ ၁၀၆၈ ဒသမ ၀၀၁ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၂၂၀၊ အီရန်နိုင်ငံမှ ၁၉၈၆၀ ဒသမ ၃၂၉ တန်၊ မလေးရှားနိုင်ငံမှ သုည ဒသမ ၀၀၃၅ တန်၊ နော်ဝေနိုင်ငံမှ ၂၉၇ ဒသမ ၃၇တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၃၁ ဒသမ ၄၈ တန်၊ ထိုင်းနိုင်ငံမှ ၈၆၅ ဒသမ ၆၃တန်၊ တာ့ခ်မေးနစ္စတန်နိုင်ငံမှ ၂၀၉ ဒသမ ၁၆ တန်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၁၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် အီရန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ် တင်သွင်းခဲ့သည့် အမျိုးအစားများမှာ ပိုတက်၊ ပိုတက်ဆီယမ်နိုက်တြိတ်၊ ယူရီးယား(၄၆%)၊ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း(၁၄း၂၀း၂၀)၊ ကွန်ပေါင်း (၆း၁၈း၂၄)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)နှင့် အော်ဂဲနစ်တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာအဝင်မှာ တန်ချိန် ၈၄၀၀ ကျော်သာရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၁၉၀၀ ကျော်ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

# တောင်ကြီးမြေဩဇာဈေးကွက် အရောင်းအေး

ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန် ၁၇၁၅၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၃၄၇၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၃၆၇၀ ကျော်အဝင်ပိုကြောင်းသိရ သည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် တောင်ကြီးနှင့်မန္တလေးတွင် အရောင်းပုံမှန်ရှိပြီး မကွေးနှင့်မော်လမြိုင်မှာ အရောင်းအေးကြောင်း သိရသည်။

**မန္တလေးဈေးကွက်၌** မြေဩဇာအရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် တီစူပါ(၄၆%)က ကျပ် ၃၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၇၀၀၊ ပိုတက်က ကျပ် ၅၀၀ ဈေးလျော့ပြီး ပန်းသီးစုံက ကျပ် ၁၀၀၊ အာမို (၁၅း၁၅း၁၅)က ကျပ် ၂၀၀နှင့် ပိုတက်က ကျပ် ၅၀၀ ဈေးမြင့်ကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၃၂၀၀၊ မြွေးသီးစုံ ကျပ် ၁၇၅၀၀၊ ပန်းသီးစုံ ကျပ် ၁၇၆၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ ပိုတက် ကျပ် ၂၇၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**တောင်ကြီးဈေးကွက်၌** ယူရီးယား-ပုလဲမြေဩဇာများက အရောင်းသွက်ပြီး တီစူပါအုပ်စုမြေဩဇာများက အရောင်းပါးကြောင်းသိရသည်။ ယခုတစ်ပတ် တီစူပါ (၂၀%)က ကျပ် ၄၀၀၊ ပိုတက်က ကျပ် ၅၀၀ဈေးလျော့ပြီး တီစူပါ(၁၀း၁၀း၅)နှင့် မြွေးကမ္ဘာက ကျပ် ၁၀၀ ဈေးမြင့်လာကြောင်းသိရသည်။ ဈေးကွက်ထဲ ပုလဲ(မြင်းပျံ) တံဆိပ်ပစ္စည်းသစ်ဝင်လာကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၃၀၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၅၂၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၇၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြွေးကမ္ဘာကျပ် ၁၈၇၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်အေးကြောင်း သိရသည်။ ယခင်တစ်ပတ်က ဈေးအတက်အကျဖြစ်ခဲ့သော်လည်း ယခုတစ်ပတ်မှာတော့ ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွေးကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၈၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၆၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၈၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၈၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၁၅၀၀၊ မြွေးကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၀၀၀၊ တီစူပါက ကျပ် ၂၆၃၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀၊ တက်တိုး ကျပ် ၂၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီတန်ချိန် ၄၀၀ကျော်နှင့် နို့မှုန့်တန်ချိန် ၁၀၀ကျော် တင်သွင်း

ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၁၆၀၀၀ တန်ဖိုးရှိနို့ဆီ ၄၃၇ ဒသမ ၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ ဒွန်းနှင့် အိုကေတို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီ၁၇၃ ဒသမ ၆၂၈ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၂၆၄ ဒသမ ၁၃၂ တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ၃၂၆၄၉၃ တန်ဖိုးရှိနို့မှုန့် ၁၀၈ ဒသမ ၇၆တန် တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၁၀၀ ဒသမ ၆၀ တန်၊ ပြင်သစ်နိုင်ငံမှ ၂ ဒသမ ၁၆ တန်နှင့် ဩစတြေးလျနိုင်ငံမှ ၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၆ ဒသမ ၄၀ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၇ မှ ၂၆/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၇ မှ ၁၉/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၅.၇၅ | ၃၂.၇၅ | (+) | ၅၃.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၈၀.၀၀ | - | (+) | ၈၀.၀၀ |
| ၅။ | တာချီလိတ် | ၇၃၀၀.၀၀ | ၁၃၀၀.၀၀ | (+) | ၆၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၀၀.၀၀ | ၅၀.၀၀ | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၁၀၂၅.၀၀ | ၂၈၅၀.၀၀ | (-) | ၁၈၂၅.၀၀ |
| | စုစုပေါင်း | ၈၅၉၀.၇၅ | ၄၂၃၂.၇၅ | (+) | ၄၃၅၈.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၇ မှ ၂၆/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၇ မှ ၁၉/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၆၃.၄၀ | ၂၇၀၀.၉၅ | (+) | ၆၂.၄၅ |
| ၂။ | လွယ်ဂျယ် | ၆၂၉.၄၀ | ၄၀၀.၀၀ | (+) | ၂၂၉.၄၀ |
| ၃။ | ချင်းရွှေဟော် | ၈၁၁၅.၆၅ | ၇၅၂၉.၅၅ | (+) | ၅၈၆.၁၀ |
| ၄။ | ကန်ပိုက်တီ | ၃၃၉၂.၀၀ | ၂၂၄၃.၀၀ | (+) | ၁၁၄၉.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၁၇၅.၀၀ | - | (+) | ၁၇၅.၀၀ |
| ၈။ | ရိဒ် | ၂၀၅၀.၀၀ | ၆၀၀.၀၀ | (+) | ၁၄၅၀.၀၀ |
| ၉။ | တမူး | ၂၅.၀၀ | - | (+) | ၂၅.၀၀ |
| | စုစုပေါင်း | ၁၇၁၅၀.၄၅ | ၁၃၄၇၃.၅၀ | (+) | ၃၆၇၆.၉၅ |

ခင်မိုးသူ



## စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း ရှမ်းပြည်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံ

စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် (CICC) ရုံး အစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးမှုကို ဇူလိုင် ၂၃ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်ကတော့ ရှမ်းပြည်နယ်ဒေသအတွင်းမှ စိုက်ပျိုးထွက်ရှိသော အသီးအနှံများ၊ သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်များ ပြည်တွင်/ ပြည်ပဈေးနှုန်း ချိတ်ဆက်နေမှုအခြေအနေများ၊ အစုအဖွဲ့နှင့် အသင်းများ၏ အားသာချက်/ အားနည်းချက်အခြေအနေများကို သိရှိနိုင်ရန်၊ ရှင်သန်မှုအားနည်းနေသော အသင်းအဖွဲ့များကို အကြံဉာဏ်များပေးနိုင်ရန်၊ သီးနှံ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးသည်မှ တင်ပို့ရောင်းချသည့်ကဏ္ဍများအထိ Supply Chain တစ်လျှောက်လုံးတွင် ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကျင့်သုံးသွားရေး၊ ထွက်ရှိပြီးနောက်ပိုင်း( Post Harvest )အပိုင်းတွင် နည်းစနစ်တကျဆောင်ရွက်နိုင်ရေး၊အအေးခန်း သိုလှောင်ရုံး(Cold Storage)များဆောက်လုပ်၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ သိုလှောင်ထိန်းသိမ်းဆောင်ရွက်သွားရေးတို့အတွက် ဖြစ်သည်။

အစည်းအဝေးသို့ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ပဲ၊ ပြောင်း၊ နှမ်းအသင်း၊ ကြက်သွန်ဖြူအသင်း၊ လက်လီရောင်းချသူများအသင်း၊ဆီလုပ်ငန်းရှင်များအသင်း၊ ဆန်စပါးအသင်း၊သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်တင်ပို့ရောင်းချသူများအသင်း၊ ကုန်စည်ဒိုင်(တောင်ကြီး)မှ အသင်းဝင်များ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က အသင်းအဖွဲ့များမှ မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် မပြတ်တွေ့ဆုံဆွေးနွေးသွားကြရေး၊ ကဏ္ဍအလိုက်အထွက်နှုန်းတိုးတက်အောင် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ စိုက်ပျိုးသူတောင်သူနှင့်ကုန်သည်အသင်းအဖွဲ့များသည် ကျွန်းကိုင်မှီကိုင်းကျွန်းမှီ ရပ်တည်နေကြသည့်အတွက် အပြန်အလှန် ကူညီရိုင်းပင်းရေး၊ အခက်အခဲနှင့်စိန်ခေါ်မှုများကို ပူးပေါင်းတိုင်ပင်ဖြေရှင်းသွားကြရန် ပြောကြားခဲ့သည်။

**စောမောင်(တောင်ကြီး)**

## တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့ အသီးအနှံများ တိုးချဲ့တင်ပို့ရန် ကြိုးပမ်းနေ ပိုးမွှားသတ်သည့်စက်များ အဆင်သင့်မဖြစ်သေး၍ နှစ်နှစ်ခန့် ကြာဦးမည်

တောင်ကိုရီးယားနိုင်ငံနှင့်ဂျပန်နိုင်ငံတို့သို့ အသီးအနှံများနှင့် ပို့ကုန်အမယ်သစ် ၁၀ မျိုးတိုးချဲ့တင်ပို့ရန် ကြိုးစားနေသော်လည်း သစ်သီးဝလံနှင့်ပန်းမန်များအား ရေနွေးငွေ့ဖြင့် ပိုးမွှားသန့်စင်သည့် စက်များအဆင်သင့်မဖြစ်သေးသဖြင့် နှစ်နှစ်ခန့်ကြာမြင့်ဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ဩဂုတ် ၂ ရက်တွင် ပြောသည်။

တောင်ကိုရီးယားနိုင်ငံနှင့်ဂျပန်နိုင်ငံသို့ ပို့ကုန်အသစ်များ တိုးချဲ့တင်ပို့ရန်ကြိုးစားနေသော်လည်း ယင်းနိုင်ငံများသည် ရေနွေးငွေ့ဖြင့် ပိုးမွှားသန့်စင်ထားမှသာ တင်သွင်းခွင့်ပြုသဖြင့် ထိုစက်များသည် ဈေးများလွန်းသဖြင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များအနေဖြင့် ဝယ်ယူရန် အဆင်သင့်မဖြစ်သေးသောကြောင့် နှစ်နှစ်ခန့်အချိန်ယူရဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

“တောင်ကိုရီးယားနဲ့ဂျပန်နိုင်ငံတို့ကိုတင်ပို့ဖို့က သူတို့က စည်းကမ်းချက်တွေအများကြီးရှိတယ်။ ပိုးမွှားသတ်တဲ့စနစ်ဆိုလည်း ရေနွေးငွေ့နဲ့သတ်မှသူတို့လက်ခံတာ။ အဲဒီစက်တွေရဲ့တန်ဖိုးကလည်း အရမ်းကြီးတယ်။ ဒေါ်လာသန်းနဲ့ချီရှိတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့အလွယ်တကူ မဝယ်နိုင်ဘူး။ တောင်ကိုရီးယားနဲ့ဂျပန်တို့ကို တင်ပို့ဖို့က နောက်နှစ်နှစ်လောက်တော့ အချိန်ယူရဦးမှာ”ဟု ဦးစိုးသန်းမင်းဒင်က ပြောသည်။

လက်ရှိအချိန်တွင်မြန်မာနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံသို့ နှမ်းနက်နှင့် ကဏန်းတို့ကို အဓိကထား၍တင်ပို့နေပြီး မြန်မာပို့ကုန်များအဖြစ် ဆန်၊သရက်သီးနှင့် အခြားအသီးအနှံများကို တင်ပို့ရန် ကြိုးစားနေကာ UMFCCIနှင့် Korea Myanmar Resarch Association တို့ဆွေးနွေးလျက်ရှိကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရသည်။

“တောင်ကိုရီးယားနဲ့ဂျပန်ပဲ ဒီစနစ်ကိုအဓိကသုံးတာ။ တခြားတိုင်းပြည်မှာ ဒီလိုမျိုးတွေသိပ် မတွေ့ရဘူး။ သိပ်မတင်းကျပ်ထားဘူး။ဒီမှာလည်းဒီစက်နဲ့ပတ်သက်ပြီး JICA က လာပြီး စမ်းသပ်နေတဲ့စက်တွေပဲ ရှိသေးတယ်။ စက်တွေကအရမ်းဈေးကြီးတော့ ဝယ်တဲ့လူဘက်ကလာထားမှ အဆင်ပြေမှာ” ဟု ဦးစိုးသန်းမင်းဒင်က ပြောသည်။လက်ရှိတွင် မြန်မာနိုင်ငံက ထွက်ရှိသည့် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များကို တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့နိုင်ရန်ကြိုးစားလျက်ရှိပြီး စင်ကာပူနိုင်ငံသို့သရက်သီးများကိုတင်ပို့နေပြီး သရက်သီးအနှစ်အနေဖြင့် ရုရှားနိုင်ငံသို့တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရသည်။

**ပန်းဆု**

### ပြည်တွင်းဆီဈေးနှုန်းများ (၂-၈-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၂၀၀ | ၇၂၀၀ | △ | ၆၈၀၀ | ၇၅၀၀ | △ | ၁၆၀၀ | ၁၇၀၀ | △ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၈၅၀၀ | △ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၇၅၀ | ၁၇၀၀ | ▽ |
| မကွေး | ၇၀၀၀ | ၇၂၀၀ | △ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၆၅၀ | ▽ |
| မုံရွာ | ၆၈၀၀ | ၆၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂-၈-၂၀၁၉ US$/Ton

| အမျိုးအစား | ဇူလိုင်တတိယပတ် | ဇူလိုင်စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၈၆.၅၀ | - | □ |
| RBD P.Olein | ၄၉၃.၅၀ | ၄၉၀.၅၀ | ▽ |
| RBD P.Stearin | ၄၇၁.၀၀ | - | △ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂-၈-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၅၉.၇၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၈၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၇.၀၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၁.၄၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၂ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၄၉၉.၇၂၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂-၈-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 550 ဒေါ်လာနှင့် USD ဈေး ၁၅၁၃ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂-၈-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၃ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မတ်ပဲတင်ပို့မှု ယခင်တစ်ပတ်ထက် ပိုမို

ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၆၇၅၉ ဒသမ ၅၆၄၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၂၈၅၂၂၆ ဒသမ ၇၉ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သော နိုင်ငံများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊အင်ဒိုနီးရှား၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျပန်၊ တောင်အာဖရိက၊ နီပေါ၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ဖြစ်ကြသည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး တန်ချိန် ၁၄၆၉၁ ဒသမ ၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၉၂၂၀၃၇ ဒသမ ၉၆ ဖြစ်၍ အနည်းဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ တောင်အာဖရိကနိုင်ငံဖြစ်ပြီး တန်ချိန် ၁၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၇၅၀ ဖြစ်ကြောင်း သိရသည်။

ယခင်တစ်ပတ် ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၈၃၆၃ ဒသမ ၇၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂၇၆၄၄ ဒသမ ၅၃ ဖြစ်၍ ယခုတစ်ပတ်တွင် ယခင်တစ်ပတ်ထက် တန်ချိန် ၈၃၉၅ ဒသမ ၈၄၄ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀၀၈၇၈၂ ဒသမ ၂၆ ပိုမိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်ကတင်ပို့ခဲ့သော ထိုင်းနှင့် ဗီယက်နမ်သို့ တင်ပို့နိုင်ခဲ့ခြင်းမရှိဘဲ အင်ဒိုနီးရှား၊ ဂျပန်၊ နီပေါ၊ တောင်အာဖရိကနှင့် အမေရိကန်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ မတ်ပဲတစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၆၃၀ ရရှိခဲ့ပြီး ယခင်တစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၆၁၄ ခန့်သာ ရရှိခဲ့၍ ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၆ခန့် ကျဆင်းခဲ့ကြောင်း သိရသည်။ **စန်းစန်းမော်၊(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# ဈေးအနည်းငယ်မြင့်လာသည့် အောင်ပန်းအာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ် အောင်ပန်းမြို့နှင့် ဟဲဟိုးမြို့မှ အာလူးများဝင်ရောက်လျက်ရှိပြီး ဇူလိုင် ၂၉ ရက်မှစ၍ ဟဲဟိုးမြို့မှအာလူးဝင်ရောက်မှုမရှိဘဲ အောင်ပန်းမြို့မှသာ ဝင်ရောက်မှုရှိခဲ့သည်။ ဇူလိုင် ၃၁ ရက်တွင် အောင်ပန်းမြို့မှဝင်ရောက်ခဲ့သော အာလူးတစ်ပိဿာဈေးများမှာ အာလူးဆွဲ(နီ) ကျပ် ၅၀၀၊ အာလူး A1 ကျပ် ၈၀၀၊ အာလူးOK ကျပ် ၈၅၀၊ အာလူး S1 ကျပ် ၉၀၀၊ အာလူး S2 ကျပ် ၁၁၀၀ ဈေးနှုန်းအသီးသီးဖြစ်သည်။ အောင်ပန်းအာလူးဈေးများမှာ ယခင်တစ်ပတ်ထက် အာလူး ဆွဲ(နီ) နှင့် အာလူး A1 မှာ ကျပ် ၁၀၀၊ အာလူးOK နှင့် အာလူးS1 တို့မှာ ကျပ် ၃၀၊ အာလူးS2 မှာ ကျပ် ၁၃၀ ခန့်စီ ဈေးမြင့်တက်လာသည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှ ကားအစီးအရေ ၁၂ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးအရေ စုစုပေါင်း ၇၂ စီး ဝင်ရောက်ခဲ့ပြီး၊ တစ်နေ့လျှင် ပျမ်းမျှပိဿာချိန် ၇၂၀၀၀ ခန့်ဖြင့် တစ်ပတ်အတွင်း စုစုပေါင်းပိဿာချိန် ၄၃၂၀၀၀ ပိဿာ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင် ဈေးကွက်မှသိရှိရသည်။

**ရွှေဝါထွန်း(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# ဇူလိုင်လအတွင်း မူဆယ်မှ တရုတ်တင်ပို့ ကြက်သွန်နီဈေး ထပ်မံကျဆင်း

မူဆယ်မှ တရုတ်နယ်စပ်သို့ နေ့စဉ်ကြက်သွန်နီများ တင်ပို့လျက်ရှိပြီး ဇူလိုင် ၁ ရက်မှ ၃၀ ရက်အထိ ကြက်သွန်နီ တင်ပို့တန်ချိန်မှာ ၃၉၁၅ တန် တင်ပို့ခဲ့ပြီး ဈေးနှုန်းမှာလကုန်ရက်တွင် ထပ်မံကျဆင်းခဲ့သည်။

ဇူလိုင်လတွင် တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၁၅ ကျပ်ဝန်းကျင်ဖြင့် ပြောင်းလဲမှုမရှိသော်လည်း ကြက်သွန်နီဈေးမှာ ဇူလိုင် ၁ ရက်မှ ၁၆ ရက်အထိ တစ်ပိဿာလျှင် ကျပ် ၈၃၀ ဝန်းကျင်၊ ၁၇ ရက်မှ၂၃ ရက်အထိ တစ်ပိဿာ ကျပ် ၇၆၀ ဝန်းကျင်၊ ဇူလိုင်၂၄ရက်မှ ၂၉ ရက်အထိ တစ်ပိဿာ ကျပ် ၇၂၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေရာမှ ဇူလိုင် ၃၀ ရက်တွင် ကျပ် ၆၉၀ သို့ ဆက်လက်ကျဆင်းသွားသည်။

ကြက်သွန်နီ တင်ပို့မှုအနေဖြင့် ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ ၄၇၆ ဒသမ ၅ တန်၊ တစ်တန်ဈေးနှုန်းမှာ ကျပ် ၅၁၅၉၀၀၊ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိတင်ပို့တန်ချိန် ၉၃၉ ဒသမ ၅ တန်၊ တစ်တန်ဈေးနှုန်း ကျပ် ၅၁၆၂၀၀၊ ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အထိ တင်ပို့တန်ချိန် ၉၉၄ တန်၊ တစ်တန်ဈေးနှုန်း ကျပ် ၄၅၄၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ တင်ပို့တန်ချိန် ၁၅၀၅ တန်၊ ဇူလိုင် ၂၄ ရက်မှ ၂၉ ရက်အထိ တစ်တန်ဈေးနှုန်းမှာ ကျပ် ၄၅၄၀၀၀ ရှိနေရာမှ ဇူလိုင် ၃၀ ရက်တွင် ကျပ် ၄၂၉၀၀၀ သို့ ကျဆင်းသွားသဖြင့် တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၇၃၀ မှ ၆၉၀ သို့ ကျဆင်းသွား၍ ကြက်သွန်နီ တစ်ပိဿာလျှင် တရုတ်ငွေ ၃ ဒသမ ၂ ယွမ်သာ ရရှိခဲ့သည်။

ဇူလိုင်လအစတွင် ကြက်သွန်နီ တစ်တန်ဈေးမှာ ကျပ် ၅၁၅၉၀၀ ရရှိခဲ့ရာမှ ဇူလိုင်လအကုန်တွင် ကျပ်၄၂၉၀၀၀ ရရှိခဲ့သဖြင့် တစ်တန်လျှင် ကျပ် ၈၆၉၀၀ ခန့် ကျဆင်းသွား၍ ဇူလိုင်လအတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၄၀ ခန့်ကျဆင်းသွားကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်နှင့် ပွဲရုံများစာရင်းအရ သိရသည်။

**စိုးသန္တာထွန်း**
**(မောဝ်ရွှေလီကုန်သွယ်မှုဇုံဦးစီး)**



# မြန်မာ့လက်မှုကြိမ်ထည်ပစ္စည်းဈေးကွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဧရာကုန်သွယ်မှုဇုံဌာနတာဝန်ခံသည် ကုန်သွယ်မှုသတင်းအချက်အလက်ဖြန့်ဝေပေးရေးနှင့် ကုန်သွယ်မှုနှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဒေသတွင်းထုတ်ကုန်လုပ်ငန်းရှင်များနှင့် ပိုမိုထိရောက်စွာ၊ ပိုမိုနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဇူလိုင် ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်သို့ သွားရောက်၍ ဒေသတွင်းထုတ်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

ရေကြည်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးတွင် ကြိမ်၊ ဝါးလက်မှုပစ္စည်းအများဆုံး ထွက်ရှိရာဒေသဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဝယ်လက်များနှင့် များစွာချိတ်ဆက်ဆောင်ရွက် ရောင်းဝယ်လျက်ရှိသော ဒေသလည်းဖြစ်သည်။ သို့သော် ယခုအခါတွင်ဒေသတွင်းထုတ်ကုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏ ကြိမ်၊ ဝါး လက်မှုထည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန် အရင်းအနှီး၊ နည်းပညာနှင့် ထုတ်ကုန်ပစ္စည်း ဒီဇိုင်းအားနည်းချက်များကြောင့် ယခင်ကာလများလောက် အရောင်းအဝယ်မဖြစ်ဘဲ ပြည်တွင်းဈေးကွက်အနည်းငယ်သို့သာ တင်ပို့ရောင်းချလျက်ရှိသည်။

ဒေသတွင်းလုပ်ငန်းရှင်များသည် ပြည်ပဝယ်လက်များနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ခြင်းမရှိဘဲ ပြည်ပဝယ်လက် အချိတ်အဆက်ရှိသော ကုမ္ပဏီများက ထုတ်ကုန်ပစ္စည်း ဒီဇိုင်းပေး၍လုပ်ငန်းဆောင်ရွက်ခိုင်းစေခြင်းဖြင့်သာ လက်ခစားပုံစံဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ရန်ကုန်အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သော Glorios Company သည်ထိုင်းနိုင်ငံတွင်ရုံးခွဲတစ်ခုဖွင့်လှစ်ပြီး ပြည်ပနိုင်ငံများမှ မှာယူသော ကြိမ်၊ ဝါး လက်မှုထည်ပစ္စည်းဒီဇိုင်း နမူနာပုံစံများအတိုင်း ရေကြည်မြို့နယ်ရှိ လက်မှုပညာရှင်များအား ထုတ်လုပ်စေပြီး တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသည်။

Glorios Company သည် လင်ပန်းပုံစံအမျိုးမျိုး၊ ဖိုင်ထည့်ခြင်းပုံစံ အမျိုးမျိုးနှင့် အမှိုက်ခြင်းပုံစံအမျိုးမျိုးတို့ကို အရွယ်အစားအစုံ ကုန်ပစ္စည်းအမယ်ပေါင်း ၁၀၀၀၀ ကျော်အထိ ထုတ်လုပ်လျက် ပြည်ပနိုင်ငံများသို့ ဈေးကွက်ချိတ်ဆက်၍ တစ်လလျှင် ပျမ်းမျှ ကွန်တိန်နာသုံးလုံးခန့် တင်ပို့ရောင်းချလျက်ရှိသည်။ မှာယူတင်သွင်းသောနိုင်ငံများမှာ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ USA၊ ပြင်သစ်နှင့် ဘယ်ဂျီယံနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ပြင်သစ်နှင့်ဘယ်ဂျီယံနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိသည်။ ရေကြည်မြို့နယ်ရှိ လက်မှုပညာရှင်များကိုလက်ခစားထုတ်လုပ်စေခြင်းဖြစ်ပြီး ကျေးရွာပေါင်း ၂၀ ကျော်ကို အလုပ်အကိုင် ဖန်တီးပေးထားနိုင်ကြောင်း သိရှိရသည်။

အခြားသော ထုတ်ကုန်လုပ်ငန်းရှင်များအတွက်လည်း သက်ဆိုင်ရာဌာနများ၏ အကူအညီဖြင့် ပြည်ပဈေးကွက်ချိတ်ဆက်ပေးခြင်း၊ နမူနာ ဒီဇိုင်းများပေး၍ ဆောင်ရွက်စေခြင်း၊ ခိုင်မာသော ပြည်ပဝယ်လက်များ ရှာဖွေပေးခြင်းတို့ ဆောင်ရွက်နိုင်လျှင် ကြိမ်၊ ဝါးလက်မှုထည်အခန်းကဏ္ဍ ပြန်လည်တိုးတက်၍ပြည်ပပို့ကုန်မြှင့်တင်ရေးကဏ္ဍတွင်လည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

**နေဝင်းစိုး**

# ဟဲဟိုးအာလူးအစုအဖွဲ့နှင့် ပင်းတယဒေသမှ တောင်သူများ အကျိုးတူပူးပေါင်းစိုက်ပျိုးမည်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုး အာလူးအစုအဖွဲ့နှင့် ပင်းတယမှ တောင်သူများသည် ဇူလိုင် ၂၂ ရက်တွင် ဟဲဟိုးမြို့ အာလူးအစုအဖွဲ့ အသင်းရုံးခန်း၌ Myanmar Garlic Food House Co,. Ltdနှင့် တရုတ်ကြက်သွန်ဖြူမျိုး Garlic Kingကို အကျိုးတူပူးပေါင်းစိုက်ပျိုးရန် စာချုပ်ချုပ်ဆိုခဲ့ကြသည်။ အကျိုးတူပုံစံအနေဖြင့် Myanmar Garlic Food House Co,. Ltd မှ Garlic King ကြက်သွန်ဖြူမျိုး ၁၀၀ ပိဿာပေးလျှင် ထွက်ရှိသည့်အခါ နှစ်ဆ ၂၀၀ ပိဿာပြန်လည်ပေးရမည်ဖြစ်ပြီး ကျန်ထွက်ရှိသည့် ကြက်သွန်ဖြူများကို ၎င်းကုမ္ပဏီမှတစ်ပိဿာလျှင် ကျပ် ၁၅၀၀ ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူသွားမည်ဖြစ်သည်။

အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဟဲဟိုးအာလူးအစုအဖွဲ့တောင်သူများမှ ဧက ၂၀၊ ပင်းတယဒေသတောင်သူများမှ ၂၅ ဧကကို လာမည့်ကြက်သွန်ဖြူ ရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်သည်။ ၎င်းကြက်သွန်ဖြူမျိုး စိုက်ပျိုးမှုအနေဖြင့် တစ်ဧကမျိုး ပိဿာ ၄၅၀ ခန့် ထည့်သွင်းစိုက်ပျိုးရပြီး အသုံးပြုသည့်မြေဩဇာမှာ ကလိုရိုဒ်မပါဝင်သည့် မြေဩဇာများကိုသာ အသုံးပြုရမည်ဖြစ်သည်။ တစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မြေဩဇာ၊ လုပ်အားခနှင့်အထွေထွေကုန်ကျစရိတ် အပါအဝင် စုစုပေါင်း ၂၅ သိန်းခန့်ကုန်ကျမှာဖြစ်၍ ထွက်ရှိမှုအနေဖြင့် စိုက်ပျိုးသည့် နည်းစနစ်များမှန်ကန်လျှင် တစ်ဧကလျှင် ကိုးဆမှ ၁၀ ဆ ပိဿာချိန် ၄၅၀၀ ခန့်ထွက်ရှိမှာ ဖြစ်သည်။ ကြက်သွန်ဖြူများထွက်ရှိလာပါက မျိုးပြန်ပေးခြင်း၊ စိုက်ပျိုးစရိတ်များ နုတ်ပြီးလျှင် တောင်သူများအနေဖြင့်တစ်ဧကလျှင် ကျပ်သိန်း ၂၀ အထက်အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။

Myanmar Garlic Food House Co,. Ltd. သည် ဟဲဟိုးဒေသ၊ အင်းခေါင်းရွာတွင် ဧက ၄၀ ခန့် ကိုနှစ်စဉ်စိုက်ပျိုး၍ ထွက်ရှိသည်များကို ရွေးချယ်ထုပ်ပိုးပြီး အမေရိကန်ပြည်ထောင်စုသို့ တင်ပို့လျက်ရှိကြောင်း ဟဲဟိုးအာလူးအစုအဖွဲ့ ဉက္ကဋ္ဌ ဦးအောင်သန်းကျော်ထံမှသိရှိရသည်။

**စောဝင်းကျော်-ကမ္ဘောဇကုန်သွယ်မှုဇုံဌာန**

# ရှမ်းမြောက်တွင် နာနတ်သီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် ဇူလိုင် ၂၆ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနနှင့် သီပေါမြို့ နာနတ်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတို့ ဦးဆောင်၍ နာနတ်သီးဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို သီပေါမြို့ မြမိုးစံခန်းမတွင်ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျတို့က အမှာစကားပြောကြားကြပြီး သီပေါမြို့နယ် သစ်သီးဝလံပန်းမန်အသင်း၊ နာနတ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတို့မှ ကိုယ်စားလှယ်အသီးသီးက နာနတ်နှင့်ပတ်သက်၍ ဈေးကွက်ဈေးနှုန်းရရှိမှု အခြေအနေများ၊ လတ်တလောဖြစ်ပေါ်နေသော အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေးဌာနက နာနတ်နှင့်ပတ်သက်၍ GAP နှင့် Organicစိုက်ပျိုးနည်းများအကြောင်း၊ Organic သီးနှံဈေးကွက်ရရှိမှု အခြေအနေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ နာနတ်သီးဝယ်လိုအားရှိသည့် နိုင်ငံများနှင့် ဈေးနှုန်းဈေးကွက်ရရှိမှု၊ အနာဂတ်တွင် နာနတ်သီး ပြည်ပတင်ပို့နိုင်မည့် အလားအလာဆိုင်ရာ စာတမ်းတို့ကိုဖတ်ကြားခဲ့ပြီး သီဟကုမ္ပဏီမှ နာနတ်သီးနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများနှင့် ဈေးကွက်အလားအလာများအား ဆွေးနွေးခြင်း၊ တက်ရောက်သူများနှင့် အပြန်အလှန် စားပွဲဝိုင်းဆွေးနွေးခြင်းတို့ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ထွန်းမင်းထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဇုဟိုဌာန)**

# အမျိုးသမီး တောင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် Mennonite Economic Development Associates (MEDA) တို့ပူးပေါင်းပြီး ဇူလိုင် ၂၅ ရက်က ကရင်ပြည်နယ် ဘားအံမြို့ ကန်သာဦးခန်းမ၌ အမျိုးသမီးတောင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး MEDA မှ တာဝန်ရှိသူ ဒေါ်နော်အိရွှေစင်လင်းက အခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဖွဲကပင်ကုန်သွယ်မှုဇုဟိုဌာန ပြည်နယ်တာဝန်ခံ ဦးခင်မောင်မောင်အုန်းက Myantrade နှင့်ဖွဲကပင် (T/C) တို့၏ လုပ်ငန်းဆောင်ရွက်ချက်များအား အသိပေးရှင်းလင်းဆွေးနွေး ခဲ့သလို သီးနှံလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦး၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဖွဲကပင်ကုန်သွယ်မှုဇုဟိုဌာန၊ ဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ MEDAမှ တာဝန်ရှိသူများ၊ ဒေသခံအမျိုးသမီးတောင်သူ များနှင့်စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၃၀ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

တက်ရောက်လာသည့်လုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရာတွင် ပေါင်းစပ်ဖြည့်ဆည်းပေးရန်လို အပ်ချက်များကို ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် MEDAမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်းသိရသည်။

**ခင်မောင်မောင်အုန်း(ဖွဲကပင်)**

# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဒေသထွက် ကုန်ပစ္စည်းအရောင်းဆိုင်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သက်ဆိုင်ရာဒေသကို ကိုယ်စားပြုသော အမှတ်တံဆိပ်များ၊ ထုတ်ကုန်များ အမျိုးမျိုး အဖုံဖုံရှိပါသည်။ အလားတူ မွန်ပြည်နယ်တွင်လည်း ဟင်္သာအမှတ်တံဆိပ်နှင့် တန်ခိုးကြီးဘုရားများ၊ အပန်းဖြေစရာ ပင်လယ်ကမ်းခြေများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ မွန်ရိုးရာ အထည်အလိပ်နှင့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးရှိသည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့ကို ဂုဏ်တက်စေသော ကျိုက်ထီးရိုးဘုရား၊ သီးနှံယိုမျိုးစုံလုပ်ငန်းနှင့် ဝါးထွက်ကုန် ပစ္စည်းအမျိုးမျိုး၊ ဘီးလင်းမြို့နယ်တွင် တာယာ၊ သကြားနှင့် အရက်စက်ရုံမှ ထုတ်ကုန်များ၊ မော်လမြိုင်မြို့နယ် မုပွန်နှင့် ပေါင်မြို့နယ် မုတ္တမမှ အိုးလုပ်ငန်းများ၊ ချောင်းဆုံမြို့နယ်မှ ကျောက်သင်ပုန်း၊ ကျောက်တံ၊ ဆေးတံ၊ တုတ်ကောက်နှင့် ဒေသထွက်ကုန်အမျိုးမျိုး၊ မုဒုံမြို့နယ်မှ မုဒုံစောင်နှင့် မွန်ရိုးရာ ရက်ကန်းလုပ်ငန်းများ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်ရှိ အပန်းဖြေစရာ ပင်လယ်ကမ်းခြေမြင်ကွင်းနှင့် ပင်လယ်စာထွက်ကုန်မျိုးစုံ ရရှိနိုင်သည်။

ရိုးရာလက်မှုလုပ်ငန်း (Handicraft)ဒေသထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုတွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ Made in Ywalut ဟု ရှေးယခင်ကတည်းက လူသိများထင်ရှားသည့် ဆေးတံနှင့် တုတ်ကောက်အမျိုးမျိုးမှာ မြန်မာတွင်မက အခြားနိုင်ငံများအထိရောက်ရှိနေကြောင်း သိရှိရသည်။

ဘီလူးကျွန်း(ချောင်းဆုံမြို့နယ်) တွင် ယခင် ၆၄ ရွာရှိသည့်အနက် ယခုအချိန်တွင် ရွာပေါင်း ၈၀ ကျော် ဖြစ်ပေါ်လာပြီး မုဒွန်းမှ ထွက်ရှိသော ကျောက်သင်ပုန်း ကျောက်တံ၊ ရွာလွတ်မှ ထွက်ရှိသော ဆေးတံ၊ တုတ်ကောက်အပြင် ဝယ်လိုအားရှိသည့် ဒေသထွက်ကုန်လက်မှုပစ္စည်း အမျိုးမျိုး ထုတ်လုပ်ရောင်းချနေပြီဖြစ်ကြောင်း၊ ရွာလွတ်ကျေးရွာတွင် ဒေသထွက်ကုန်ပစ္စည်း အကြမ်းထည်ထုတ်လုပ်သော လုပ်ငန်းနှစ်ခုနှင့် အချောထည်ရောင်းချလျက်ရှိသော ဆိုင်ပေါင်းခုနစ်ဆိုင်ခန့်ရှိကြောင်း၊ ရိုးရာခေါက်မုန့်များကိုလည်း ဝယ်ယူရရှိနိုင်ကြောင်း မိုးရာသီတွင် ဧည့်ဝင်မှုနည်းပြီး ရောင်းချရမှုနည်းပါးကြောင်း ပွင့်လင်းရာသီရောက်သည်နှင့် အရောင်းသွက်ကြောင်း ဒေသခံအရောင်းဆိုင်များထံမှ လေ့လာသိရှိရသည်။

**ဝင်းမြတ်(ရာမည)**

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူးစေ့ (ရှမ်း၊ သစ်) ဈေးအနည်းငယ်ကျ

ယခုရက်ပိုင်းတွင် မန္တလေး ကုန်စည်ဒိုင်ဈေးကွက်၌ ပြောင်းဖူးစေ့ (ရှမ်း၊သစ်)ဈေးအနည်းငယ်ကျဆင်းပြီး ပြောင်းဖူးစေ့(CP)၊ အထွက်တိုးပြောင်း အနီနှင့် ဆန်ပြောင်းတို့မှာ ယခင်လအတိုင်း ဈေးငြိမ်နေလျက်ရှိသည်။ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်ဘက်မှ အဝယ်အေးလာပြီး ရန်ကုန်ဝယ်လက်နှင့် ကြက်စာသမားများသာ ဝယ်ယူမှုရှိလာသောကြောင့် ပြောင်းဈေးနှုန်းများငြိမ်နေကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ယခုတစ်ပတ် ပြောင်းဈေးကွက်မှာ သုံးတင်းဝင်အိတ်တစ်လုံး ပေါက်ဈေးနှုန်းမှာ ပြောင်းဖူးစေ့ (ရှမ်း၊သစ်) ကျပ် ၂၃၀၀၀ မှ ၂၃၅၀၀၊ ပြောင်းဖူးစေ့(CP)ကျပ် ၂၄၀၀၀ မှ ၂၅၅၀၀၊ အထွက်တိုးပြောင်းအနီ ကျပ် ၃၀၀၀၀ မှ ၃၂၄၀၀၊ ဆန်ပြောင်းကျပ် ၄၂၀၀၀ မှ ၄၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခင်ကာလတူ ပေါက်ဈေးနှုန်းမှာ သုံးတင်းဝင်အိတ် တစ်လုံးလျှင် ပြောင်းဖူးစေ့ (ရှမ်း၊ သစ်)ကျပ် ၂၄၀၀၀ မှ ၂၄၅၀၀၊ ပြောင်းဖူးစေ့ (CP)ကျပ် ၂၅၀၀၀ မှ ၂၆၀၀၀၊ အထွက်တိုးပြောင်းအနီကျပ် ၃၀၀၀၀ မှ ၃၂၀၀၀၊ ဆန်ပြောင်း ကျပ် ၄၂၀၀၀ မှ၄၃၀၀၀ ဖြစ်ခဲ့၍ ယခင်ကာလတူ ပေါက်ဈေးနှုန်းထက် ပျမ်းမျှအားဖြင့် သုံးတင်းဝင်အိတ် တစ်လုံးလျှင် ပြောင်းဖူးစေ့ (ရှမ်း၊သစ်) ၁၀၀၀၀ ကျပ် ကျဆင်း၍ ပြောင်းဖူးစေ့ (CP)၊ အထွက်တိုးပြောင်းအနီနှင့် ဆန်ပြောင်းတို့မှာ ယခင်လအတိုင်း ဈေးနှုန်းငြိမ်လျက်ရှိကြောင်းသိရသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဇုဟိုဌာန)**

# အရည်အသွေးကောင်း၍ ဈေးကောင်းပြန်ရလာသည့် ပဲတီစိမ်း

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက် ရှိသည်။ ယခင်ဇွန်လနောက်ဆုံးပတ်တွင်မိုးရွာသွန်းမှုကြောင့် အရည်အသွေးများ ကျဆင်းပြီး ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၂၉၅၀၀ အထိ ဈေးကျဆင်းခဲ့ပါသည်။ ယခုဇူလိုင်လ ပထမပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၂၅၀၀၊ ပဲနောက် တစ်တင်းလျှင် ကျပ် ၂၉၅၀၀ ဈေးဖြစ်ပေါ်ခဲ့သည်။

ဇူလိုင်လ၏ တတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြစ်ပေါ်ခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၆၃၀၀ အထိဈေးအထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ အရည်အသွေး ကောင်းမွန်သည့် မိုးပဲတီစိမ်းများ ဝင်ရောက်လာပြီး အဝယ်လိုက်၍ ယခုကဲ့သို့ဈေးပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ အရည်အသွေးကြောင့် ပဲတီစိမ်းဈေး အပြောင်းအလဲ၊ အတက်အကျရှိနိုင်သော်လည်း ဈေးအတက်ဘက်သို့ ဦးတည်လျက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်သည်များထံမှ သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဇုဟိုဌာန)**

# မန္တလေး ငရုတ်သီးဈေးကွက် အခြေအနေ

ယခုတစ်ပတ် မန္တလေးဈေးကွက်တွင် ငရုတ်သီးဈေးအနည်းငယ်ကျပြီး အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရသည်။ ယခင်တစ်ပတ်တွင် ငရုတ်သီးခြောက် တစ်ပိဿာလျှင် လက်ကားဈေးကျပ် ၅၅၀၀-၆၀၀၀၊ လက်လီဈေး အခြောက်တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငရုတ်အစို တစ်ပိဿာလျှင် လက်ကားဈေးကျပ် ၁၅၀၀-၁၇၀၀၊ လက်လီဈေးကျပ် ၁၈၀၀-၂၀၀၀ ခန့်ရှိပြီး၊ ယခုတစ်ပတ်တွင် ငရုတ်သီးခြောက် တစ်ပိဿာလျှင် လက်ကားဈေးကျပ် ၄၅၀၀-၅၅၀၀၊ လက်လီဈေးအခြောက်တစ်ပိဿာလျှင်ကျပ် ၈၀၀၀ ရှိပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးကွာခြားမှုမရှိကြောင်း သိ ရသည်။

ယခုတစ်ပတ်တွင် ငရုတ်အစို တစ်ပိဿာလျှင် လက်ကားဈေးကျပ် ၁၁၀၀-၁၅၀၀၊ လက်လီဈေးတစ်ပိဿာလျှင် ကျပ် ၁၆၀၀-၁၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခုတစ်ပတ် ငရုတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရသည်။ ငရုတ်သီး အခြောက်ကို တရုတ်ဘက်မှ အဝယ်ရှိပြီး ငရုတ်သီးအစိုကို ထိုင်းဘက်မှ အဝယ်ရှိကြောင်း မန္တလေးအောဝမ်း (မိသားစုပွဲ) ရုံမှ သိရသည်။

**ချောစုဝင် (ရတနာပုံကုန်သွယ်မှုဇုဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ် ဇူလိုင် ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Vietnam နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၅ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ နီပေါ၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ပါကစ္စတန်၊ ရုရှား၊ ဘာဘေဒို၊ အီဂျစ်၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်နှင့် နော်ဝေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၃ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ ကနေဒါ၊ ပြင်သစ်၊ ဘရာဇီး၊ ဟန်ဂေရီ၊ ရိုမေးနီးယားနှင့် အမေရိကန် စသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၃၀ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၅ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Dominican Republic နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၄၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ တောင်ကိုရီးယား ၊ သီရိလင်္ကာ၊ အီဂျစ်၊ ဂျာမနီ၊ ကူဝိတ်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေနှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် ၈၆ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ စင်ကာပူ၊ ထိုင်ဝမ်၊ ပြင်သစ်၊ ဘရာဇီး၊ ကနေဒါ၊ ဟန်ဂေရီနှင့် ချီလီ စသည့် နိုင်ငံ ၁၃ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် နှစ်ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့်ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်းလေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၈ |
| ၃ | ထိုင်း | လီတာ | ၁.၁၆ | ၀.၈၆ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၉၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၂ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ဆန်ဈေးနှုန်းများအနည်းငယ်မြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဆန်အမျိုးအစားများအားလုံး ဈေးကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းများတည်ငြိမ်နေခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅မှတ် ဆန်မှာ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ပေါင်းဆန်အမျိုးအစားဆန်များ ဈေးမြင့်တက်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်တွင် ဥရောပသမဂ္ဂသို့ဆန်အရောင်းကျဆင်းမှု ကြုံတွေ့ခဲ့ရပြီးနောက် ယခုအခါ တောင်ကိုရီးယားကုမ္ပဏီများမှတစ်ဆင့် အာဖရိကဈေးကွက်များသို့ဆန်ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ ကမ္ဘောဒီးယားဆန်စပါးအသင်း (CRF) သည် ဥရောပဈေးကွက်ဝေစု ကျဆင်းမှု ထေခုရေးအတွက် တရုတ်နိုင်ငံအပြင် အာဖရိကသို့ပါ ဆန်တင်ပို့ရန် မျှော်လင့်ထားကြောင်း အသင်း၏ အထွေထွေအတွင်းရေးမှူး Moul Sarith က ပြောကြားခဲ့သည်ကို သိရှိရသည်။

ဆန်စပါးအသင်းသည် တောင်ကိုရီးယား ကုန်ထုတ်လုပ်ငန်း၏ စီအီးအို George Kim J H အပြင် အခြားတောင်ကိုရီးယားအစိုးရအသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့်လည်း တွေ့ဆုံခဲ့ပြီး အာဖရိကဈေးကွက်သို့ ကမ္ဘောဒီးယားဆန်များ တင်ပို့နိုင်ရေးအခွင့်အလမ်းများ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ JS Global Corporation အနေဖြင့် ကမ္ဘောဒီးယားဆန်ကို အာဖရိကဈေးကွက်များသို့တင်ပို့နိုင်ရေး ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိပြီး တောင်ကိုရီးယား ကုမ္ပဏီများအနေဖြင့် အာဖရိကဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ကမ္ဘောဒီးယားထံမှ ဆန်ဖြူကိုသာ ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ အာဖရိကသို့တင်ပို့မည့်ဆန်မှာ ဆန်ဖြူအမျိုးအစားဆန်ဖြစ်ပြီး တန်ဖိုးသင့်ဆန်ကိုသာ ဝယ်ယူလိုခြင်းဖြစ်ကြောင်း သိရှိရသည်။

လက်ရှိပထမနှစ်ဝက်အတွင်း ကမ္ဘောဒီးယား၏ ဆန်တင်ပို့မှုသည် ၂၈၁၅၃၈ တန်ရှိရာ နှစ်အလိုက် ၃ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ၎င်းအနက် ဆန် ၁၁၈၄၀၁ တန် (၄၂ ဒသမ ၀၆ ရာခိုင်နှုန်း) ကိုတရုတ်နိုင်ငံသို့တင်ပို့ခဲ့ပြီး တင်ပို့မှု၏ ၃၃ ဒသမ ၂၁ ရာခိုင်နှုန်း ဖြစ်သော တန်ချိန် ၉၃၅၀၃ တန်ကိုသာ ဥရောပသို့ တင်ပို့ခဲ့ကြောင်း ဆန်ပို့ကုန်ဝန်ဆောင်မှုရုံး၏ အစီရင်ခံစာအရ သိရှိရသည်။ ဆန်တင်ပို့မှု ဈေးကွက်ကို ချဲ့ထွင်နိုင်မည်ဆိုပါက ပို့ကုန်မြင့်တက်လာနိုင်ပြီး အာဖရိကသို့တင်ပို့နိုင်ခြင်းသည် မိမိတို့ပို့ကုန်ကို မြင့်တက်စေနိုင်လိမ့်မည်ဟု Sarith က ပြောကြားခဲ့သည်။ Amru Rice ဆန်လုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌ Kann Kunthy ကမူ JS Global Corporation အဖွဲ့ကို ကြိုဆိုကြောင်း၊ သို့ရာတွင် အာဖရိကကိုတင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့် မရခြင်းကြောင့် ကမ္ဘောဒီးယားဆန်ဖြူမှာ ဗီယက်နမ်၊ ထိုင်းတို့၏ ဆန်ဖြူနှင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိမည်ကို စိုးရိမ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ထိုင်းဘတ်ငွေ တန်ဖိုးမြင့်တက်မှုကြောင့် ထိုင်းဆန်ဈေးမှာ အခြားပြိုင်ဘက်နိုင်ငံများ၏ ဆန်များထက် ကြီးမြင့်နေချိန်တွင် ခြောက်သွေ့မှုအခြေအနေများက ထိုင်းဆန်ရောင်းလိုအား လျော့နည်းမည်ကိုစိုးရိမ်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ ထိုင်းငါးမှတ်ဆန် FOB ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၄၀၁-၄၀၂ ဒေါ်လာအကြား ရပ်တည်ခဲ့ရာမှ ၃၈၅-၃၉၅ ဒေါ်လာသို့လျော့ကျလာသော်လည်း ၎င်းဈေးမှာ အခြားနိုင်ငံများထက် ဈေးမြင့်နေပြီး ထိုင်းဆန်အတွက် ဝယ်လိုအားမှာ မြင့်တက်လာခြင်းမရှိကြောင်း ကုန်သည်များက ပြောကြားကြသည်။ ထို့ပြင် ထိုင်းပြည်နယ်များတွင် မိုးခေါင်နေမှုနှင့်ကြုံတွေ့နေရပြီး မိုးလေဝသဦးစီးဌာန၏ ထုတ်ပြန်ချက်အရ စပါးအဓိက စိုက်ပျိုးရာဒေသများ၏ မိုးရေချိန်မှာ ၁၀ နှစ်အတွင်း အနိမ့်ဆုံး ဖြစ်နေသည်ကို သိရှိရပါသည်။

မိုးခေါင်မှုအခြေအနေကြောင့် ဈေးကွက်တွင် ဆန်ရောင်းလိုအား ကျဆင်းလာမည့်အပေါ် စိုးရိမ်မှုမြင့်တက်လာကြောင်း၊ ဆည်မြောင်းများမှ စိုက်ပျိုးရေထုတ်ယူသုံးစွဲခြင်းသည် အိမ်ထောင်စုများအတွက် သောက်သုံးရေမလုံလောက်မှုကို ဖြစ်စေနိုင်သဖြင့် ထိုင်းအစိုးရက မိုးခေါင်သည့်ဒေသမှ တောင်သူများအား စပါးစိုက်ပျိုးမှုဆိုင်းငံ့ထားရန် ညွှန်ကြားထားပြီး ပထမနှစ်ဝက်တွင် ထိုင်းဆန် တင်ပို့မှု သိသာစွာကျဆင်းခဲ့၍ ထိုင်းပို့ကုန်လုပ်ငန်းရှင်များက ယခုနှစ်၏ ဆန်တင်ပို့မှုမျှော်မှန်းချက်ကို ယခင်ခန့်မှန်းမှု တန်ချိန် ၉ ဒသမ ၅ သန်းမှ တန်ချိန် ကိုးသန်းသို့လျှော့ချထားကြောင်း သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးခြင်းကြောင့် စပါးခင်း ဟက်တာ ၅၀၀၀၀ ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကနဦးခန့်မှန်းချက်အရ သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်ပသို့ဆန်တင်ပို့နိုင်ရေး စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိ၍ တောင်သူများ ဆန်ဈေးကောင်းမရသည့် အခြေအနေတွင် ရေကြီးမှုနှင့် ကြုံတွေ့နေရသဖြင့် နိုင်ငံအတွက် ကြီးမားသော ထိုးနှက်ချက်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ဆန်တင်ပို့မှုထိပ်သီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ငါးမှတ်ပေါင်းဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၃၇၄-၃၇၇ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၈၁-၃၈၄ ဒေါ်လာသို့မြင့်တက်လာခဲ့သည်။ အာရှနှင့် အာဖရိကဝယ်လက်များထံမှ ဝယ်လိုအားငြိမ်နေသော်လည်း ပြည်တွင်းစပါးဈေး မြင့်တက်မှုကြောင့် ဆန်ဈေးမှာလည်း မြင့်တက်လာခဲ့ပြီး စပါးဈေး ကြီးမြင့်မှုကြောင့် ဆန်ဖြူတင်ပို့မှုနှင့် ပေါင်းဆန်တင်ပို့မှုမှာ သိသာစွာကျဆင်းခဲ့ကြောင်း တောင်ပိုင်းအန္ဓရပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။ အိန္ဒိယတွင်လည်း လက်ရှိမိုးရာသီ၏ မိုးရေချိန်မှာ ရွာသွန်းမြဲအောက် လျော့ကျနေသဖြင့် မိုးစပါးထုတ်လုပ်မှု ကျဆင်းမည့်အရေး စိုးရိမ်နေရကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံတွင် ပြည်ပပို့ ဆန်ဈေးများ အနည်းငယ်ဈေးကျဆင်းလာခဲ့သော်လည်း ဂျပ်စမင်းဆန်သည် ပစ္စည်းရှားပါးမှုကြောင့်

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၃ | ၀.၇၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၆ | ၁.၃၀ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၈၀ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၅ | ၀.၈၄ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၂ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Iceland | လီတာ | ၁.၉၅ |
| ၃ | အီရန် | လီတာ | ၀.၂၉ | နော်ဝေ | လီတာ | ၁.၉၅ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Monaco | လီတာ | ၁.၉၂ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | ဘာဘေဒို | လီတာ | ၁.၉၂ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Iceland | လီတာ | ၁.၈၆ |
| ၂ | Cuba | လီတာ | ၀.၀၈ | ဟောင်ကောင် | လီတာ | ၁.၈၅ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၈၃ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၈ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၁ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၄ | ၀.၉၃ |
| ၂ | ဂျပန် | လီတာ | ၁.၃၀ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၁ | ၁.၀၀ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

## ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၆.၇.၂၀၁၉ | စည် | ၅၆.၀၂ |
| ၂ | ၂၉.၇.၂၀၁၉ | စည် | ၅၆.၈၇ |
| ၃ | ၃၀.၇.၂၀၁၉ | စည် | ၅၈.၀၅ |
| ၄ | ၃၁.၇.၂၀၁၉ | စည် | ၅၈.၅၈ |
| ၅ | ၁.၈.၂၀၁၉ | စည် | ၅၃.၉၅ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇွန် ၃ ရက်မှ ဇူလိုင် ၂၉ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဇူလိုင်လ နောက်ဆုံးပတ်ဖြစ်သည့် ဇူလိုင် ၃၀ ရက်တွင် ပြည်တွင်း ရွှေဈေးနှုန်းမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၄၈၀၀၀ ဝန်းကျင်သို့ ရောက်ရှိလာပြီး ဩဂုတ် ၁ ရက်တွင် ၁၁၄၁၅၀၀ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့သော်လည်း ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ၁၁၅၀၅၀၀ ကျပ်သို့ ပြန်လည်မြင့်တက်ခဲ့သည်ကို ပြည်တွင်းရွှေလုပ်ငန်းရှင်များ အသိုင်းအဝိုင်းမှ သိရှိရသည်။ ယခုလများသည် ပုံမှန်တွင် အရောင်းအဝယ်အေးသည့်လများဖြစ်ပြီး ယခုကဲ့သို့ ရွှေဈေးမြင့်တက်နေသည့်အချိန်တွင် အရောင်းအဝယ်မှာ ပို၍ပါးလာကြောင်း၊ ရွှေဈေးမှာလည်း ဆက်လက်၍ မြင့်တက်နိုင်ရန် အလားအလာများရှိနေကြောင်း သိရှိရသည်။ ဇူလိုင် ၂၆ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၁၉ ဒေါ်လာဝန်းကျင်မှ ဇူလိုင် ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ ၁၄၂၈ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၀၇ ဒေါ်လာသို့ပြန်လည်ကျဆင်းလာခဲ့သော်လည်း ဩဂုတ် ၂ ရက် နံနက်ပိုင်း ဈေးကွက်အဖွင့်ဈေးတွင် ရွှေတစ်အောင်စလျှင် ၁၄၃၂ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက်မှ ဩဂုတ် ၁ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂.၇.၂၀၁၉ | ၁၁၀၅၀၀၀ | ၁၃၉၃ |
| ၂ | ၃.၇.၂၀၁၉ | ၁၁၂၀၅၀၀ | ၁၄၂၅ |
| ၃ | ၄.၇.၂၀၁၉ | ၁၁၁၉၅၀၀ | ၁၄၁၅ |
| ၄ | ၅.၇.၂၀၁၉ | ၁၁၂၃၅၀၀ | ၁၄၁၄ |
| ၅ | ၆.၇.၂၀၁၉ | ၁၁၁၈၀၀၀ | ၁၃၉၉ |
| ၆ | ၇.၇.၂၀၁၉ | ၁၁၁၆၅၀၀ | ၁၃၉၉ |
| ၇ | ၈.၇.၂၀၁၉ | ၁၁၂၃၀၀၀ | ၁၄၀၅ |
| ၈ | ၁၀.၇.၂၀၁၉ | ၁၁၂၄၅၀၀ | ၁၃၉၆ |
| ၉ | ၁၁.၇.၂၀၁၉ | ၁၁၃၃၅၀၀ | ၁၄၂၂ |
| ၁၀ | ၁၂.၇.၂၀၁၉ | ၁၁၃၀၀၀၀ | ၁၄၀၆ |

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၇-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၃၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်း အလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၃၁-၇-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၂၈ ဒသမ ၇၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 31-Jul-19 | 12.91 cts/lb | 12.69 cts/lb | 328.75 $/T | 14.91 cts/lb |
| 30-Jul-19 | 12.84 cts/lb | 12.71 cts/lb | 327.85 $/T | 14.87 cts/lb |
| 29-Jul-19 | 12.76 cts/lb | 12.72 cts/lb | 327.30 $/T | 14.85 cts/lb |
| 26-Jul-19 | 12.73 cts/lb | 12.75 cts/lb | 326.35 $/T | 14.80 cts/lb |
| 25-Jul-19 | 12.69 cts/lb | 12.77 cts/lb | 325.25 $/T | 14.75 cts/lb |
| 24-Jul-19 | 12.75 cts/lb | 12.79 cts/lb | 326.35 $/T | 14.80 cts/lb |
| 23-Jul-19 | 12.67 cts/lb | 12.82 cts/lb | 323.85 $/T | 14.69 cts/lb |
| 22-Jul-19 | 12.28 cts/lb | 12.84 cts/lb | 320.85 $/T | 14.55 cts/lb |
| 19-Jul-19 | 12.32 cts/lb | 12.90 cts/lb | 321.05 $/T | 14.56 cts/lb |
| 18-Jul-19 | 12.31 cts/lb | 12.97 cts/lb | 317.50 $/T | 14.40 cts/lb |
| 17-Jul-19 | 12.54 cts/lb | 13.01 cts/lb | 317.60 $/T | 14.41 cts/lb |
| 16-Jul-19 | 12.73 cts/lb | 13.01 cts/lb | 319.60 $/T | 14.50 cts/lb |
| 15-Jul-19 | 12.80 cts/lb | 13.02 cts/lb | 305.00 $/T | 13.83 cts/lb |
| 12-Jul-19 | 13.00 cts/lb | 13.01 cts/lb | 315.00 $/T | 14.29 cts/lb |
| 11-Jul-19 | 13.08 cts/lb | 12.99 cts/lb | 321.35 $/T | 14.58 cts/lb |
| 10-Jul-19 | 13.17 cts/lb | 12.98 cts/lb | 324.25 $/T | 14.71 cts/lb |
| 9-Jul-19 | 13.04 cts/lb | 12.97 cts/lb | 322.35 $/T | 14.62 cts/lb |
| 8-Jul-19 | 13.11 cts/lb | 12.97 cts/lb | 324.35 $/T | 14.71 cts/lb |
| 5-Jul-19 | 13.02 cts/lb | 12.97 cts/lb | 323.05 $/T | 14.65 cts/lb |
| 4-Jul-19 | 13.09 cts/lb | 12.97 cts/lb | 323.50 $/T | 14.67 cts/lb |
| 3-Jul-19 | 13.16 cts/lb | 12.98 cts/lb | 324.45 $/T | 14.72 cts/lb |
| 2-Jul-19 | 13.00 cts/lb | 12.97 cts/lb | 322.70 $/T | 14.64 cts/lb |
| 1-Jul-19 | 13.20 cts/lb | 12.97 cts/lb | 329.30 $/T | 14.94 cts/lb |

Source: www.isosugar.org

၂၀၁၉ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၆ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၄၀၊

စာမျက်နှာ ၁၇ သို့

Vol: 19, No.29 Monday August 5 2019

# ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် Developing The Leader In You ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် ဖွင့်လှစ်ထားရှိသော ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute - TTI) သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းကာလအတွင်း ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားပြီး စီးပွားရေးဟောပြောဆွေးနွေးပွဲ (Business Talk Program) ကို Public Seminar အဖြစ် စီစဉ်ကျင်းပပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး၏ ပဥ္စမထပ် ညီလာခံခန်းမ၌ Business Talk ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "Developing The Leader In You" ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သဖြင့် Business Talk သို့ လက်ရှိ သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းတက်ရောက်ခဲ့သူများအပြင် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို ဖုန်း-၀၁-၂၅၀၈၇၁၊ ၀၁-၃၇၈၇၉၈ နှင့် ၀၉-၅၀၉၆၁၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**TTI**

# စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၃)ကြိမ်မြောက် (၇/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ ရက်တွင် စစ်ကိုင်းတိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့မှ အဖွဲ့ဝင်များ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေး လုပ်ငန်းရှင်၊ ဌာနမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၂၀ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အတွင်းရေးမှူး၊ စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က ၆/၂၀၁၉ အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် မှတ်တမ်းတင်ခွင့်ပြုပါရန်၊ ၂၀၁၉ ခုနှစ် ဇွန် ၂၅ ရက်တွင် စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသော အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဇူလိုင်လ လုပ်ငန်းဆောင်ရွက်မှု လချုပ်၊ စားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းပြီးစီးမှု၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွင်း ထုတ်ကုန် လုံခြုံစိတ်ချရမှုဌာနခွဲမှ မြို့နယ်အလိုက် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေ၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများအား ဈေးကွက်အတွင်းမှ ပြန်လည် သိမ်းဆည်း/တားမြစ်ခြင်း ဆောင်ရွက်မှု၊ ဈေးကွက်စောင့်ကြည့်လေ့လာစစ်ဆေးချက် မှတ်တမ်းဆောင်ရွက်မှု၊ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်မှု၊ CICC ရုံးသို့ တိုင်ကြားလာမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ (၈/၂၀၁၉)လအတွင်း ဆောင်ရွက်မည့် အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြ၍ တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး မိတ်ဖက်ဆက်စပ်ဌာနများမှလည်း ရှေ့ဆက်လက် လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသေးစိတ် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သင်းယုနွယ် (စစ်ကိုင်း၊ DOCA)**

စာမျက်နှာ (၃) ပျော်ရွှင်ဆင်နွဲ နိုင်ငံတကာကုန်စည်ပြပွဲ. . . မှအဆက်

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနေ့(Myanmar National Day) အခမ်းအနားကို ၂၀၁၉ ခုနှစ် ဩဂုတ် ၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ International Pavilion ရှိမြန်မာပြခန်း ခန်းမ G-46 တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါမြန်မာနေ့အခမ်းအနားနှင့် တစ်ဆက်တည်း မြန်မာပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲ (Myanmar Export Promotion Seminar) ကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာနေ့ အခမ်းအနား စနစ်တကျနှင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့ပြီးဖြစ်သည်။

မြန်မာနေ့အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးအခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာများနှင့် နိုင်ငံတကာမှ စိုက်ပျိုးပြသထားသည့် သစ်သီးဝလံပန်းမန်နှင့် ရိုးရာအမွေအနှစ် အထိမ်းအမှတ်များအား လေ့လာကြည့်ရှုနိုင်စေရန်အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်သည်။

အထက်ပါမြန်မာနေ့အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ခေါင်းဆောင်၍ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးပါဝင်သည့် အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ အတွင်းရေးမှူး ဦးကျော်သူနှင့် ဒေါ်စန္ဒာမျိုး၊ ဒေါ်နီလာဦး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်၊ ဒေါ်ဝင်းပပ၊ ဒေါ်အိအိဌေးမြင့်၊ ဒေါ်ဇင်မီသိမ့်၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌ ဦးထွန်းအေး၊ အတွင်းရေးမှူး (၂) ဦးအောင်နိုင်၊ ဒေါ်ဝမ်လီရင် စသည့် ပုဂ္ဂလိကလုပ်ငန်းရှင်ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ဦးဆောင်သော အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအကအဖွဲ့မှ ဒေါ်မေမွန်သင်း၊ ဒေါ်ဆောင်းနှင်းဝေဝေ၊ ဒေါ်စန်းဝါဝါလှိုင်၊ ဒေါ်ဝေဖူးငယ်၊ ဒေါ်ခင် ရတနာသိမ့်၊ ဒေါ်စိမ်းလဲ့ခင် စသည်ဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ၂၅ ဦးခန့် တက်ရောက်ကြမည်ဖြစ်သည်။

**ဝင်းသန်းကျော်(ကုန်သွယ်မြှင့်)**

စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၁၁ | ၁၃.၇.၂၀၁၉ | ၁၁၃၅၀၀၀ | ၁၄၁၆ |
| ၁၂ | ၁၄.၇.၂၀၁၉ | ၁၁၃၅၀၀၀ | ၁၄၁၆ |
| ၁၃ | ၁၅.၇.၂၀၁၉ | ၁၁၃၉၅၀၀ | ၁၄၁၅ |
| ၁၄ | ၁၇.၇.၂၀၁၉ | ၁၁၃၅၅၀၀ | ၁၄၀၁ |
| ၁၅ | ၁၈.၇.၂၀၁၉ | ၁၁၄၃၅၀၀ | ၁၄၂၂ |
| ၁၆ | ၁၉.၇.၂၀၁၉ | ၁၁၄၈၀၀၀ | ၁၄၃၉ |
| ၁၇ | ၂၀.၇.၂၀၁၉ | ၁၁၄၆၅၀၀ | ၁၄၂၆ |
| ၁၈ | ၂၁.၇.၂၀၁၉ | ၁၁၄၆၀၀၀ | ၁၄၂၆ |
| ၁၉ | ၂၂.၇.၂၀၁၉ | ၁၁၄၉၀၀၀ | ၁၄၂၆ |
| ၂၀ | ၂၃.၇.၂၀၁၉ | ၁၁၄၅၀၀၀ | ၁၄၁၉ |
| ၂၁ | ၂၅.၇.၂၀၁၉ | ၁၁၅၀၀၀၀ | ၁၄၂၇ |
| ၂၂ | ၂၆.၇.၂၀၁၉ | ၁၁၄၇၀၀၀ | ၁၄၁၉ |
| ၂၃ | ၂၇.၇.၂၀၁၉ | ၁၁၄၅၅၀၀ | ၁၄၁၉ |
| ၂၄ | ၂၈.၇.၂၀၁၉ | ၁၁၄၅၅၀၀ | ၁၄၁၉ |
| ၂၅ | ၂၉.၇.၂၀၁၉ | ၁၁၄၇၀၀၀ | ၁၄၂၀ |
| ၂၆ | ၃၀.၇.၂၀၁၉ | ၁၁၄၈၀၀၀ | ၁၄၂၈ |
| ၂၇ | ၁.၈.၂၀၁၉ | ၁၁၄၁၅၀၀ | ၁၄၀၇ |
| ၂၈ | ၂.၈.၂၀၁၉ | ၁၁၅၀၅၀၀ | ၁၄၃၂ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၈၂ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာတန်ဖိုးသည် ကျပ် ၁၅၀၀ အထက်တွင် အတက်/အကျ အနည်းငယ်သာရှိပြီး အများအားဖြင့် တည်ငြိမ်မှုရှိနေကြောင်း၊ ပြည်တွင်း ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးသည် လဆန်းပိုင်းတွင်ဆက်တိုက်မြင့်တက်လေ့ရှိပြီး လကုန်ပိုင်း၌ အနည်းငယ် ပြန်လည်ကျဆင်းလေ့ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်များမှ လေ့လာသုံးသပ်ကြသည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၆-၇-၁၉ | ၂၉-၇-၁၉ | ၃၀-၇-၁၉ | ၃၁-၇-၁၉ | ၁-၈-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၁၁.၄ | ၁၅၀၉.၃ | ၁၅၀၉.၂ | ၁၅၀၉.၇ | ၁၅၁၃.၁ | ၀.၁၁ | ⬆ |
| ၂ | Thai Baht | THB | ၃၀.၉၅၅ | ၃၀.၈၆၅ | ၃၀.၈၂၅ | ၃၀.၇၅၅ | ၃၀.၈၇၅ | -၀.၂၆ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၆၉ | ၁.၃၇၂ | ၁.၃၇၀ | ၁.၃၇၀ | ၁.၃၇၅ | ၀.၄၄ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၂၀ | ၄.၁၂၆ | ၄.၁၂၅ | ၄.၁၃၁ | ၄.၁၄၄ | ၀.၅၈ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၀၀၅ | ၁၄၀၂၀ | ၁၄၀၂၀ | ၁၄၀၂၃ | ၁၄၁၁၆ | ၀.၇၉ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၈၈၀ | ၆.၈၉၃ | ၆.၈၈၃ | ၆.၈၈၄ | ၆.၉၀၀ | ၀.၂၉ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၀၂၉ | ၆၈.၈၅၂ | ၆၈.၇၅၃ | ၆၈.၈၅၁ | ၆၉.၀၅၃ | ၀.၀၃ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၈.၆၇၁ | ၁၀၈.၆၅၃ | ၁၀၈.၅၆၈ | ၁၀၈.၅၆၅ | ၁၀၉.၀၈၄ | ၀.၃၈ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၄၃ | ၁.၄၄၈ | ၁.၄၅၁ | ၁.၄၅၁ | ၁.၄၅၉ | ၁.၁၁ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၉၈ | ၀.၈၉၉ | ၀.၈၉၇ | ၀.၈၉၇ | ၀.၉၀၅ | ၀.၇၈ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၈၀၄ | ၀.၈၁၁ | ၀.၈၂၂ | ၀.၈၂၂ | ၀.၈၂၅ | ၂.၆၁ | ⬆ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇူလိုင် ၂၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ဒသမ ၄၀ ကျပ်ရှိခဲ့ရာမှ ဇူလိုင် ၃၁ ရက်တွင် ၁၅၀၉ ဒသမ ၇၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ၁၅၁၃ ဒသမ ၁၀ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၁ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဇူလိုင် ၂၆ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၅၁၂ ကျပ်၊ ဇူလိုင် ၂၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၀၉ ကျပ်၊ ဇူလိုင် ၃၀ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၅၁၁ ကျပ်၊ ဩဂုတ် ၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၄ ကျပ် စသည်ဖြင့် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

တစ်တန်လျှင်၄၉၀ ဒေါ်လာဖြစ်ပေါ်ခဲ့ရာမှ ယခုတစ်ပတ် တွင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၅၀၅ ဒေါ်လာသို့ မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့မှ ဆန်မှာယူမှုများ ရှိနေခြင်းကြောင့် ဗီယက်နမ်ဆန်၏ ဝယ်လိုအားမှာ ပုံမှန်ရှိနေသော်လည်း ဇူလိုင်လတွင် ဗီယက်နမ်၏ ဆန်တင်ပို့မှုမှာ သိသိသာသာ ကျဆင်းနိုင်ကြောင်း ကုန်သည်များကပြောကြား ကြသည်။ ဟိုချီမင်းစီးတီးမြို့ဆိပ်ကမ်းများမှတစ်ဆင့် ဇွန်လတွင် ဆန် တန်ချိန် ၃၁၁၇၀၀ တင်ပို့ခဲ့ရာမှ ဇူလိုင်လတွင် တန်ချိန် ၁၉၄၄၀၀ သာ တင်ပို့နိုင်လိမ့်မည်ဟု ကနဦးထုတ်ပြန်သည့် စာရင်းများအရ သိရှိရသည်။

ပြည်တွင်းဆန်စပါးသတင်းများအနေဖြင့် တရုတ်နိုင်ငံသို့ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့် ဆန်တန်ချိန်တစ်သိန်း တင်ပို့ရန်အတွက် ယူနန်ပြည်နယ်မှ ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုလိုက်ကြောင်း မန္တလေး ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းကျော်ထံက သိရှိရသည်။ ယင်းသဘောတူစာချုပ်ကို မြန်မာနိုင်ငံဘက်မှ Mandalay Rice Development ကုမ္ပဏီနှင့် ယူနန်ပြည်နယ်မှ ရွှေချိုက်ကုမ္ပဏီတို့အကြား ဇူလိုင် ၂၅ ရက်က လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်ပြီး ဆန်လုံးရှည်အမျိုးအစား ဆန်အမျိုးမျိုးကို လာမည့် ဩဂုတ်လတွင် စတင်တင်ပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ဆန်တန်ချိန် တစ်သိန်းကို နယ်စပ်မှတစ်ဆင့် တင်ပို့မည်ဖြစ်ပြီး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ဘက်မှ ထွက်ရှိသည့် ဓာတ်မြေသြဇာအမျိုး မျိုး၊ လယ်ယာသုံးစက်ယန္တရားများ၊ သံ၊ သံမဏိနှင့် အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး အစရှိသည့်ပစ္စည်းများထဲမှ မည်သည့် ကုန်အမှတ်တံဆိပ်ကိုမဆို ပုံမှန်ပေါက်ဈေးထက် ငါးရာခိုင်နှုန်း အနည်းဆုံးလျှော့ဈေးဖြင့် ပြန်လည်တင်သွင်းခွင့် ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုစာချုပ်သည် နယ်စပ်မှတစ်ဆင့် ကုန်ပစ္စည်းဖလှယ်သည့် ကုန်သွယ်မှုပုံစံဖြစ်ခြင်းကြောင့် အခက်အခဲများ စိန်ခေါ်မှုများလည်း ကြုံတွေ့ရကြောင်း သိရှိရသည်။ တရုတ်နိုင်ငံဘက်က ဓာတ်မြေသြဇာများ၊ လယ်ယာသုံးစက်ကိရိယာများ၊ အိမ်ဆောက်ပစ္စည်းများ ပြန်လည် တင်သွင်းလိုသူများအနေဖြင့် Mandalay Rice Development Company နှင့် ချိတ်ဆက်တင်သွင်းနိုင်ပြီး နယ်စပ်မှတစ်ဆင့် ဆန်ရောင်းချလိုသူများအနေဖြင့်လည်း ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ပြီး ကုန်ပစ္စည်းများ ပြန်လည်တင်သွင်းလိုသည့် ကုန်သည်များအတွက် တရုတ်နိုင်ငံဘက်က သွင်းကုန်လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံဘက်မှ ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၉ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ၁၉၉၂၉ ကျပ်မှ ၁၉၇၁၀ကျပ် အထိ ပေါက် ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇူလိုင် ၃၀ ရက်တွင် ဖြစ်ပေါ်နေ သော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃၈ ရာခိုင်နှုန်း ဈေးကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်သည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၆.၇.၂၀၁၉ | ၂၉.၇.၂၀၁၉ | ၃၀.၇.၂၀၁၉ | ၃၁.၇.၂၀၁၉ | ၁.၈.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၂၀၀၀၀ | ၁၉၈၀၀ | ၁၉၆၀၀ | ၁၉၆၀၀ | ၁၉၆၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၆၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၈၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၈၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၅၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၀၅၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ |
| ၈ | ကရင်မ | 80(Raw) | ၂၀၀၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ |

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ် ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ်၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၀၉၁ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၄၅ ကျပ်နှင့် ဘားအံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၈၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၂၇၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်၁ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၀၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၁၀၊ အောက်တိန်း-92 တစ်လီတာလျှင် ၈၀၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၉၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၈) ခယောင်းလမ်းမှ. . . မှအဆက်

### မျိုးဖြန့်ဖြူးမည့်သူများနှင့် ပြန်လည်ဝယ်ယူမည့်သူများ

တောင်ကြီး ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ တင်ပြချက်များတွင် ကြက်သွန်ဖြူမျိုး ပြောင်းစိုက်ပျိုးလိုသူများအတွက် မျိုးပေးပြီး ပြန်ဝယ်ပေးမည့်သူများ လိုချင်ကြောင်း၊ ဈေးကောင်းလည်းရလိုကြောင်း၊ တောင်သူများ တွက်ခြေကိုက်သည့် ကြက်သွန်ဖြူမျိုးဖြန့်ဖြူးသူများနှင့် ပြန်လည်ဝယ်ယူမည့်သူများကို ချိတ်ဆက်လိုကြောင်း ပါဝင်လာသဖြင့် ဇွန် ၂၂ရက်က တောင်ကြီးတွင်ကျင်းပသည့် ကြက်သွန်ဖြူကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မျိုးဖြန့်ဖြူးရန် ထုတ်လုပ်သောကုမ္ပဏီတစ်ခုဖြစ်သည့် ဟဲဟိုးတွင် မျိုးထုတ်နေသော Myanmar Fuhao Agriculture Co; Ltd. နှင့် မြန်မာသီဟထရိတ်ဒင်းကုမ္ပဏီတို့နှင့် ကြက်သွန်ဖြူအသင်းကို ချိတ်ဆက်ပေးနိုင်ခဲ့သည်။

ယခု ကြက်သွန်ဖြူရာသီအမီ မျိုးဖြန့်ဖြူးရေးအတွက် တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီနှစ်ခုသည် မျိုးဖြန့်ဖြူးပေးမည်ဖြစ်သကဲ့သို့ တောင်သူများထံမှ ပြန်လည်ဝယ်ယူရေးကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ကြက်သွန်ဖြူများကို အမေရိကန်နိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

### ခယောင်းလမ်းမှ ပန်းခင်းလမ်း

ကြက်သွန်ဖြူသည် လက်ရှိအချိန်အထိ ခယောင်းလမ်းတွင် လျှောက်လှမ်းဆဲဟုဆိုလျှင် မှားမည်မထင်ပါ။ ယခုနှစ်တွင် ကြက်သွန်ဖြူဈေးမှာ ဈေးကောင်းလျက်ရှိပါသည်။ ရှမ်းကြက်သွန်ဖြူနှင့် ကြူကုတ်ကြက်သွန်ဖြူ နှစ်မျိုးစလုံး ဈေးကောင်းနေသကဲ့သို့ ရှမ်းပြည်နယ်အရှေ့မှလည်း ကြက်သွန်ဖြူများနယ်စပ်ကုန်သွယ်မှုဖြင့် ပိုမိုရောင်းကောင်းတင်ပို့နိုင်လျက်ရှိပါသည်။ သို့ရာတွင် ကြက်သွန်ဖြူ စိုက်ပျိုးသော တောင်သူများအဖို့ ခယောင်းလမ်းမှ ပန်းခင်းလမ်းပေါ်ရောက်ရန်အတွက် Sustainable development ခေါ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်နေရန်လိုအပ်ပါသည်။

Value Chain တစ်ခုလုံး ခိုင်မာအားကောင်းရန် လိုအပ်ပါမည်။ သို့ဖြစ်၍ အထက်ဖော်ပြပါကုမ္ပဏီနှစ်ခုကို အရင်းခံပြီး တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်သို့ ကောင်းစွာချိတ်ဆက်၍ ခယောင်းလမ်းမှ ပန်းခင်းလမ်းသို့ရောက်အောင် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းသကဲ့သို့ ကြက်သွန်ဖြူတောင်သူများ တွက်ခြေကိုက်ရေးအတွက် တတ်နိုင်သည့်ဘက်က ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း သတင်းပါးလိုက်ပါရစေ။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၁၉-၄၃၃၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၅၇-၆၁၁ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံတွင် သကြားဈေးအနည်းငယ်ကျဆင်းလာခဲ့ပြီး ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံများတွင် သကြားဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင်နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၁ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၆ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၂၅ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၆ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပျဉ်းမနားမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် တစ်ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

# အိန္ဒိယနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းနှင့် လျှပ်စစ်ဓာတ်အားခ နှိုင်းယှဉ်ဖော်ပြချက်

စက်သုံးဆီဈေးနှုန်းနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ၌ ဒီဇယ် တစ်လီတာလျှင် မြန်မာကျပ်ငွေဖြင့်သင့်ပါက ကျပ် ၁၄၀၀ ရှိပြီး မြန်မာနိုင်ငံတွင် ကျပ် ၉၃၀ ဈေးနှုန်းရှိသည်။ ဓာတ်ဆီ တစ်လီတာလျှင် အိန္ဒိယနိုင်ငံ၌ မြန်မာကျပ်ငွေဖြင့်သင့်ပါက ၁၅၃၅ ကျပ်ရှိပြီး မြန်မာနိုင်ငံတွင် ကျပ် ၈၅၀ ရှိသဖြင့် ဒီဇယ်နှင့် ဓာတ်ဆီဈေးနှုန်းနှစ်မျိုးစလုံးမှာ မြန်မာနိုင်ငံတွင် ဈေးနှုန်းလျော့နည်းပြီး အိန္ဒိယနိုင်ငံတွင် ဒီဇယ်ဈေးနှုန်းသည် ဓာတ်ဆီဈေးနှုန်းထက်လျော့နည်းပြီး မြန်မာနိုင်ငံတွင် ဒီဇယ်ဈေးနှုန်းသည် ဓာတ်ဆီဈေးနှုန်းထက် ပိုများကြောင်း သုံးသပ်တွေ့ရှိရသည်။

**စက်သုံးဆီဈေးနှုန်း နှိုင်းယှဉ်ချက်**

| စက်သုံးဆီ အမျိုးအစား | အိန္ဒိယနိုင်ငံ | | မြန်မာနိုင်ငံ | မှတ်ချက် |
|---|---|---|---|---|
| | ဈေးနှုန်း (ရူပီး) | ဈေးနှုန်း (ကျပ်) | ဈေးနှုန်း (ကျပ်) | |
| ဒီဇယ် (၁ လီတာ) | ၆၃ ◦၇၈ | ၁၄၀၀ | ၉၃၀ | ၁ ရူပီး = ၂၁ ◦၉၄ ကျပ် |
| ဓာတ်ဆီ (၁ လီတာ) | ၆၉ ◦၉၃ | ၁၅၃၅ | ၈၅၀ | |
| LPG (1 Kg)<br>LPG ထောက်ပံ့ ဈေးနှုန်း | ၄၇ ◦၄၄<br>၃၅ ◦၀၀ | ၁၀၄၀<br>၇၆၈ | ၁၂၀၀<br>- | |
| CNG (၁ လီတာ) | ၄၅ ◦၇ | ၁၀၀၃ | ၁၀၉၃ | |

LPG ဈေးနှုန်းနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံတွင် မြန်မာကျပ်ငွေဖြင့်သင့်ပါက ကျပ် ၁၀၄၀ ရှိပြီး မြန်မာနိုင်ငံတွင် ကျပ် ၁၂၀၀ ရှိသည်ကို တွေ့ရှိရပြီး အိန္ဒိယနိုင်ငံတွင် ထောက်ပံ့ပေးသောဈေးနှုန်းမှာ ၇၆၈ ကျပ်ရှိသည်ကို တွေ့ရှိရသည်။ CNG ဈေးနှုန်းအနေဖြင့် အိန္ဒိယနိုင်ငံတွင် ၁၀၀၃ ကျပ်ရှိပြီး မြန်မာနိုင်ငံတွင် ၁၀၉၃ ကျပ်ရှိကြောင်း တွေ့ရှိရပြီး မြန်မာနိုင်ငံဈေးနှုန်းသည် အနည်းငယ်မြင့်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**လျှပ်စစ်ဓာတ်အားခ နှိုင်းယှဉ်ချက်**

| သုံးစွဲမှု အမျိုးအစား | အိန္ဒိယနိုင်ငံ | | | မြန်မာနိုင်ငံ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | Unit | ဈေးနှုန်း (ရူပီး) | ဈေးနှုန်း (ကျပ်) | Unit | ဈေးနှုန်း (ကျပ်) | |
| အိမ်သုံး | ၀-၂၀၀<br>၂၀၁-၄၀၀<br>၄၀၁-၈၀၀<br>၈၀၁-၁၂၀၀<br>၁၂၀၀ နှင့် အထက် | ၃ ◦၀၀<br>၄ ◦၅<br>၆ ◦၅<br>၇ ◦၀၀<br>၇ ◦၇၅ | ၆၆<br>၉၉<br>၁၄၃<br>၁၅၄<br>၁၇၀ | ၁-၃၀<br>၃၁-၅၀<br>၅၁-၇၅<br>၇၆-၁၀၀<br>၁၀၁-၁၅၀<br>၁၅၁-၂၀၀<br>၂၀၁ နှင့် အထက် | ၃၅<br>၅၀<br>၇၀<br>၉၀<br>၁၁၀<br>၁၂၀<br>၁၂၅ | ၁ ရူပီး = ၂၁ ◦၉၄ ကျပ် |
| စက်မှုသုံး | - | ၇ ◦၂၅ | ၁၅၉ | ၁-၅၀၀<br>၅၀၁-၅၀၀၀<br>၅၀၀၁-၁၀၀၀၀<br>၁၀၀၀၁-၂၀၀၀၀<br>၂၀၀၀၁-၅၀၀၀၀<br>၅၀၀၀၁-၁၀၀၀၀၀<br>၁၀၀၀၀၁ နှင့် အထက် | ၁၂၅<br>၁၃၅<br>၁၄၅<br>၁၅၅<br>၁၆၅<br>၁၇၅<br>၁၈၀ | |

အထက်ပါနှိုင်းယှဉ်ချက်ဇယားအရ အိမ်သုံးမီတာခနှုန်းနှင့် ပတ်သက်၍ Unit 200 အထိ သုံးစွဲမှုတွင် အိန္ဒိယနိုင်ငံ၌ တစ်ယူနစ်လျှင် ၆၆ ကျပ်ရှိပြီး မြန်မာနိုင်ငံတွင် ၃၅ ကျပ်နှုန်းမှ ကျပ် ၁၂၀ နှုန်းအထိ ဈေးနှုန်းအလွှာ ခြောက်မျိုးခွဲခြားထားသည်ကို တွေ့ရှိရ သည်။ ၂၀၀ ယူနစ်သုံးစွဲသော မီတာအတွက် အိန္ဒိယနိုင်ငံတွင် ကျပ် ၁၃၂၀၀ ကျသင့်ပြီး မြန်မာနိုင်ငံတွင် (၃၀ x ၃၅ ကျပ်)+ (ကျပ် ၂၀ x ၅၀)+ (၂၅ x ၇၀ ကျပ်)+ (၂၅ x ၉၀ ကျပ်)+ (ကျပ် ၅၀ x ၁၁၀)+(ကျပ် ၅၀ x ၁၂၀ ကျပ်)= ကျပ် ၁၇၅၅၀ ကျသင့်မည်ဖြစ်သဖြင့် ၂၀၀ ယူနစ်အထိ သုံးစွဲသော အိမ်သုံးမီတာတစ်လုံးအတွက် မြန်မာနိုင်ငံထက် အိန္ဒိယ





နိုင်ငံတွင် ကျပ် ၄၃၅၀ လျော့နည်းပြီး ၃၀ ရာခိုင်နှုန်းခန့် သက်သာမှုရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

စက်မှုသုံးမီတာတွင် အိန္ဒိယနိုင်ငံ၌ ၁၅၉ ကျပ်နှုန်းရှိပြီး မြန်မာနိုင်ငံတွင် ယူနစ် ၁၀၀၀၀၀ အထိ သုံးစွဲမှုတွင် ၁၂၅ ကျပ်နှုန်းမှ ၁၇၅ ကျပ်နှုန်းအထိ ဈေးနှုန်းအလွှာ ခြောက်မျိုးခွဲခြားထားသည်ကို တွေ့ရှိရသည်။ ယူနစ် ၅၀၀၀၀ အထိ သုံးစွဲသော စက်မှုသုံးမီတာ တစ်လုံးအတွက် အိန္ဒိယနိုင်ငံတွင် ကျပ် ၇၉၅၀၀၀၀ ကျသင့်ပြီး မြန်မာနိုင်ငံတွင် ကျပ် ၇၈၉၅၀၀၀ ကျသင့်မည်ဖြစ်သဖြင့် ကုန်ကျစရိတ်များ တူညီမှုနီးပါးရှိသည်ကိုတွေ့ရှိရပြီး ယူနစ် ၁၀၀၀၀၀ အထိ သုံးစွဲပါက အိန္ဒိယနိုင်ငံတွင် ကျပ် ၁၅၉၀၀၀၀၀ ကျသင့်ပြီး မြန်မာနိုင်ငံတွင် ၁၆၆၄၅၀၀၀ ကျသင့်မည်ဖြစ်သဖြင့် အိန္ဒိယနိုင်ငံတွင် ကျပ် ၇၄၅၀၀၀၀ လျော့နည်းပြီး ယူနစ် ၁၀၀၀၀၀ ထက်ကျော်လွန်ပါက အိန္ဒိယနိုင်ငံဘက်မှ ပိုမိုသက်သာလာသည်ကို သုံးသပ်တွေ့ရှိရသည်။


**DOCA**

MYA OO THAR
TRADING COMPANY LIMITED.
Address
Room No.201 (B-3),Aung Zaya Complex , Strand Road , Ahlone Township , Yangon
Phone
09-250149717,09-5065308
E-mail
htay21500@gmail.com





Add : No.39, Daw Thein Tin Road, Mingalar Taung Nyunt Township, Yangon, Myanmar.
Ph : 09-421165252, 09-5079016, 01-394309
Email : myonyunt.psmc@gmail.com, wun2amyo.88@gmail.com


DIAMOND
Plastic Printing and Packaging Factory
အရည်အသွေးကောင်းမွန်သောကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍
ပလတ်စတစ်အိတ်နှင့် အလိတ်မျိုးစုံတို့ကို ကျွမ်းကျင်သောပညာရှင်ကြီးများ
ကိုယ်တိုင်ကြီးကြပ်၍ ခေတ်မီသော စက်သစ်ကြီးများဖြင့် ဝယ်သူတို့၏
စိတ်တိုင်းကျ ထုတ်လုပ်ဆောင်ရွက်ပေးနေပါသည်။
Blowing Machine
Printing Machine
Lamination Machine
Sliting Machine
Bags Making Machine
DIAMOND PRINTING (MYANMAR) CO., LTD.
No. 30, R-7, Zaygabar Zone (4), Mingalardon Industrial Zone, Mingalardon Township, Yangon, Myanmar.
Tel : 09 256448833, 09 781158396, 09 251053281
Email : diamondprintingmyanmar@gmail.com
Website : www.diamondprintingmyanmar.com


GLOBAL FIRE ALARM CO., LTD
No.870,MaharBawga Street, Ward-8, Mayangone Township, Yangon.
E-mail: info@globalfirealarm.com, Phone (+95) 925 925 5514, 978 003 2977
Available Services
Material Supply
Consultation Services
Design Services
Installation Services
Maintenence Services
Inspection Services
Fire Pumps
CONVENTIONAL & ADDRESSABLE FIRE ALARM EQUIPMENT
Sprinkler System
Hydrant, Dry Riser, Wet Riser, Hose Reel System
Grooved Fittings
Kitchen Hood
FM 200 & NOVEC 1230
Vesda System
Fire Protection is only what we belong to
MATERIALS SERVICES MANPOWER


25
25th Group Co.,Ltd
SECURITY
SECURITY
Your Risk is Our Concern
HEAD OFFICE : No(444), Bahtoo Road, Dagon (North) Township, Yangon, Myanmar
Phone : (+959) 73213603, (+959) 694030159
E-mail : info@25thsecurityservice.com


SJP
ALL SEAL SJP COMPANY LIMITED
MULTI-LON
NO. 211, ROOM 5, FIRST FLOOR, BOTATAUNG PAGODA ROAD, YANGON, MYANMAR.
TEL : 09-5188524
FAX : 01-397226
E-MAIL: sjpmyaseal.com

# သုံးလွှမ်းတင်မှုကြီး ဒေါင်ဒေါင်မြည်မှအိုး

မျိုးအောင်

ခိုင်မာတောင့်တင်းသော ကြိုးကောင်းတစ်ချောင်းကို လိုချင်လျှင် ကြိုးသုံးချောင်းကို အပြန်အလှန် လွန်းတင်ကျစ်မှသာလျှင် ခိုင်မာတောင့်တင်းသော ကြိုးကောင်းတစ်ချောင်းရရှိနိုင်မည် ဖြစ်သကဲ့သို့ အိုးကောင်းတစ်လုံးရရှိရန်လည်း အိုးပြုလုပ်ရာတွင် ပါဝင်သည့် ရွှံ့စေးမြေ၏ အရည်အသွေး၊ ပြုလုပ်ပုံနည်းစနစ် အဆင့်ဆင့်နှင့် အိုးကျက်အောင် မီးနာနာဖုတ်နိုင်မှသာလျှင် ကျစ်လျစ်သိပ်သည်း ခိုင်မာသည့် အိုးကောင်းတစ်လုံးကို ရရှိနိုင်မည်ဖြစ်ပေသည်။ ထို့အတွက်ကြောင့်ပင် "သုံးလွှန်းတင်မှုကြီး ဒေါင်ဒေါင်မြည်မှအိုး" ဟု ဆိုရိုးစကားရှိခဲ့ပေသည်။

ထိုကဲ့သို့ ဆိုရိုးစကားနည်းတူ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တောင်သူများ၏ အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် တောနေလူတန်းစားများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်သာ မြို့နေလူတန်းစားများ ဖြစ်ပေသည်။ တောနေ လူတန်းစား ၇၀ရာခိုင်နှုန်းခန့်သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြပေသည်။

လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ဆောင်ရွက်သည့် တောင်သူများအနေဖြင့် တစ်နှစ် တစ်သီးစား၊ နှစ်သီးစားလောက်မျှဖြင့် ရောင့်ရဲတင်းတိမ်မနေသင့်ပေ။ ယနေ့ခေတ်သည်နည်းပညာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည်ဖြစ်ရာ ရာသီအလိုက်ဈေးကွက်ခိုင်မာပြီး အကျိုးအမြတ် ပိုမိုရရှိစေနိုင်မည့်သီးနှံများကို တစ်နှစ်"သုံးရာသီသုံးသီး"စား မဖြစ်မနေ ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်သင့်ပေသည်။

နိုင်ငံတော်ကလည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ထုတ်ကုန်များမြင့်မားလာစေရေးနှင့် ပို့ကုန်ဝင်ငွေများ ပိုမိုရရှိလာနိုင်ရေးအတွက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို သက်ဆိုင်ရာဌာနအသီးသီးမှ ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ ရာသီဥတုတွင် အခြားနိုင်ငံများနှင့်မတူဘဲ တစ်နှစ်လျှင် သုံးရာသီဖြင့် ကြုံတွေ့ရပေသည်။ တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေသောက်လယ်ယာမြေများတွင် မဖြစ်မနေ တစ်နှစ်သုံးသီး စိုက်ပျိုးသင့်ပေသည်။အဘယ်ကြောင့်ဆိုသော် တစ်သီးလျော့နည်း စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ထုတ်ကုန်များလျော့နည်းပြီး ပို့ကုန်ဝင်ငွေများကိုလည်း ထိခိုက်စေနိုင်သည့်အပြင် တောင်သူများ၏ အကျိုးအမြတ် ဝင်ငွေများပါလျော့နည်းလာမည်လည်း ဖြစ်ပေသည်။

မိမိတို့၏ လယ်ယာမြေအား တစ်နှစ်"သုံးရာသီသုံးသီး" စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို အထူးအလေးထား ဆောင်ရွက်သင့်ပေသည်။ တစ်နှစ် "သုံးရာသီသုံးသီး" စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် အကျိုးအမြတ်ဝင်ငွေ ပိုမိုရရှိစေပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်လည်းဖြစ်ပေသည်။ ပြည်တွင်းထုတ်ကုန်အနေဖြင့်လည်း "သုံးဆ"တိုးတက်မြင့်မားလာမှုကြောင့် ပို့ကုန်ဝင်ငွေများ မြင့်မားလာပြီး နိုင်ငံတော်၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပေသည်။

တစ်နှစ် "သုံးရာသီသုံးသီး" စိုက်ပျိုးထုတ်လုပ်ရာတွင် ဈေးကွက်ခိုင်မာမှုရှိပြီး ပြည်ပဝယ်လိုအားကောင်းသော သီးနှံများကို ရွေးချယ်စိုက်ပျိုးရပေမည်။ နွေသီးနှံတွင် ရေသွင်းနှမ်းနက်၊ မိုးသီးနှံတွင် ပေါ်ဆန်းမွှေးစပါးနှင့် ဆောင်းသီးနှံတွင် ကုလားပဲသီးနှံများကို ရွေးချယ်စိုက်ပျိုးသင့်ပေသည်။ ပေါ်ဆန်းမွှေးစပါးနှင့် နှမ်းနက်သီးနှံများသည်ဈေးကွက်ကောင်းမွန်ပြီး တောင်သူများ အကျိုးအမြတ် ပိုမိုရရှိနိုင်မည့်သီးနှံဖြစ်သလိုကုလားပဲသီးနှံသည်လည်း ပြည်တွင်းစားသုံးမှုအားကောင်းပြီး ဈေးကွက်တည်ငြိမ်သောသီးနှံဖြစ်ပေသည်။

မြန်မာနိုင်ငံတွင်(ဖေဖော်ဝါရီလမှ မေလ)အထိသည်နွေရာသီကာလဖြစ်၍ ဆည်ရေသောက်လယ်မြေများတွင်နွေစပါးနှင့် နှမ်းသီးနှံများ စိုက်ပျိုးလျက်ရှိရာ နှမ်းသီးနှံသည်ဈေးကွက်ခိုင်မာပြီး နိုင်ငံတော်သို့ ပို့ကုန်ဝင်ငွေရရှိအောင် တစ်စိတ်တစ်ပိုင်း ပံ့ပိုးပေးနေသော အခန်းကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက်ရှိပေသည်။ နှမ်းသီးနှံသည် ပြည်ပပို့ကုန်ဖြစ်သည့်အလျောက် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသောထွက်ကုန်သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်မှသာလျှင် ဈေးကွက်ခိုင်မာပြီး အကျိုးအမြတ် ခံစားနိုင်ကြမည်လည်း ဖြစ်ပေသည်။

စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်မည့် သီးနှံများ၏ ဈေးကွက်ရရှိနိုင်မှု၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်မှု၊ စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ် မှန်ကန်မှုတို့နှင့်အထွက်နှုန်းများ ကောင်းမွန်စေရေးတို့ကို အခြေခံ၍ လေ့လာမှတ်သားစိုက်ပျိုးထုတ်လုပ်ရမည်လည်း ဖြစ်ပေသည်။ သို့မှသာ မိမိတို့၏ အကျိုးစီးပွားနစ်နာဆုံးရှုံးမှုများမှ ကင်းဝေးစေနိုင်ပေမည်။ စိုက်ပျိုးသီးနှံများတွင် အဓိကအားဖြင့် မျိုးကောင်းမျိုးသန့်ရရှိရန် အလွန်ပင် အရေးကြီးလှပေသည်။ သို့မှသာ အပင်ပေါက်နှုန်း ကောင်းမွန်ပြီး အထွက်နှုန်းလည်း ကောင်းမွန်ပေလိမ့်မည်။

နွေသီးနှံတစ်ဧက စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ကုန်ကျစရိတ် ကျပ် ၃၀၀၀၀၀ ခန့်မျှကုန်ကျနိုင်ပြီး ရာသီဥတု မျှတကောင်းမွန်ပြီး နည်းစနစ်တကျ မှန်ကန်စွာ အလေးထား ဆောင်ရွက်လုပ်ကိုင်ပါက တစ်ဧက တင်း ၂၀ မျှထိ ထွက်ရှိနိုင်မည်ဖြစ်ပြီး အနည်းဆုံး ၁၀ မှ ၁၅ တင်းအထိ ထွက်ရှိနိုင်ပေသည်။ ယခုနှစ်နှမ်းနက်ပေါ်ချိန် ဈေးသည် တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ရှိရာ တစ်ဧကပေါ်တွင် ၁၀ တင်း ထွက်ရှိသည့် တောင်သူများအနေဖြင့် အကျိုးအမြတ်အားဖြင့် ကျပ် ၆၀၀၀၀ ရရှိနိုင်မည်ဖြစ်သည်။

နွေနှမ်းသီးနှံ ရိတ်သိမ်းပြီးချိန်တွင် မိုးစပါးဆက်လက်စိုက်ပျိုးမည်ဖြစ်ပေရာ မိမိတို့လယ်မြေများအား ထွန်လှန်မှောက်ထားသင့်ပေသည်။ ရိတ်ဖြတ်ပြီး နှမ်းအရိုးတန်များသည် မိုးရေဖြင့် ဆွေးမြေ့ကာ မြေသြဇာအသွင်ဖြင့် ပြောင်းလဲကာမိုးစပါး စိုက်ပျိုးရာတွင်စပါးပင် ပိုမိုဖြစ်ထွန်းအောင်မြင်စေပြီး သွင်းအားစုကုန်ကျစရိတ်များကို လျော့နည်းစေခြင်းဖြင့် သာမန်ထက် အကျိုးအမြတ် ပိုမိုရရှိနိုင်ပေမည်ဖြစ်ပေသည်။

ဇွန်လမှ စက်တင်ဘာလအထိသည် မိုးရာသီအချိန်ဖြစ်၍ နိုင်ငံနှင့်အဝန်း ကောက်ကြီးစပါးများကို စိုက်ပျိုးကြရာမှ ပေါ်ဆန်းမွှေးစပါးတစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်သည် သွင်းအားစုအပေါ်မူတည်၍ ကျပ် ၃၀၀၀၀၀ မှ ၃၅၀၀၀၀ အထိ ကုန်ကျနိုင်ပေမည်။ စနစ်တကျ အလေးထားဆောင်ရွက်လုပ်ကိုင်ပါက တစ်ဧကလျှင် အနည်းဆုံး ၇၅ တင်းထိ ထွက်ရှိနိုင်ပေသည်။

အောက်တိုဘာလမှ ဇွန်လအထိသည် ဆောင်းရာသီဖြစ်၍ ဆောင်းသီးနှံ ကုလားပဲစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်သည်လည်း ကျပ် ၂၅၀၀၀၀ ခန့်ရှိနိုင်မည်ဖြစ်ပြီး အထွက်နှုန်းအနေဖြင့် အနည်းဆုံး ၂၅ တင်းခန့်ထွက်ရှိနိုင်သည်ဖြစ်ရာ ပေါ်ချိန်ဈေးတစ်တင်းလျှင် ကျပ် ၃၅၀၀၀၀ ဖြစ်ရာ တစ်ဧကအပေါ်တွင် ကျပ် ၅၀၀၀၀၀ အထိ အကျိုးအမြတ်ရရှိနိုင်ပေသည်။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့်လည်း တစ်နှစ် "သုံးရာသီသုံးသီး" စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက လယ်မြေတစ်ဧကအပေါ်တွင် အကျိုးအမြတ်ဝင်ငွေ ၁၈ သိန်းခန့်ထိ ရရှိနိုင်မည်ဖြစ်ပေရာ ရာသီအလိုက်သီးနှံများကို အချိန်နှင့် တစ်ပြေးညီကြိုးပမ်းစိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်သင့်ပေသည်။ သို့မှသာ မိမိတို့တောင်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံတော်၏ လယ်ယာကဏ္ဍမှထုတ်ကုန်များ မြင့်မားလာပြီ ပို့ကုန်ဝင်ငွေများ ရရှိနိုင်မည်ဖြစ်ပေရာ တစ်နည်းအားဖြင့်နိုင်ငံတော်၏ စီးပွားရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်လည်း ဖြစ်ပေသည်။

စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း သုံးလွှန်းတင်၍ ခိုင်မာတောင့်တင်းသော ကြိုးကောင်းတစ်ချောင်းရရှိနိုင်သကဲ့သို့ မိမိတို့၏ လယ်ယာမြေများပေါ်တွင်လည်း တစ်နှစ် "သုံးရာသီသုံးသီး" စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့်ဒေါင်ဒေါင်မြည်သည့်အိုးကောင်းတစ်လုံးပမာ တောင်သူများ၏ အကျိုးစီးပွားနှင့် လူနေမှုဘဝများ ခိုင်မာတိုးတက်မြင့်မားရေးအတွက် ရာသီအလိုက် ပလပ်မြေမရှိအချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ကြိုးပမ်း စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# စားဖိုဆောင်သီးနှံများ ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများ ကျဆင်းနေ

မြန်မာအစိုးရအနေဖြင့်ပြည်တွင်းလုပ်ငန်းရှင်များ၏ တောင်းဆိုချက်များကြောင့် တရုတ်နိုင်ငံမှ စားဖိုဆောင်သီးနှံများ တင်သွင်းမှုကိုကန့်သတ်ထားသော်လည်း ပြည်တွင်းစားဖိုဆောင်သီးနှံများ လှိုင်လှိုင်ပေါ်ချိန်တွင် တရုတ်ဘက်မှောင်ခိုလမ်းကြောင်းမှ ဆက်လက်ဝင်ရောက်နေသည့်အတွက် စားဖိုဆောင်သီးနှံများ ဈေးနှုန်းကျဆင်းလာကြောင်း ရန်ကုန်မြို့ရှိ ဘုရင့်နောင် ကုန်စည်ဒိုင်များမှ သိရသည်။

"ဟိုတစ်လောကတော့ တရုတ်ဘက်ကလည်း မှောင်ခိုတင်သွင်းမှု ထိန်းချုပ်လိုက်တော့ ပြည်တွင်းကလည်း ပေါ်ခါစဆိုတော့ တောင်သူတွေလည်း ဈေးကောင်းလေးတွေရတယ်။ အခုက တောင်သူတွေဆီက သီးနှံတွေက လှိုင်လှိုင်ပေါ်ပြီ။ အဲဒီအချိန် မှောင်ခိုလမ်းကြောင်းတွေကလည်း အများကြီးရှိတော့ ဝင်လို့ရတဲ့နေရာကနေ ဝင်လာနေတာပဲ။ အဲဒီလိုအကုန်စုပြုံဝင်လာတော့ ဈေးကတော့ပြန်ကျသွားတယ်"ဟု ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ စိန်ဖလားပွဲရုံမှ ကိုစိန်ကုလားကပြောသည်။

စားဖိုဆောင်သီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် ငရုတ်တို့သည် ဇူလိုင်လအတွင်း တရုတ်နိုင်ငံက တင်သွင်းမှုကန့်သတ်လိုက်ခြင်းကြောင့် ဈေးများမြင့်တက်ခဲ့ခြင်းဖြစ်ပြီး ထိုကာလများနှင့် နှိုင်းယှဉ်လျှင် ယခုအခါတွင် သီးနှံတစ်မျိုးလျှင် ကျပ် ၄၀၀ မှကျပ် ၅၀၀ ခန့်အထိ ဈေးနှုန်းများကျဆင်းသွားခြင်းဖြစ်သည်။

"တောင်သူတွေအနေနဲ့ဆို စိုက်သာစိုက်ကြတာ၊ သီးနှံပေါ်ချိန်ဆို နယ်စပ်မှောင်ခိုလမ်းကြောင်းတွေက သီးနှံတွေထပ်ဝင်တော့ တောင်သူတွေလည်း ဈေးကောင်းနဲ့မရောင်းရဘူး။ ကုန်သည်တွေအနေနဲ့လည်း အဆင်မပြေဘူး။ အဲဒီအတွက်ကြောင့် အရင်လကကုန်သည်တွေ စုပြီးတောင်းဆိုလို့ နယ်စပ်ဘက်က ဝင်တာတွေကျပ် လိုက် တော့၊ စားဖိုဆောင်သီးနှံတွေဆိုလည်း ဈေးလေးတွေပြန်တက်သွားတယ်။ စိုက်တဲ့လူတွေရော ကုန်သည်တွေရော အဆင်ပြေတာပေါ့။ အခုက သီးနှံတွေလှိုင်လှိုင်ပေါ်ချိန် နယ်စပ်ဘက်ကလည်း ပြန်ဝင်တော့ ဈေးတွေကျသွားတယ်"ဟု နဒီပွဲရုံမှ ဒေါ်သူဇာက ပြောသည်။

ဩဂုတ် ၂ရက်စားဖိုဆောင်သီးနှံဈေးနှုန်းများမှာ ကြက်သွန်နီ တစ်ပိဿာဈေးနှုန်း အမျိုးအစားလိုက်၍ ၆၇၃ကျပ်မှ ကျပ် ၉၀၀ အထိရှိပြီး ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၂၉၀၀ မှ ကျပ် ၃၄၀၀ ရှိကြောင်း၊ အာလူးတစ်ပိဿာလျှင် ကျပ် ၆၅၀ မှ ကျပ် ၁၁၀၀ အထိရှိကာ မန်ကျည်းသီး တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ကျပ် ၁၅၅၀ ပေါက်ဈေးရှိပြီး ငရုတ်အစို တစ်ပိဿာ ပေါက်ဈေးမှာ ကျပ် ၁၂၀၀ မှ ကျပ် ၁၃၀၀ ပေါက်ဈေးရှိပြီး ငရုတ်အခြောက်ဈေးနှုန်းမှာ ကျပ် ၃၂၀၀ မှ ကျပ် ၃၆၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ **ပန်းဆု**

## မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေး

# မြန်မာဘက်ခြမ်းတွင် ကြိုတင် ပြင်ဆင်ရဦးမည်

| မောင်လွင်ပြင် |

မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ အကောင်အထည်ဖော်ရန် ရှိနေသည်။ အကြမ်းဖျင်းအားဖြင့် မူဆယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီဒေသတို့တွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဇုန်များ တည်ထောင်ရန် လျာထားမှုရှိသည်။ ယင်းသို့ အစီအစဉ်များရှိကြောင်းကို မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ၂၀၁၉ ခုနှစ် မေလအတွင်း ပြုလုပ်သည့် ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ၏ တည်နေရာများအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် မူဆယ်နှင့် ချင်းရွှေဟော်၊ ကချင်ပြည်နယ်တွင် ကန်ပိုက်တီတို့ကို ရွေးချယ်ထားကြောင်း သိရသည်။ ယင်းဒေသများတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ဆောက်ပြီး Core Zone (ဗဟို အချက်အချာဇုန်)၊ ပို့ကုန်၊ သွင်းကုန်ပစ္စည်း သိုလှောင်ရုံများ ဖွဲ့စည်းတည်ထောင်မည်ဟုလည်း သိရသည်။ မူဆယ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်လျှင် မူဆယ်(ဟိုဆောင်) ကျယ်ဂေါင်ကို ဗဟိုချက်ဇုန်အဖြစ် ထားမည်။ ကြူကုတ်(ပန်ဆိုင်း) ဝမ်တိန်-နွမ်းရင်(ကျိန်စမ်းကျော့) မန့်မန်(ရွှေလီ)တို့ကို ပို့ကုန်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် အကောက်ခွန်ဆိုင်ရာ ဧရိယာများအဖြစ် ထားမည်။ ဆယ်လန့် (မန်ဟီးရိုး) ဆယ်လင်းနှင့် နမ့်ခမ်း- နောင်တောင်းတို့ကို သွင်းကုန်နှင့် အကောက်ခွန်ဆိုင်ရာ ဧရိယာ ဒေသများအဖြစ် သတ်မှတ်ဖွဲ့စည်းတည်ထောင်သွားမည်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဗဟိုကော်မတီပထမအကြိမ် အစည်းအဝေးတွင် အကျယ်တဝင့် ထုတ်ဖော်ပြောကြားခဲ့သည်။


မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်(BECZ)များ တည်ထောင်ခြင်းကို နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။ မကြာမီ ပါဝင်ဆောင်ရွက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအား EOI (စိတ်ဝင်စားလွှာ) များ ခေါ်ယူသွားမည်ဟုလည်း ပြောကြားခဲ့ပါသေးသည်။ "မူဆယ်နယ်စပ်မှာ စီးပွားရေး ဇုန်ဆောက်ဖို့ကို မကြာခင်မှာ EOI ခေါ်ယူပါတော့မယ်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီတို့ရောပေါ့။ သုံးနေရာစလုံးမှာ EOI ခေါ်ဖို့ ရှိတယ်။ စိတ်ပါဝင်စားတဲ့ ပြည်တွင်းက Developer တွေ ဝင်လျှောက်လို့ ရတယ်။ အဲဒီအပေါ် မူတည်ပြီး ဘယ်လိုနေရာတွေမှာ ဘာလုပ်မယ်ဆိုတာ ဆက်ပြီး ဆောင်ရွက်မယ်။ တရုတ်နိုင်ငံဘက်ကလည်း နှစ်နိုင်ငံ SEZ (အထူးစီးပွားရေးဇုန်)နဲ့ပတ်သက်ပြီး သူတို့ဘက်က Framework Agreement (မူဘောင်သဘောတူချက်) ပို့ထားတာရှိတယ်။ အဲဒီအပေါ်မှာ မူကြမ်းအပေါ်မှာ ကျွန်တော်တို့က ဆွေးနွေးပြီး တစ်ဖက်နိုင်ငံကို ပြန်ပို့ဖို့ရှိတယ်။ နယ်စပ်စီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး Framework Agreement ကို လက်မှတ်ထိုးသွားဖို့ ရှိပါတယ်"ဟုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် မီဒီယာများသို့ ပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ခြင်းသည် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သော ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI-Belt and Road Initiative) နှင့် တိုက်ရိုက် သက်ဆိုင်နေသည့် သဘောရှိသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ BRI စီမံကိန်း အစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် သဘောတူခဲ့ပြီးဖြစ်သည်။ BRI စီမံကိန်းဟူသည် ခေတ်သစ်ကုန်သွယ်ရေးလမ်းကြောင်းများ ဖော်ဆောင်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် နိုင်ငံများအချင်းချင်း အပြန်အလှန် ကူးသန်းရောင်းဝယ်ကြမည့် အစီအစဉ်ဖြစ်သည်။ ရပ်ဝန်းနှင့် ပိုးလမ်းမကုန်သွယ်ရေး စီမံကိန်းကြီးတွင် ကုန်းကြောင်း၊ ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများ ဖော်ဆောင်မည်။ ကုန်းကြောင်းလမ်း ဖော်ဆောင်ရာတွင် အာရှနှင့် ဥရောပအလယ်ပိုင်းကို ဆက်သွယ်ထားသည့် ယခင် ပိုးလမ်းမဟောင်းကို ခေတ်သစ်ပိုးလမ်းမအဖြစ် အသုံးချမည်။ ရေကြောင်းလမ်းကတော့ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်စင်းကို အဓိကအသုံးချမည်။ မြန်မာနိုင်ငံသည် BRI အစီအစဉ်အရ ပြည်တွင်း၌ အကောင်အထည်ဖော်မည့် တရုတ်- မြန်မာ စီးပွားရေး စင်္ကြံဆိုင်ရာ စီမံကိန်းများ လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆိုပြီးဖြစ်သည်။ ထို့ပြင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ခြင်းသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရများမှတစ်ဆင့် ပုဂ္ဂလိက ကုမ္ပဏီများက အဆိုပြုလာသော ဒေသန္တရဇုန်များတည်ထောင်ခြင်းဆိုင်ရာ ကိစ္စများနှင့်လည်း သက်ဆိုင်နေသည်။ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ ပါဝင်ဆောင်ရွက်ခွင့်ရရန် စီးပွားရေးဇုန်တည်ထောင်ခြင်း စိတ်ဝင်စားလွှာ (EOI) များ ခေါ်ယူသွားရန် စီစဉ်ခြင်းဖြစ်သည်။

ဇူလိုင်လအတွင်း မြန်မာ-တရုတ် နယ်စပ်စီးပွား ရေးပူးပေါင်း ဆောင်ရွက်မှုဇုန်တည်ထောင်ခြင်းနှင့်ပတ်သက်သည့် သတင်းတစ်ပုဒ် ပေါ်ထွက်ခဲ့၏။ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်အကောင်အထည်ဖော်ရေးနှင့်ပတ်သက်ပြီး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ညှိနှိုင်းမှုများကို လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ-တရုတ် နယ်စပ် ကချင်ပြည်နယ် ကန်ပိုက်တီတွင် မကြာမီကာလအတွင်း နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တစ်ခု စနစ်တကျ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းတွင် လက်ရှိထက် ဝန်ဆောင်မှုများ ပေးနိုင်ရန် လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးရေးကိရိယာ (X-Ray) စသည်တို့နှင့် အခြားလိုအပ်သည်များ တိုးမြှင့်တည်ဆောက်မည့် အစီအစဉ်များရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားကြောင်း သိရသည်။ ဝန်ကြီးဌာနသည် ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်မည့် ငါးနှစ်စီမံကိန်းလျာထားချက်တွင် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်း ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေကျပ် ၈၄ သန်း ထည့်သွင်းလျာထားကြောင်းကိုလည်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားခဲ့ပါသေးသည်။

မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၆ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ ကျင်းပခဲ့သည်။ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင် အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံညှိနှိုင်းမှုအရ မူဆယ်-ရွှေလီ-ကျယ်ဂေါင်ကို ဦးစားပေး တည်ထောင်ရန်ဖြစ်သော်လည်း တရုတ်နိုင်ငံဘက်ခြမ်းတွင် လျာထားတည်နေရာသုံးခုစလုံး အခြေခံအဆောက်အအုံများ အဆင်သင့်နီးပါးဖြစ်နေမှုကို တွေ့ရှိရကြောင်း၊ မြန်မာဘက်ခြမ်းတွင် မြေနေရာ အသုံးပြုခွင့်ရရှိရေးနှင့် လမ်းပန်း ဆက်သွယ်မှုဆိုင်ရာ ကိစ္စများ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန်ဖြစ်ကြောင်း၊ မြေနေရာ ရွေးချယ်ရာတွင် နှစ်နိုင်ငံ နယ်စပ်နယ်နိမိတ်မျဉ်း အတည်ပြုသတ်မှတ်ပြီးဖြစ်၍ အရေးကြီးကြောင်း၊ လမ်းပန်းဆက်သွယ်မှုမှာလည်း မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ ထိခိုက်ပျက်စီးမှုမရှိစေရေး၊ ယဉ်ကျေးမှု ထိခိုက်ပျက်စီး မှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ မူလစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းကျဆင်းမှု မရှိစေရေးနှင့် လူမှုစီးပွားဘဝ ထိခိုက်နစ်နာဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးတို့အတွက် နယ်စပ်စီးပွားရေးဇုန် လျာထားနေရာနှင့် မလွတ်ကင်းသည့် နေအိမ်နှင့် စိုက်ပျိုးမြေများအတွက် လျော်ကြေးနှင့် မြေယာအစားထိုးပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းများကို ပြောကြားသွားခဲ့သည်ဟု သိရပါကြောင်း စုစည်းတင်ပြလိုက်ရပါသည်။

■



# ရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ပေါ်ရှိ ရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီသည် တိုင်းအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဈေးကွက်ဝင် အရည်အသွေးကောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဒေသခံ တောင်သူများနှင့် ပူးပေါင်း၍ ကုမ္ပဏီ စတင်တည်ထောင်သည့် ၂၀၀၈-၂၀၀၉ ခုနှစ်မှစတင်၍ မျိုးထုတ်ဇုန်ဖြင့် မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယခု ၂၀၁၉ ခုနှစ် မိုးစပါးရာသီမှာ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် ဖျာပုံမြို့နယ်များတွင် တောင်သူတစ်ဦးကို ၁၅ ဧကနှင့် ဧက ၅၀ အတွင်း ပေါ်ဆန်းကြီး၊ ပေါ်ဆန်းရင် ဆင်းသွယ်လတ်၊ သီးထပ်ရင်၊ ဆင်းသုခ၊ ရောမင်း၊ ပခန်း စသည့် စပါးမျိုး ခုနစ်မျိုး စုစုပေါင်း မျိုးသန့် ၂၅၇ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မျိုးသန့်စပါးထုတ်မည့်တောင်သူများကို ကုမ္ပဏီမှမျိုးစေ့၊ စိုက်ပျိုးစရိတ် တစ်ဧက ကျပ်တစ်သိန်းခွဲနှုန်း၊ သွင်းအားစု (စက်သုံးဆီ၊ ဓာတ်မြေဩဇာ)များ ပံ့ပိုးပေးမှာဖြစ်သည့်အပြင် မြေပြုပြင်ပေးခြင်း၊ မျိုးကွဲပယ်ပေးခြင်းနှင့် နည်းပညာပါ အကူအညီပေးမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ထွက်ရှိလာသော မျိုးသန့်စပါးများကို ကုမ္ပဏီမှ ဒေသပေါက်ဈေးထက် ကျပ် ၂၀၀၀၀၀ ဈေးပိုပေးမှာဖြစ်ပြီး တောင်သူများအနေနှင့် အာမခံစပါးတင်း ပေါ်ဆန်းကြီး၊ ပေါ်ဆန်းရင် တင်း ၃၀ ကျန် ညှော့မထစပါးများအတွက် အထွက်နှုန်းပေါ်မူတည်၍ တင်း ၄၀-၅၀ ရောင်းပေးမည်ဖြစ်ကြောင်း ရောပုသိမ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က ပြောသည်။

ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်များရှိ (အကျိုးတူကန်ထရိုက် လယ်ယာစနစ်ဖြင့်) စပါးစိုက်ပျိုးမည့်တောင်သူများကို လိုအပ်လျှင် လယ်ယာမြေပြုပြင်ပေးခြင်း၊ မျိုးစပါး၊ သွင်းအားစု (စက်သုံးဆီ၊ ဓာတ်မြေဩဇာ)၊ စိုက်ပျိုးစရိတ် တစ်ဧကကို ကျပ်တစ်သိန်းနှုန်း ပံ့ပိုးပေးမည်ဖြစ်ပြီး ထွက်ရှိလာသော စပါးများကို အာမခံတင်းပေါ်ဆန်ကြီး၊ ပေါ်ဆန်းရင် တင်း ၃၀၊ အခြားစပါးတင်း ၄၀-၅၀ ကုမ္ပဏီသို့ရောင်းချပေးရမည်ဖြစ်ကြောင်း ထွက်ရှိလာသော စပါးများကို ဒေသပေါက်ဈေးနှုန်းအတိုင်း ဝယ်ယူသွားမည်ဖြစ်ပြီး ကန်ထရိုက်လယ်ယာစနစ်ဖြစ် အကျိုးတူစိုက်ပျိုးမည့် စိုက်ဧက ၇၀၀ ခန့်ကို တောင်သူများနှင့် စာချုပ်ချုပ်သွားမည်ဖြစ်ကြောင်း ရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က ဆက်လက်ပြောကြားသည်။

**ရောမြေ (ပုသိမ်)**

# အဝင်များပြီး အရောင်းအဝယ်အေးနေသည့် မိတ္ထီလာကြက်သွန်နီ

ယခုတစ်ပတ် မိတ္ထီလာဈေးကွက်အတွင်းသို့ ကြက်သွန်နီအဝင်များသော်လည်းယခင်နှစ် စိုက်ပျိုးချိန်တွင်မိုးများခဲ့သည့်အတွက် အရည်အသွေး အနည်းငယ်ညံ့နေကြောင်း၊ ကြာရှည်ထားရန် အခက်အခဲရှိကြောင်း၊ ပြည်တွင်းတင်ပို့မှုအနေဖြင့် ပုံမှန်ရှိသော်လည်း မော်လမြိုင်၊ မြဝတီ၊ မူဆယ်နယ်စပ်များသို့ တင်ပို့ရာတွင် ပစ္စည်း အရည်အသွေးကောင်းများရှားပါးသည့်အတွက် ထင်သလောက်မပို့နိုင်ကြောင်း၊ ယခုလက်ရှိကုန်သည်နှင့် တောင်သူများလက်ဝယ်တွင် ပစ္စည်းလက်ကျန်အများအပြားရှိသေးကြောင်း ဒေသခံကုန်သည်များထံ မှ သိရသည်။ ဈေးနှုန်းအနေဖြင့် ဇူလိုင်လ နောက်ဆုံးပတ်၌ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၇၀၀-၇၂၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီတစ်ပိဿာကျပ် ၆၅၀-၇၀၀ ဖြင့်ဈေး အနည်းငယ်ကျကြောင်း စုံစမ်းသိရှိရသည်။ **မူမူသန်း(မိတ္ထီလာ)**

# ယခုတစ်ပတ် ရော်ဘာတန်ချိန် သုံးထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိကာလအတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၃၇၂ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၆၀ နီးပါး တင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှ RSS-1 အမျိုးအစား ၃၂ တန်၊ RSS-3 အမျိုးအစား ၅၄ တန်၊ RSS-5 အမျိုးအစား ၂၂ တန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၆၆ တန်ကျော်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ RSS-4 အမျိုးအစား ၈၄ တန်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန်၃၀ ကျော် အပို့လျော့ကျခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ လေးသန်းကျော်တန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံ တန်ချိန် ၃၀၀၀ နီးပါး တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာ ရေကြောင်းမှ တရုတ်၊ မလေးရှား၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများသို့တင်ပို့ပြီး မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားနှင့် MSR-20 အမျိုးအစား တန်ချိန် ၆၀၀ ခန့်၊ တရုတ်နိုင်ငံသို့ Synthetic ရော်ဘာ အမျိုးအစားတန်ချိန် ၇၀၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား တန်ချိန် ၄၉၀ နီးပါး၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား တန်ချိန် ၃၇၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာအမျိုးအစားစုံ တန်ချိန် ၈၀၀ ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၉၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။ နယ်စပ်နှင့် ရေကြောင်းမှ ရက်သတ္တပတ်အတွင်း ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ တန်ချိန် ၃၂၀၀ ကျော်ဖြစ်သည်။ မြန်မာ-တရုတ် နယ်စပ်မှ တင်ပို့မှု လျော့ကျခဲ့သော်လည်း ရေကြောင်းလမ်းမှ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နိုင်ငံတကာရော်ဘာ ဈေးအတက်အကျ သိပ်မရှိကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# သဇင်မြေကုန်သွယ်မှု ဗဟိုဌာန၏ ကုန်သွယ်မှု

၂၀၁၉ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း(အစို)အရေအတွက် ၁၀၇၅၀၀ KG တင်ပို့ခဲ့ပြီး ၁၂၃၃၂၆၀၂၈ ဒသမ ၄၀ ကျပ်တန်ဖိုး တင်ပို့ခဲ့သည်။

ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်အထိ ချင်း(အစို) အရေအတွက် 31000KG တင်ပို့ခဲ့ပြီး ၃၅၆၁၇၀၆၅ ဒသမ ၆၀ ကျပ်တန်ဖိုးတင်ပို့ခဲ့သည်ဟု သိရှိရသည်။ ယခင်တစ်ပတ်ထက် ယခုအပတ်တွင် ချင်း(အစို)အရေအတွက် 76500 KG ထိ ပိုတင်ပို့ခဲ့ပြီး ၈၇၇၀၈၉၆၃ ကျပ်တန်ဖိုးထိ တင်ပို့နိုင်ခဲ့သည်ဟု သိရှိ ရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ဆီးသီးခြောက်၊ ကုလားပဲ၊ ချင်း (အစို)၊ ဆီးဖတ်၊ မန်ကျည်းဖတ်(အစေ့ပါ)၊ မန်ကျည်းစေ့၊ နွား(အရှင်)၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၁၄၁၇၅ ဒသမ ၅၄ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်း ရရှိသည်။

ရခိုင်ပြည်နယ် ကျောက်တော်သီးနှံကုန်စည် ဒိုင်တွင် ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ သီရိဒုံစပါး၊ ရွှေဝါထွန်းစပါး၊ မနောသုခစပါး၊ ငစိန်စပါး၊ ပေါ် ဆန်းမွှေးစပါးစသည်တို့ကို ၁၆၃၆၅ တန်ဖိုး (ကျပ် ထောင်ပေါင်း) အရောင်းအဝယ်ပြုလုပ်ခဲ့သည်ဟု သတင်းရရှိသည်။

ရခိုင်ပြည်နယ် မင်းပြားသီးနှံကုန်စည်ဒိုင် တွင် ဇူလိုင် ၂၂ မှ ၂၆ရက်အထိ သီရိဒုံစပါး၊ ရွှေဝါ ထွန်းစပါး၊ ဆင်းသွယ်လတ်စပါး၊ ငစိန်စပါး၊ မြီးတုံး စပါး၊ ပေါ်ဆန်မွှေးစပါး စသည်တို့ကို အရောင်းအဝယ် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**သဇင်**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပိုလို (၂၀၁၁) | L | ၂၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | အာလ်ဖတ် (၂၀၀၄) | J | ၄၂၅ သိန်း | ၃.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဆူဇူကီး (၂၀၀၄) | F | ၇၅ သိန်း | ၀.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | တိုယိုတာဝှရ် | L | ၂၆၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | မစ်ဆူဘီရှီ/ပါဂျဲရိုး (၉၆) | 9A | ၁၆၀ သိန်း | ၂.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ပရီမီယို (၂၀၀၀) | F | ၁၄၅ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | နစ်ဆန်း/ဂျူကီ (၂၀၁၁) | N | ၂၇၅ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ် |
| ၈။ | ဗစ် (၂၀၁၁) | Q | ၂၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | ရက်တစ် (၂၀၁၃) | M | ၂၂၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ၊ အဆင့်မြင့်အိမ်ရာ | (၁၂၅၀ ) စ/ပေ | MB (1) ၊ BR (2) | ၁၀ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၂။ | လုံးချင်းအိမ် | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | (၃၅ X ၄၅ )ပေ | R C(2)ထပ် | ၆၅၀၀ သိန်း | | ၀၉/ ၂၅၀၃၇၆၃၇၉ |
| ၃။ | အဆင့်မြင့် တိုက်ခန်း | ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း | (၁၅၀၀ )စ/ပေ | MB (1) ၊ BR (2) | ၂၃၀၀ သိန်း | | ၀၉/ ၂၅၀၃၇၆၃၇၉ |
| ၄။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းပေါ် | (၁၃ X ၅၀ )ပေ | BR (1)၊ (၄)လွှာ | ၃၈၀ သိန်း | | ၀၁/၅၆၃၀၇၀ |
| ၅။ | မီနီကွန်ဒို | သယ်န်းကျွန်းမြို့နယ်၊ စံပြဈေးအနီး | (၁၉ X ၅၄ )ပေ | မြေညီ/ဟောလ် | ၃၅၀၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၆။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ် | (၁၁၀၀ )ပေ | MB (1) ခန်း၊ BR (2)၊ (၇)လွှာ | ၁၄၅၀ သိန်း | တစ်လအငှား (၈) သိန်း | ၀၉/၅၁၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ရွှေသစ္စာလမ်း | (၃၀ X ၇၀)ပေ | RC (2) ထပ် | ၃၇၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ် | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း (၁၄/၂) ရပ်ကွက် | | | ၁၆၀၀ သိန်း | လမ်းသန့်၊ စိတ်ငြိမ်၊ ညှိနှိုင်းဈေး | ၀၉/၅၁၁၇၂၆၂ |
| ၉။ | အိမ် | ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းလေးကျေးရွာ | (၆၀ X ၆၀)ပေ | အုတ်တံတိုင်းခတ်ပြီးမြေ | ၁၈၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |

# မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၌ ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

အရပ်ဘက် လူမှုအဖွဲ့အစည်းဖြစ်သော ဖွံ့ဖြိုးမှုမဏ္ဍိုင် (Local Resources Center- LRC) အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန မွန်ပြည်နယ် ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဖွံ့ဖြိုးမှုမဏ္ဍိုင် (Local Resources Center- LRC) အဖွဲ့မှ ဦးဝင်းဘိုက ၎င်းတို့အဖွဲ့၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးရာတွင် ဖွံ့ဖြိုးမှုမဏ္ဍိုင်အဖွဲ့သည် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို စုစည်းပြီး မိမိတို့ပြည်နယ်ဖွံ့ဖြိုးမှုအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီပေးရန် ရည်ရွယ်ကြောင်း၊ အချို့အဖွဲ့မှာ ကျန်းမာရေး၊ ပညာရေး၊ ကလေးသူငယ်၊ အမျိုးသမီးကိစ္စများတွင် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနသည် ပြည်သူကို Awareness ပေးနေသည့် ဌာနဖြစ်သည့်အတွက် လုပ်ငန်းအောင်မြင်လေ ပြည်သူလူထုအတွက် ပိုမိုအကျိုးရှိလေဖြစ်ရာ စားသုံးသူရေးရာကိစ္စများတွင် အရပ်ဘက်လူမှုကိစ္စများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ၎င်းတို့အနေဖြင့် ပြည်သူကို Awareness ပေးသည့်ကိစ္စများ၊ စားသုံးသူ အသင်းအဖွဲ့ ဖွဲ့သည့်ကိစ္စများတွင် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေး ခဲ့သည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် မဏ္ဍိုင်ကြီး (၆) ရပ်၊ စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူရေးရာကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်ရသည့် အကြောင်းအရင်း၊ AEC နှင့် ပတ်သက်သော အကြောင်းအရာများ၊ စားသုံးသူရေးရာဦးစီးဌာန Vision/Mission များ၊ လုပ်ငန်းတာဝန်များ၊ စားသုံးသူရေးရာ ဥပဒေအကြောင်း၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးကဏ္ဍ၊ လက်ရှိဆောင်ရွက်နေသော စားသုံးသူကာကွယ်ရေး လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ (ယာယီ)၏ Vision / Mission များ၊ လုပ်ငန်းတာဝန် သတ်မှတ်ချက်များကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းခြင်းကို ပြည်နယ်ဦးစီးမှူးနှင့် ဦးဝင်းဘိုတို့က ပြန်လည်ဖြေကြားခဲ့သည်။

**မိုးမိုး (မွန်)**



# ဈေးကွက်ဝင် ရွှေပဲသီး

ဂျပန်ဘာသာဖြင့် Edamame ၊ တရုတ်ဘာသာဖြင့် Moa Dou လို့ခေါ်တဲ့ ရွှေပဲသီး ခေါ် ပဲပုပ်ကြီး (Edible Soy Bean)ကို နိုင်ငံတကာဈေးကွက်၌ ဈေးကြီးပေးဝယ်ယူ စားသောက်နေကြသည်ကို တွေ့ရှိရသည်။ ပဲသီးအတောင့်လိုက်ကို ဆားအနည်းငယ်ထည့်ပြုတ်ပြီး သရေစာအဖြစ်သော်လည်းကောင်း၊ အစာမစားမီ နှုတ်မြိန်စေရန်သော်လည်းကောင်း စားသုံးကြသည်။

တရုတ်လူမျိုးများသည် ရွှေပဲသီးကို အသားငါးများ သို့မဟုတ် အခြားအသီးအရွက်များနှင့် ရောနှော ချက်ပြုတ်စားသောက်ကြသည်။ အစေ့ ၅၀ ပါ တစ်ထုပ်ကို အမေရိကန်နိုင်ငံဈေးကွက်၌ ၂ ဒသမ ၉၅ ဒေါ်လာ ဈေးပေါက်ပြီး တရုတ်ဈေးကွက်၌ ၃ ဒသမ ၀၈ ဒေါ်လာ၊ အစေ့ ၅၀၀ ပါ (လေးအောင်စ)တစ်ထုပ်ကို ၁၂ ဒသမ ၉၅ ဒေါ်လာ ပေါက်ဈေးရှိကြောင်း သိရှိရသည်။

အအေးလျော့ပြီး ပူနွေးတဲ့ရာသီဥတုမှာ ပဲပင်များ ကောင်းစွာရှင်သန်စိုက်ပျိုးနိုင်ပြီး တစ်ဧကကို ၃ ဒသမ ၅ တန် ကနေ လေးတန်အထိ ထွက်ရှိပြီး သက်တမ်း သုံးလအတွင်း အသီးပြည့်ချိန် မရင့်မှည့်မီ ဆွတ်ခူးရသည်။

ဆွတ်ခူးပြီး အသီးတောင့်များကို အဖျင်း၊ အမှော်၊ အမှိုက်သရိုက်သန့်စင်ခွဲခြား ရွေးချယ်ခြင်း၊ အသီးပေါ်မှ အမွေးနုများကို ပွတ်တိုက်ဆေးကြောခြင်းများ ပြုလုပ်ပြီး အအေးခန်းတွင် အနည်းဆုံး ရှစ်နာရီအထိ သိုလှောင်ထားရှိပြီးနောက် ထုပ်ပိုးပြင်ဆင်ကာ ဈေးကွက်သို့ပို့ဆောင်ကြသည်။

ကချင်ပြည်နယ် ရွှေကူမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း၌ Grand Ye Htut International Co,Ltd မှ တောင်သူများနှင့် အကျိုးတူစိုက်ပျိုးလျက်ရှိပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပဲပုပ်သီး တောင့်တန်ချိန် ရှစ်ထောင်ကို လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

**မျိုးပပ (ကချင်)**

# ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီသုံးစွဲမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲလှည်းကူး၌ ကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် 'ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီသုံးစွဲမှု' အသိပညာပေး ဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့နယ်အားကစားခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဟောပြောပွဲတွင် အစားအသောက်ပညာရှင်က 'စားသုံးဆီအကြောင်းသိကောင်းစရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA မှ 'စားသုံးဆီနှင့် ကျန်းမာရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ 'စားသုံးသူများအား ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနမှ ဆောင်ရွက်နေမှုများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ 'စားသုံးဆီနှင့် စားသုံးသူအကာအကွယ်ပေးရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာစားသုံးသူသမဂ္ဂမှ 'စားသုံးသူ အခွင့်အရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ့အစာအာဟာရ သိပ္ပံမှ 'စားသုံးဆီ၏ အာဟာရများနှင့် အသုံးပြုပုံ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ 'စားသုံးဆီထုတ်လုပ်ရေးနှင့် ဈေးကွက်အလားအလာ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောသွားမည်ဖြစ်သည်။

**နိုင်မိုးကို**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| **(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## ခုနစ်ရက် သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၅-၈-၂၀၁၉ မှ ၁၁-၈-၂၀၁၉ ရက်နေ့ထိ
**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ရာတွင် မိမိ၏ လက်ထဲရှိငွေကြေးအတိုင်း အတာပမာဏအရသာလျှင် လုပ်ကိုင်ဆောင်ရွက်သင့်သည် ရာသီထွက်ကုန်ပစ္စည်းများ၊ ပွဲရုံလုပ်ငန်း၊ လက်လီလက်ကားဒိုင်လုပ်ငန်းများအကျိုးဖြစ်ထွန်းမှုရှိသည်။ ပညာရေးတွင် ပညာရပ်အမျိုးမျိုးသင်ယူခွင့်ရရှိမည်၊ အချစ်ရေးတွင် ချစ်ရသူ၏ အခွင့်အရေးဆိုမှုကို လက်ခံရလိမ့်မည်၊ ကျန်းမာရေးတွင် အဖုအပိန့် ပေါက်ခြင်းဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။မုန့်လုံးရေပေါ် လှူပါ။**




**တနင်္လာသားသမီးများအတွက်** လုပ်ငန်းများလုပ်ကိုင်ရာတွင် ကိုယ်တိုင်ဦးစီးလုပ်ကိုင်ရတတ်သည်၊ အခြေအရံများစွာနှင့် လုပ်ရတတ်သည်။ ရေနှင့်ပတ်သက်သော လုပ်ငန်း(ရေသန့်စက်ရုံထောင်ခြင်း၊ ရေထွက်ပစ္စည်းများရောင်းဝယ်ခြင်းတို့ အကျိုးဖြစ်ထွန်းမှုရှိလိမ့်မည်။ ပညာရေးကောင်းနေမည်၊ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်မှုရှိနေမည်။ ကျန်းမာရေးတွင် အဆုပ်အအေးမိသော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ဘုရားတွင် ဆီမီးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးအောင်မြင်နေသည့် အချိန်ဖြစ်သည်။ နိဗ္ဗာန်ကုန်ဖြစ်သော သက်န်းပရိက္ခရာ ပစ္စည်းများ ရောင်းဝယ်လျှင် အောင်မြင်မှုကို ရရှိမည်ဖြစ်ပါသည်။ ဝင်ငွေကောင်းနေမည့် အချိန်ကာလဖြစ်သည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင်သောကရှိရတတ်သည်။ အိမ်ထောင်ရေးသာယာမည်။ ကျန်းမာရေးတွင် ကိုယ်လက်ကိုက်ခဲသောဝေဒနာခံစားရတတ်သည်။ မတော်တဆထိခိုက်ဒဏ်ရာရတတ်သည်ကို ဂရုစိုက်ပါ။

**ယတြာ။ ဘုရားတွင်သစ်သီး(၇)မျိုး လှူလိုက်ပါ။ ဘေးအန္တရာယ်အပေါင်း ကင်းဝေးစေလိမ့်မည်။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေး အတတ်အကျ အပြောင်းအလဲများနေတတ်သည်။ ယာဉ်စက်နှင့်ပတ်သက်သော ပစ္စည်းများရောင်းဝယ်မှု အကျိုးဖြစ်ထွန်းလိမ့်မည်။ အထူးသဖြင့် မော်တော်ဆိုင်ကယ်ပစ္စည်းများ ကံကောင်းလိမ့်မည်။ ပညာရေးတွင် ကြိုးစားနေရတတ်သည်။ အချစ်ရေးတွင် ချစ်သူ၏ငြိုငြင်မှုကို ခံရ၍ စိတ်ဖိစီးမှုများနေမည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဆီးကျင်၊ ဆီးအောင့်ဝေဒနာဂရုစိုက်ပါ။

**ယတြာ။ ဘုရားတွင် ရေသပ္ပာယ်ပါ။**




**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းများလုပ်ကိုင်ရာတွင် ယှဉ်ပြိုင်မှုများကြုံရတတ်သည်။ စားသောက်ကုန်လုပ်ငန်းအကျိုးပေးမည်။ အထူးသဖြင့် လက်ဖက် ရည်ဆိုင်ဖွင့်ခြင်းဖြင့် စီးပွားရေးအောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးတွင် ဉာဏ်ရည်ဖွံ့ဖြိုးမှုအားကောင်းနေတတ်သည်။ အချစ်ရေးတွင် ကိုယ်ကဦးစားပေးလိုက်လျောမှုများရှိနေမည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသော အဖျားရောဂါဂရုစိုက်ပါ၊ ဥပဒ်ဖြစ်တတ်ပါသည်။

**ယတြာ။ မေမြို့ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အသိုင်းအဝိုင်း၏ ကူညီမှုကြောင့် အကျိုးစီးပွားဖြစ်ထွန်းနေတတ်ပါသည်။ ရတနာပစ္စည်းလုပ်ငန်းအကျိုးရှိသည်။ အကျိုးဆောင်လုပ်ငန်းများအောင်မြင်မည်။ ပညာရေးကောင်းမွန်နေမည်။ အချစ်ရေးတွင် လိုက်လေဝေးလေဖြစ်နေတတ်သည်။ အိမ်ထောင်ရေးပဋိပက္ခလေးများ ရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် ဆီးချို၊ သွေးချိုဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ဆေးလှူပါ။**



**စနေသားသမီးများအတွက်** စက်ရုံ၊ အလုပ်ရုံအကျိုးပေးမှုအားကောင်းသော်လည်း၊ တပည့်လက်အောက်ငယ်သားများအတွက် ဖြေရှင်းရသော စိတ်ဖိစီးမှုများနေရတတ်သည်။ ဝင်ငွေ၊ ထွက်ငွေမျှနေမည့်ကာလဖြစ်သည်။ ဉာဏ်ရည်ဖွံ့ဖြိုးမှုရှိသောကြောင့် ပညာရေးအောင်မြင်မှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အကြောတက်သော ဝေဒနာဖြစ်နေရတတ်ပါသည်။

**ယတြာ။ ဆီလှူပါ။**

## စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးတွင် ဇူလိုင်လနောက်ဆုံးပတ် ၂၉ ရက်မှ ၃၁ ရက်အထိ ငါးပိဿာချိန် ၇၄၄၅၀၀ နှင့် ပုစွန်ပိဿာချိန် ၂၀၅၀၀၀ ဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့် ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်း တစ်ပိဿာ ကျပ် ၁၀၀၀၀-၁၂၀၀၀ နှင့် အဝင် ပိဿာ ၆၄၀၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၆၀၀၀-၆၈၀၀ နှင့်အဝင် ပိဿာ ၅၇၀၀၀၊ ငါးရှဥ့် တစ်ပိဿာ ကျပ် ၆၅၀၀-၈၀၀၀ နှင့် အဝင် ပိဿာ ၁၀၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၃၈၀၀-၅၀၀၀ နှင့် အဝင် ပိဿာ ၁၁၂၀၀၀၊ ငါးကြင်း တစ်ပိဿာ ကျပ် ၅၅၀၀-၈၀၀၀နှင့်အဝင် ပိဿာ ၁၀၁၀၀၀၊ ငါးခေါင်းပွ တစ်ပိဿာ ကျပ် ၆၀၀၀-၈၀၀၀ နှင့်အဝင် ပိဿာ ၆၁၀၀၀၊ ငါးသလောက် တစ်ပိဿာ ၁၄၀၀၀-၂၀၀၀၀ နှင့်အဝင် ပိဿာ ၄၄၀၀၀၊ ငါးတန်တစ်ပိဿာ ကျပ် ၄၀၀၀-၉၀၀၀ နှင့်အဝင် ပိဿာ ၈၉၀၀၀၊ ကကတစ် တစ်ပိဿာ ၇၀၀၀-၁၀၀၀၀ နှင့်အဝင် ၇၆၀၀၀ ပိဿာ၊ ကသပေါင်း တစ်ပိဿာ ကျပ် ၁၃၀၀၀-၁၈၀၀၀ နှင့် အဝင် ပိဿာ ၄၀၅၀၀၊ ပုစွန်ကျော့ တစ်ပိဿာ ကျပ် ၅၀၀၀-၆၈၀၀ နှင့်အဝင် ပိဿာ ၇၄၀၀၀၊ ပုစွန်စပ်တုပ် တစ်ပိဿာ ကျပ် ၉၅၀၀-၁၁၀၀၀ နှင့်အဝင် ပိဿာ ၇၀၀၀၀၊ ပုစွန်တုပ်ကြီး တစ်ပိဿာ ကျပ် ၁၅၀၀၀-၂၀၀၀၀ နှင့် အဝင်ပိဿာ ၆၁၀၀၀ ဝင်ရောက်ခဲ့သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ငါးအဝင်လျော့နည်းပြီး ဈေးနှုန်းတက်လာကြောင်း သိရှိရသည်။ ငါးအဝင်လျော့နည်းခြင်းနှင့် ဈေးနှုန်းများတက်လာရခြင်းမှာ မိုးရာသီတွင် ပင်လယ်ပြင်၌ ငါးများပေါက်ဖွားချိန် ငါးမဖမ်းရခြင်း၊ မိုးများခြင်းတို့ကြောင့် ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သယ်န်းကျွန်းစံပြဈေးတို့တွင် ငါးကြင်းတစ်ပိဿာ ကျပ် ၉၀၀၀-၁၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၅၅၀၀-၆၀၀၀၊ ပုစွန်ကျော့ တစ်ပိဿာ ကျပ် ၁၂၀၀၀-၁၃၀၀၀ ဖြင့် ရောင်းချလျက်ရှိပြီး ငါးဒိုင်များတွင် ငါးအဝင်နည်း၍ ဈေးတက်သောကြောင့် ယခင်အပတ်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀-၂၀၀၀ ခန့်အထိ ဈေးမြင့်တက်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**ခင်မာဌေး (ရန်ကုန်)**

## မြဝတီခရိုင်တွင် ပြောင်းသီးနှံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

ကရင်ပြည်နယ် မြဝတီခရိုင်တွင် ပြောင်းသီးနှံကို အဓိကထားစိုက်ပျိုးကြပြီး ပြောင်းစိုက်ဧက ၅၀၉၉၅ဧက စိုက်ပျိုးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရသည်။ ပြောင်းစိုက်ပျိုးချိန်မှာ နှစ်စဉ်မေလဆန်းတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် အခြောက်ခံခူးဆွတ်ကြသည်။ပြောင်းသက်တမ်းမှာရက် ၁၂၀ ခန့်ရှိသည်ဟု သိရသည်။

ပြောင်းစိုက်ပျိုးရန်အတွက် မြေပြုပြင်ခြင်းမှ ရိတ်သိမ်းခူးဆွတ်ချိန်အထိ ပျမ်းမျှ တစ်ဧကကုန်ကျစရိတ်မှာ ၄၂၈၉၃၈ ကျပ် ဝန်းကျင်ဖြစ်သည်။ ပြောင်းတစ်ဧကအထွက်နှုန်းမှာ ၈၈ တင်းမှ ၈၉ တင်းခန့်ထွက်ရှိ၍ တောင်သူရောင်းဈေးနှုန်းမှာ မြန်မာငွေကျပ် ၈၀၀၀ မှ ၉၀၀၀ ဖြင့် ရောင်းချလျှင် တစ်ဧကရရှိငွေ ကျပ် ၇၉၂၀၀၀ ရရှိပြီး အသားတင်အမြတ်ငွေအနေဖြင့် ကျပ် ၃၆၀၀၀၀ ကျော် အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

ပြောင်းဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံဘက်သို့ အစေ့ထုတ်ပြောင်းတင်ပို့လျက်ရှိပြီး ယခင်နှစ် မြဝတီခရိုင်အနေဖြင့် ပြောင်းအထွက်နှုန်း တင်း ၄၄၈၇၅၆၀ ထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရသိရှိရသည်။ ထိုင်းနိုင်ငံဘက်မှ အစေ့ထုတ်ပြောင်းဝယ်ယူသောကြောင့် ထိုင်းဘတ်ဈေးနှုန်းပေါ်မူတည်ပြီး ဈေးအတက်အကျရှိသည်။ အစေ့ပြောင်းတစ်ပုံးလျှင် ရှစ်ပြည်၊ နှစ်ပုံး ၁၆ ပြည်ဖြင့် ထိုင်းဘတ်ငွေ ၁၀၀ ဘတ်၊ ၁၁၀ ဘတ်ဖြစ်ပေါ်လျက်ရှိပြီး မြန်မာငွေအနေဖြင့် ကျပ် ၈၀၀၀ မှ ကျပ် ၉၀၀၀ ထိ ဈေးနှုန်း ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

မြဝတီခရိုင်မှ ပြောင်းစိုက်ပျိုးတောင်သူများသည် နှစ်သီးစားသီးနှံအဖြစ်လည်း မိုးအစေ့ပြောင်းစိုက်ပျိုးချိန်တွင် ကြားညှပ်ပြီး မိုးပဲတီစိမ်းကိုစိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးတောင်သူများထံမှ သိရှိရသည်။ မိုးပဲတီစိမ်း စိုက်ပျိုးခြင်းသည် မျိုးဖိုးသာကုန်ပြီး ထွန်ယက်ခ၊ သွင်းအားစုမကုန်ဘဲ ကုန်ကျစရိတ်နည်းသည့်အပြင် ပဲတီစိမ်း စိုက်ပျိုးထွက်ရှိမှုမှာ ပြောင်းသီးနှံထွက်ရှိမှုအတိုင်း ထွက်ရှိသဖြင့် တောင်သူများအနေဖြင့် နှစ်သီးစား အကျိုးအမြတ်ဖြစ်ထွန်းသောကြောင့် မိုးပဲတီစိမ်းကို စိုက်ပျိုးလျက်ရှိသည်။ ဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံဘက်သို့ တင်ပို့သည့်အပြင် ရန်ကုန်ဘက်သို့လည်း တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

**မသဇင် (မြဝတီ)**

## သီရိမင်္ဂလာဈေးသို့ နာနတ်သီးဝင်ရောက်မှုများလာ

မူဆယ်နယ်စပ်မှ တင်ပို့နေသည့် စိုက်ပျိုးရေးထွက်ကုန်များသည် လက်ရှိတွင်တရုတ်အစိုးရ၏ အဂတိ တိုက်ဖျက်ရေးအပါအဝင် ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲကြောင့် ဇွန် ၁၅ ရက်မှ စတင်ကာ မြန်မာ့ နာနတ်သီးများ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်မရတော့သည့် အခြေအနေကြောင့် ပြည်တွင်းစားသုံးမှုကိုသာ အဓိက အားထားနေရကြောင်း သိရသည်။

ရန်ကုန် သီရိမင်္ဂလာဈေး ဝင်ရောက်မှု အခြေအနေမှာ ဇူလိုင် ၂၅ ရက် မတိုင်မီက ၁၂ ဘီးကား အစီး ၂၀ ဝန်းကျင်ဝင်ရောက်ပြီး ၂၅ ရက်မှ ၂၉ ရက်အထိ အစီးရေမှာ ၂၅ စီးထိ တိုးတက်ဝင်ရောက်ကြောင်း သိရပါသည်။ ၁၂ ဘီးကားတစ်စီးတွင် နာနတ်သီးအလုံးရေ ပျမ်းမျှ ၁၂၀၀၀ ခန့် ပါရှိကြောင်းသိရသည်။ လက်ရှိတွင် နာနတ်သီးမှာ စိုက်ကွင်းများ၌ ၆၀ ရာခိုင်နှုန်းခန့် ခူးဆွတ်ရောင်းပြီး ဖြစ်၍ ၄၀ ရာခိုင်နှုန်းခန့်သာ စိုက်ကွင်းများ၌ ကျန်ရှိတော့ကြောင်း သိရသည်။ တောင်သူများမှလည်း ထိုအခြေအနေကြောင့် ဈေးနှုန်းပိုမိုရရှိရေးကို မျှော်မှန်းပြီး ထား၍မရသော အသီးလုံးများကိုသာ ခူးဆွတ်၍ ထား၍ရသမျှ ထိန်းသိမ်းထားကြောင်းလည်း သိရှိရသည်။

ထို့ကြောင့် ဇူလိုင်လကုန်နောက်ပိုင်းမှစ၍ ရန်ကုန်သို့ နာနတ်သီးအဝင်မှာ ၁၂ ဘီးကား ခုနစ်စီးမှ ၁၂ စီးအထိ လျော့ကျသွားနိုင်ကြောင်း ကုန်စည်ဒိုင်မှ သိရသည်။ မြန်မာနိုင်ငံမှ နာနတ်သီးထွက်ရှိရာဒေသများမှာ ရှမ်းပြည်မြောက်ပိုင်း သီပေါ၊ တောင်ပိုင်း နမ့်ဆန်၊ ပင်လောင်း၊ မွန်ပြည်နယ် ကျိုက္ကော်(ဘီးလင်း)၊ ဧရာဝတီတိုင်း မြောင်းမြနှင့် ရန်ကုန်တိုင်း တွံတေးတို့ဖြစ်ပြီး သီရိမင်္ဂလာဈေးသို့ သီပေါနာနတ် ၉၅ ရာခိုင်နှုန်းနှင့် နမ့်ဆန်မှ ၅ ရာခိုင်နှုန်း ဝင်ရောက်ကြောင်း သိရသည်။ မြောင်းမြနာနတ်မှာ ဧပြီလနှင့် မေလတို့တွင် ထွက်ရှိကြောင်း သိရသည်။ ထိုသို့ ထွက်ရှိရန် ရေသိုလှောင်၍ ရေတင်စိုက်ပျိုးရကြောင်းနှင့် အရည်အသွေးမှာလည်း ကောင်းမွန်ကြောင်း သိရသည်။ အခြားဒေသများမှ နာနတ်သီးထွက်ရှိမှု အလွန်နည်းပါးချိန်တွင် ထွက်ရှိအောင် စိုက်ပျိုးနိုင်ခြင်းကြောင့် ဈေးကွက်နှင့် ဈေးနှုန်းအခြေအနေကောင်းမွန်ကြောင်း စုံစမ်းသိရှိရသည်။

**West DOCA (YGN)**

# စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချရန် စီမံခြင်း

အောင်ဆန်း (စိုက်ပျိုးရေး)

မြန်မာ့ဆန်စပါးဈေးနှုန်းဟာ ပြည်ပတင်ပို့နိုင်မှုအပေါ်မှာ တည်မှီနေပါတယ်။ ပြည်ပက အနုတ်အသိမ်းများရင် ဆန်စပါးဈေးတက်ပါတယ်။ ပြည်ပက အနုတ်အသိမ်းနည်းရင် ဆန်စပါးဈေးကျပါတယ်။ မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ နယ်စပ်ဒေသ (တရုတ်နယ်စပ်)လမ်းကြောင်းနဲ့ ပုံမှန်ရေလမ်းကြောင်းက တင်ပို့နေတဲ့လမ်းကြောင်း ဆိုပြီးရှိပါတယ်။ အခုအခါမှာ တရုတ်နယ်စပ်ဒေသက ဆန်တင်ပို့မှု ပိတ်ထားတာအတော်ကြာခဲ့ပါပြီ။ နယ်စပ်ဒေသကနေ ဆန်တင်ပို့နေတဲ့ အညာဒေသက ဆန်စက်ပိုင်ရှင်တွေ၊ ကုန်သည်တွေ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ငုတ်တုတ်မေ့နေကြရပါတယ်။ ပုံမှန်ရေလမ်းကြောင်း ကလည်း G to G ရော P to P ရော တင်ပို့မှု လျော့နည်းနေတော့ Exporter ကြီးများလည်း အကျပ်ရိုက်နေကြရပါတယ်။

အီးယူက ဆန်လုံးရှည်အချွန်ကို အကောက်ခွန်ကင်းလွတ်ခွင့်ရုပ်သိမ်းခံလိုက်ရတော့ ဘူးလေးရာ ဖရုံဆင့် ဖြစ်နေပြန်ပါတယ်။ ဒါနဲ့ပဲ ပြည်တွင်းမှာ စပါးတွေ၊ ဆန်တွေ အရောင်းအဝယ်အေးနေပြီး ချောင်ပိတ်မိနေကာ လက်ကျန်များနေခြင်းဖြစ်ပါတယ်။

ဒီအခြေအနေမှာ တောင်သူလယ်သမားကြီးများရဲ့ အကျိုးစီးပွားအတွက် နိုင်ငံတော်နဲ့ အဖွဲ့အစည်းတွေက ကြားခံဝယ်ယူပေးဖို့ အကြိတ်အနယ် စဉ်းစားနေကြရပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က တောင်သူလယ်သမားကြီးများရဲ့ အကျိုးစီးပွားမထိခိုက်စေဖို့ စပါးတင်း ၁၀၀ ရဲ့ အခြေခံဈေးနှုန်းကို ကျပ်ငါးသိန်းသတ်မှတ်ပေးခဲ့ပါတယ်။ ဒီနေရာမှာ စကားပြောလာတာက စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်ကိစ္စပါပဲ။ စပါးတစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ ပျမ်းမျှ ၃၂၀၀၀၀- ၃၅၀၀၀၀အထိ ကုန်ကျပါတယ်။ စပါးတင်း ၁၀၀ ရဲ့ အခြေခံဈေးနှုန်းနဲ့ဆိုရင် တစ်ဧကအကျိုးအမြတ် ၁၈၀၀၀၀- ၁၅၀၀၀၀ ရှိနေတာ တွေ့ရပါတယ်။

စပါးတင်း ၁၀၀ အခြေခံဈေးနှုန်းဆိုတာဟာလည်း စပါးဟာ အရည်အသွေးကောင်းရမယ်။ အဖျင်းအမှော်ဖုန်၊ ခဲ၊ သဲ ကင်းရမယ်။ မျိုးကွဲပါဝင်မှုသတ်မှတ်ချက်အတိုင်းရှိရမယ်။ အထူးသဖြင့် အစိုပါ ၁၄ ရာခိုင်နှုန်း ရှိရမယ်။ အချို့ဒေသတွေမှာ စပါးအရည်အသွေးကလည်းညံ့၊ အစိုဓာတ်ကလည်း ၁၄ ရာခိုင်နှုန်းထက်ကျော်နေရင် ဝယ်ယူသူက တစ်တင်း ၄၆ ပေါင်မဟုတ်တော့ဘဲ ၅၂ ပေါင်၊ ၅၄ ပေါင်၊ ၅၆ ပေါင်တို့နဲ့ ဝယ်နေကြတာတွေ့ရပါတယ်။ ဝယ်သူကသူ့အတွက် အလျော့တွက်ကာမိအောင် ပေါင်ပိုယူတဲ့သဘောပါပဲ။ ဒီလိုယူလိုက်တော့ စပါးတင်း ၁၀၀ ရဲ့ အခြေခံဈေးနှုန်း ငါးသိန်းထက်လျော့သွားပါတယ်။ ဒါကိုပဲ အချို့တောင်သူလယ်သမားများဘက်က အခြေခံဈေးနှုန်းနဲ့ မဝယ်ပေးဘူးဆိုပြီး စောဒကတက်နေကြတာလည်း တွေ့ရပါတယ်။ ဒီလိုဆိုရင် လယ်သမားကြီးများဘက်ကလဲ သတ်မှတ်အရည်အသွေးနဲ့ စံချိန်စံညွှန်းနဲ့ညီတဲ့စပါးဖြစ်အောင် မိမိဘက်က စီမံခဲ့ဖို့လိုအပ်မှာဖြစ်ပါတယ်။

အိမ်နီးချင်း နိုင်ငံများဖြစ်တဲ့ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတွေမှာ ဆန်စပါးဈေး မြင့်တယ်ဆိုတာ မရှိသလောက်ပါပဲ၊ နှစ်စဉ်ဆန်စပါးဈေးနှုန်းကြောင့် ဆန်စပါးဈေးကွက်ကမောက်ကမ ဖြစ်ရတယ်ဆိုတာလည်း မရှိပါဘူး။ တစ်နှစ် ဆန်တန်ချိန် (၆-၈-၉) သန်းအထိ ရောင်းချနေတဲ့နိုင်ငံပါ။ ပြည်ပကို ဆန်တန်ချိန် သန်းနဲ့ချီပြီး နှစ်စဉ်ရောင်းချနေနိုင်လိုလည်း ပြည်တွင်းဆန်စပါးဈေးကွက်ဟာ တည်ငြိမ်နေတာဖြစ်ပါတယ်။ ထုတ်လုပ်မှုနဲ့ ရောင်းချမှုဟာညီမျှတဲ့သဘောပါပဲ။ အဲဒီနိုင်ငံတွေမှာ ဘယ်လိုမူဝါဒတွေ၊ ဘယ်လိုဥပဒေတွေ ပြဋ္ဌာန်းသတ်မှတ်ပြီး ဆောင်ရွက်နေတဲ့အတွက် အောင်မြင်မှုရရှိနေသလဲဆိုတာ လေ့လာနမူနာယူသင့်ပါတယ်။ ပုံစံခွက်ကြီးထဲက မထွက်ဘဲ တွေးခေါ်နေတဲ့အတွေးအခေါ်ကိုလည်း ပြောင်းလဲချိန်တန်ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်ကကြီးမြင့်နေတယ်။ ဒီတော့ ဆန်စပါးဈေးကလည်း ကြီးမြင့်နေတယ်။ လယ်သမားကလည်း သူကုန်ကျထားတာနဲ့ ကာမိအောင် ဈေးအမြင့်နဲ့မှ ရောင်းနိုင်တယ်။ ဆန်တစ်တန်ရဲ့ တစ်ဧက ထုတ်လုပ်မှု ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ (၄၅၀-၅၀၀)လောက် ကုန်ကျနေတာတွေ့ရတယ်။ မြန်မာ့ဆန်ပြည်ပတင်ပို့နေတာဟာ ဆန်တစ်တန်ပျမ်းမျှ အမေရိကန်ဒေါ်လာ (၃၇၀-၄၂၀)ဈေးပဲ ရရှိနေတာဖြစ်တယ်။ ဒီတော့ ပြည်ပဆန်တင်ပို့နေတဲ့ ဆန်စက်ပိုင်ရှင်ကြီးများ၊ Exporter ကြီးများ၊ ကုန်သည်ကြီးများကလည်း ဈေးကြီးနေတဲ့ဆန်စပါးကို အရှုံးခံပြီး ဈေးမြင့်ပေးမဝယ်နိုင်ကြဘူးဖြစ်နေတယ်။ ပြည်ပတင်ပို့မှုလည်း အခြားနိုင်ငံတွေနဲ့ ဈေးကွက်ယှဉ်မရောင်းနိုင်ဘူး။ မြန်မာနိုင်ငံရဲ့ ဆန်အရည်အသွေးကလည်း ထိပ်တန်းဆန်မဟုတ်ဘူး။ ရွက်ကြမ်းရည်ကြိုဆိုတော့ ပိုပြီးယှဉ်ရခက်သွားပါတယ်။ ဒီလိုနဲ့ပဲ မြန်မာ့ပြည်တွင်း ဆန်စပါးဈေးကွက်ဟာ မတည်မငြိမ် ကမောက်ကမအစဉ် ဖြစ်ပေါ်နေရခြင်းပါပဲ။

မြန်မာနိုင်ငံမှာ ဆန်စပါးလောကကြီး တစ်ခုလုံးကို တည်ငြိမ်အောင် ထိန်းကွပ်ဖို့ ဆန်စပါးမူဝါဒ (Rice Policy)၊ ဆန်စပါးဥပဒေ (Rice Law) ပီပီပြင်ပြင်မရှိသေးတာဟာလည်း ထိန်းကျောင်းရခက်နေခြင်း တစ်ခုပါပဲ။

စပါးတစ်ဧက ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်မားနေရတဲ့ အကြောင်းရင်းများကို စာရေးသူရဲ့အတွေ့အကြုံ၊ ပညာရှင်တစ်ယောက်ရဲ့ အမြင်နဲ့ သုံးသပ်ကြည့်မိပါတယ်။ စိုက်ပျိုးတဲ့နည်းစနစ်နဲ့ လုပ်သားရှားပါးမှု၊ လုပ်သားခဈေးကြီးမြင့်မှု၊ ပွံ့ပိုးပစ္စည်းဖြစ်တဲ့ မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ ဈေးအဆမတန်ကြီးမြင့်မှု (ထိုင်းနိုင်ငံထက် နှစ်ဆ)၊ စက်မှုလယ်ယာ အပြည့်အဝအသုံးမချနိုင်မှု စတဲ့အကြောင်းတရားတွေက တရားခံဖြစ်နေတာတွေ့ရပါတယ်။

စိုက်ပျိုးရေးနည်းစနစ်နဲ့ လယ်ယာလုပ်သားရှားပါးမှုကို ကြည့်ရင် ပျိုးထောင်ကောက်စိုက်စနစ် (တစ်ဧက ကုန်ကျစရိတ် ပျမ်းမျှ ကျပ် ၃၀၀၀၀၀မှ ၃၅၀၀၀၀)၊ စနစ်တကျကြဲခြင်းအထွက်တိုးစနစ်(ကြဲခြင်းအထွက် တိုးငါးချက်နှင့်အညီ) (တစ်ဧကကုန်ကျစရိတ် ကျပ် ၂၀၀၀၀၀-၂၂၀၀၀၀)၊ ဘောင်ကြဲခြင်းစနစ် (မလေးရှားစနစ်)(တစ်ဧက ကုန်ကျစရိတ် ကျပ် ၂၁၀၀၀၀-၂၂၀၀၀၀)၊ စပါးအတန်းလိုက်မျိုးစေ့ချ ကိရိယာနှင့် စိုက်စနစ်(တစ်ဧက ကုန်ကျစရိတ် ကျပ် ၂၁၀၀၀၀-၂၂၀၀၀၀)ဖြစ်ပါတယ်။ အထက်ပါနည်းစနစ်များသည် စပါးတစ်ဧကတင်း (၈၀-၁၀၀)ထွက် ရန်သေချာသည့် စနစ်ဖြစ်ပါတယ်။ ဒါဆိုရင် လယ်သမားကြီးများအတွက် တစ်ဧက ကုန်ကျစရိတ်လျော့နည်းပြီး အကျိုးအမြတ်ရှိစေမယ့် ဘယ်နည်းစနစ်ကိုရွေးမလဲ၊ သက်ဆိုင်ရာဌာနက တောင်သူလယ်သမားကြီးများကို လက်တွေ့ပြသစိုက်ပျိုးပြီး ပညာပေး ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ကွင်းထဲထိ ထိထိရောက်ရောက် ဆောင်ရွက်ဖို့လိုပါတယ်။

မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးရည်များ ဈေးနှုန်းကြီးမြင့်သဖြင့် စပါးတစ်ဧက ထုတ်လုပ်မှု စရိတ်လျှော့ချနိုင်ရန်မှာ နည်းလမ်းနှစ်ခု ဆောင်ရွက်ဖို့လိုပါတယ်။ (၁) ပွံ့ပိုးပစ္စည်း၏ ဈေးနှုန်းကို တောင်သူလယ်သမားကြီးများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အကျိုးအမြတ်ရရှိစေမယ့် သင့်တော်သော ဈေးနှုန်းဖြစ်ရန် ညှိနှိုင်းကြီးကြပ်ကွပ်ကဲခြင်း၊ ယခုမြေပြင်လက်တွေ့ ဖြစ်ပျက်နေသည်မှာ ပွံ့ပိုးပစ္စည်းရောင်းချသော ကုမ္ပဏီ၊ လုပ်ငန်းရှင်ကြီးများ အလွန်ချမ်းသာသွားပြီး တောင်သူလယ်သမားကြီးများ မွဲတေသွားသောဖြစ်စဉ် ဖြစ်နေပါတယ်။ (၂) ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးများအစား၊ သဘာဝမြေဩဇာ၊ နွားချေး၊ မြေဆွေး၊ ဇီဝမြေဩဇာများ၊ တမာပိုးသတ်ဆေး၊ ကြက်သွန်ဖြူရည် ပိုးသတ်ဆေး၊ မြန်မာဆေးရွက်ကြီးအရည်၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းများနှင့် ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်နှိမ်နင်း နည်းများကို အစားထိုးသုံးစွဲခြင်းများ ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနက ပညာပေးဆောင်ရွက်ဖို့လိုပါတယ်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေတွင် နည်းဥပဒေအခန်း(၃) ပုဒ်မ-၆၊ အပိုင်း(၈)တွင် စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေး၊ အစားအစာနှင့် ဆေးဝါးတို့ကို တောင်သူလယ်သမားများ မှန်ကန်စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ တောင်သူလယ်သမားအဖွဲ့၊ သမဝါယမအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းကူညီဆောင်ရွက်ခြင်းလို့ ဆိုထားပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ဖွဲ့စည်းထားသော ဦးဆောင်အဖွဲ့ဟာ တောင်သူလယ်သမားကြီးများ၏ အကျိုးစီးပွားအလို့ငှာ မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေး၊ ပေါင်းသတ်ဆေးရောင်းချသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနဲ့ တောင်သူလယ်သမားကြီးများကို ခေါ်ယူညှိနှိုင်း၍ ပစ္စည်းစံချိန်စံညွှန်းမှန်ကန်ရေး၊ သင့်တင့်လျှောက်ပတ်သော ဈေးနှုန်းများဖြစ်စေရေး (ဈေးမကြီးမြင့်စေရေး)တို့ကို ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါတယ်။

တစ်ဖန် နည်းဥပဒေ အခန်း(၅) ပုဒ်မ-၁၂၊ ပုဒ်မခွဲ(ခ)တွင် အရည်အသွေးကောင်းမွန်သော လယ်ယာသုံးစက်ကိရိယာများနှင့် အပိုပစ္စည်းများကို သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် လက်ငင်းငွေချေစနစ်(သို့) အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်းဟုဆိုထားရာ ဦးဆောင်အဖွဲ့သည် စက်မှုလယ်ယာကူးပြောင်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နည်းဥပဒေအခန်း(၅) ပုဒ်မ-၁၃၊ ပုဒ်မခွဲ(က)တွင် ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများက မိမိတို့၏ ဆန္ဒအရ လယ်ယာမြေများကို စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဖော်ထုတ်ရန် ငွေကြေး၊ အရင်းအနှီးရရှိရေးအတွက် တင်ပြလာပါက စီစဉ်၍ သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများ၊ သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးရမည်ဟု ဆိုထားပါတယ်။

သို့ပါ၍ စပါးတစ်ဧက ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားနေမှုနောက်သို့ လိုက်၍ စပါးဈေးနှုန်းကို ချိန်ညှိရန် စဉ်းစားမနေဘဲ တစ်ဧကထုတ်လုပ်မှုစရိတ် မြင့်မားနေရခြင်း အခြေခံအကြောင်းတရားများကို ဖြေရှင်း၍ တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်အောင် စီမံသင့်ပါတယ်။

## မအူပင်မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်း ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

မအူပင်ခရိုင် မအူပင်မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့လုပ်ငန်းရှင်များ စုစုပေါင်း ၂၇ ဦးသည် အများပိုင်ကုမ္ပဏီ အစည်းအဝေးခန်းမတွင် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီက ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဆန်စက်ပိုင်ရှင်အသင်း ဥက္ကဋ္ဌ ဦးကျော်မင်းဇင်က အဖွင့်အမှာစကားပြောကြားပြီး ဒုဥက္ကဋ္ဌ ဦးမြင့်ဦးက ဆန်စက် အရည်အသွေးမြင့်မားရေး၊ စပါးဆန် အရည်အသွေးကောင်းမွန်ပြီး ဈေးကောင်းရရှိနိုင်သော စပါးများစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရန်အတွက် စိုက်ပျိုးရေး နည်းပညာများ တွင်တွင်ကျယ်ကျယ်အသုံးပြုလာပြီး တောင်သူများ လူမှုဘဝတိုးတက် မြင့်မားရေးအလေးထားဆွေးနွေးခဲ့သည်။

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဇော်မင်းက စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မူဝါဒ နှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်ကိုတင်ပြရန်အပြင် စားသုံးသူကာကွယ်ရေးဥပဒေ၏ အနှစ်သာရ၊ သဘောတရား၊ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာပါက စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ လုပ်ငန်းရှင်များ၏ ကျင့်ဝတ်သိက္ခာနှင့် လျော်ညီပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မအူပင်မြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးသဘောတရားရှိသဖြင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာပါက မအူပင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုရာခိုင်နှုန်း သိသိသာသာ ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။ **CONSUMER - MT**

# ပင်လယ်ရေထွက်ကုန် အရှင်များအား ပြည်ပနိုင်ငံများသို့ တိုက်ရိုက် တင်ပို့သွားမည်

ပြည်တွင်းရှိ ရေထွက်ကုန်တင်ပို့မှုလုပ်ငန်းများ ဝင်ငွေပိုမိုရရှိလာစေရန်အတွက် ပင်လယ်ရေထွက်ကုန် အရှင်များအား ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း ဇူလိုင် ၃၀ တွင် ကျင်းပသည့် ပင်လယ်ထွက်ကုန်အရှင်ပို့ ထုပ်ပိုးမှုသင်တန်းမှ သိရသည်။

ထိုကဲ့သို့ တင်ပို့ခြင်းကို လာမည့် စက်တင်ဘာလတွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်တွင်းပင်လယ်ရေထွက်ကုန်များဖြစ်သော ကျောက်ငါး၊ ကျောက်ပုစွန်၊ ပုစွန်နှင့် ကဏန်းများကို ပြည်ပနိုင်ငံများဖြစ်သော ဟောင်ကောင်၊ ထိုင်ဝမ်၊ မကာအို၊ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံများသို့ တိုက်ရိုက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ ပြည်တွင်းငါးဖမ်းလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ ပင်လယ်ရေထွက်ကုန်များကို ရှာဖွေနေသည့် ရေလုပ်သားများ ဝင်ငွေပိုမိုရရှိလာစေရန်၊ ငါးဖမ်းလုပ်ငန်းအား မြှင့်တင်ရာရောက်ပြီး ပြည်တွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း Super Search Investment (Hong Kong) Company Limited မှ မြန်မာနိုင်ငံရုံး တာဝန်ခံ ဦးမိုက်အောင်မြင့်ထွန်းက ပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိအနေအထားအရ ရေထွက်ကုန်အရှင်များကို အပို့နည်းနေပြီး အေးခဲပြီးသား ရေထွက်ကုန်များကိုသာ ပြည်ပနိုင်ငံများသို့ တင်ပို့နေကြောင်း၊ ဈေးကွက်အရ ပြည်တွင်း ဈေးကွက်နှင့် ပြည်ပဈေးကွက်မှာ ကွာခြားမှုရှိပြီး ပြည်တွင်း၌ ကြိုက်ငါး၊ ကြိုက်ပုစွန်များကို ရောင်းချနိုင်ကြောင်း၊ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်များ တင်ပို့ရာတွင်လည်း သတ်မှတ်အရွယ်အစား၊ အရည်အသွေးများရရှိစေရန် လိုအပ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာက ရေထွက်ကုန်ကို အရှင်ဖမ်းလေ့ဖမ်းထမရှိတဲ့အတွက်ကြောင့် အရှင်တင်ပို့နိုင်ဖို့အတွက် ထုပ်ပိုးပြီး သယ်ဆောင်နိုင်ဖို့ကို သင်တန်းတွေ ပို့ချပေးနေပါတယ်။ အဲဒါကလည်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးနဲ့ နည်းပညာပါရရှိအောင် ရည်ရွယ်ပြီး သင်တန်းပို့ချပေးနေတာပါ"ဟု ဦးမိုက်အောင်မြင့်ထွန်းက ပြောသည်။

အဆိုပါရေထွက်ကုန်များကို ထုပ်ပိုးသယ်ဆောင်နိုင်ရန်အတွက် သင်တန်းများပို့ချပေးနေသလို ပင်လယ်ရေထွက်ဒေသများဖြစ်သော မြိတ်၊ ဘုတ်ပြင်းနှင့် ကော့သောင်းမြို့များတွင်လည်း သင်တန်းများ ထပ်မံ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# အာဆီယံ အိမ်ခြံမြေ မိတ်ဖက် ကွန်ရက်အဖွဲ့အစည်းပြပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်

နှစ်စဉ်အလှည့်ကျ ပြုလုပ်နေကျဖြစ်သည့် ARENA Convention & Exhibition ပြပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများရှိ အိမ်ခြံမြေအကျိုးဆောင်အသင်းများ ပါဝင်ဖွဲ့စည်းထားသည့် အာဆီယံအိမ်ခြံမြေ မိတ်ဖက်ကွန်ရက်အဖွဲ့အစည်း (Asean Real Estate Network Alliance- ARENA)၏ ပြပွဲကို နှစ်စဉ် အလှည့်ကျ ပြုလုပ်နေခြင်းဖြစ်ပြီး ယခုနှစ်အ တွက် ဩဂုတ် ၂၃ နှင့် ၂၄ ရက်တို့ တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ကွန်ဗင်းရှင်းပြပွဲကို မြန်မာနိုင်ငံမှာ ကျင်းပနိုင်တဲ့အတွက် အာဆီယံဒေသတွင်း နိုင်ငံတွေအကြား အိမ်ခြံမြေ ရောင်းဝယ်မှုအတွက် စနစ်ကျတဲ့ ပညာရပ်ပို့ချမှုသင်တန်းတွေအပြင် ပြည်တွင်း အိမ်ခြံမြေဈေးကွက်အတွက် လိုအပ်နေတဲ့ ဈေးကွက်ချဲ့ထွင်မှုတွေ၊ တည်ဆောက်ဆဲ အိမ်ရာစီမံကိန်းတွေအတွက် အမြင်ဖလှယ်ခြင်းတွေစတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောသည်။

အဆိုပါပြပွဲသို့ အာဆီယံနိုင်ငံများရှိ အိမ်ခြံမြေအကျိုးဆောင်များ၊ ARENA အဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် အိမ်ခြံမြေအကျိုးဆောင် မိတ်ဖက်နိုင်ငံများမှ လုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ သိရသည်။

ယင်းပြပွဲမှာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသည့်ပွဲဖြစ်သည့်အတွက် တခြားနိုင်ငံများနည်းတူ အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်၊ MIC ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ အာဆီယံနိုင်ငံများမှ အိမ်ခြံမြေကျွမ်းကျင်ပညာရှင်တို့၏ ဆွေးနွေးဟောပြောပွဲများကို ထည့်သွင်းထားကြောင်း သိရသည်။ **ချောစု**

# အနုညာတဗဟိုဌာနမိတ်ဆက်ပွဲအကြို သတင်းမီဒီယာများ တွေ့ဆုံ

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ စီးပွားရေးဆိုင်ရာ အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းရေးကော်မတီက ထူထောင်ဖွင့်လှစ်မည့် အနုညာတဗဟိုဌာန မိတ်ဆက်ပွဲ အကြိုအဖြစ် သတင်းမီဒီယာများ တွေ့ဆုံခြင်းအခမ်းအနားကို ဇူလိုင် ၃၁ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်ခဲ့သည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးပြုလုပ်ရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အငြင်းပွားမှုပြဿနာများကို အခြားနိုင်ငံများတွင် သွားရောက်ဖြေရှင်းရန်မလိုဘဲ အချိန်ကုန်သက်သာ၊ ငွေကုန်ကြေးကျ သက်သာစွာဖြင့် မြန်မာနိုင်ငံတွင် ဖြေရှင်းနိုင်ရန်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းအား ပြိုင်ဆိုင်ခြင်း မဟုတ်ဘဲ ပို၍ မိတ်ဆွေဖြစ်အကျိုးပြုသော အနုညာတ စီရင်ဆုံးဖြတ်ခြင်းဖြစ်စေရန် ရည်ရွယ်၍ မြန်မာအနုညာတ စီရင်ဆုံးဖြတ်ခြင်းဗဟိုဌာန (Myanmar Arbitration Centre)ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"အနုညာတ စီရင်ဆုံးဖြတ်ခြင်းမှာ လာဘ်ပေးလာဘ်ယူကိစ္စကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်သွားမှာ ဖြစ်ပါတယ်။ ဒါမျိုးမဖြစ်ရအောင် ကျွန်တော်တို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ အဲဒီအတွက်လည်း Arbitrator တွေကို ခံဝန်ချက်တွေ လုပ်သွားဖို့ရှိပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့က ခုမှစတာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေက စတောင်စနေပါပြီ။ ကျွန်တော်တို့နဲ့ မတိမ်းမယိမ်း ဈေးကွက် စီးပွားရေးစနစ်ကို ရောက်လာတဲ့ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုတို့မှာ အနုညာတစီရင်ဆုံးဖြတ်တာတွေ ရှိနေကြပါပြီ။ Myanmar Arbitration Centre ဖွဲ့တယ်ဆိုတာက နိဒါန်းရဲ့ နိဒါန်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အများကြီးလုပ်ဖို့ ရှိပါသေးတယ်။ Myanmar Arbitration Centre စည်းမျဉ်းစည်းကမ်း၊ Arbitrator တွေရဲ့ စည်းမျဉ်းစည်းကမ်း ဒါတွေအများကြီး လုပ်သွားဖို့ရှိပါတယ်။ Arbitrator တွေကိုလည်း မွမ်းမံသင်တန်းတွေဖွင့်ပြီး အရည်အချင်းပြည့်မီသထက် ပြည့်မီအောင် လုပ်သွားဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေး ပုဂ္ဂိုလ် ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

**သန်းထိုက်အောင်**

# ဖက်စပ်အသက်အာမခံနှင့် ဖက်စပ် အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများစာရင်း ထုတ်ပြန်

ပြည်တွင်းဈေးကွက်အတွင်း ဖက်စပ်အသက်အာမခံလုပ်ငန်းနှင့် ဖက်စပ်အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများစာရင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၏ ထုတ်ပြန်ချက်အရ ဖက်စပ်အသက်အာမခံလုပ်ငန်းကို Capital Life Insurance Limited and Taiyo Life Insurance Company Limited, Citizen Business Insurance Public Limited and Thai Life Insurance Public Company Limited, Grand Guardian Life Insurance Company Limited and Nippon Life Insurance Company တို့က လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဖက်စပ်အထွေထွေ အာမခံ လုပ်ငန်းကို AYA Myanmar General Insurance Company Limited and Sompo Japan Nipponkoa Insurance Inc, Grand Guardian General Insurance Company Limitde and Tokio Marine and Nichido Fire Insurance Company Limited, IKBZ Insurance Company Limited and Mitsui Sumitomo Insurance Company Limited တို့က လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ဖက်စပ်အာမခံလုပ် ငန်း ဆောင်ရွက်ခွင့်ရရှိသော ပြည်တွင်းအာမခံကုမ္ပဏီများနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် လိုင်စင်အကြိုလုပ်ငန်းစဉ်များကို မဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ရမည့်အပြင် ဖက်စပ်အာမခံလုပ်ငန်း စတင်ချိန်တွင် လိုအပ်မည့် ကိစ္စရပ်များကို ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ လိုင်စင်အကြို လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်များကို ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ပြည်တွင်း၌ အသုံးပြုနေသည့် ကြိုတင်ငွေဖြည့်ကတ်များအား မြန်မာကျပ်ငွေဖြင့် အသုံးပြုရန် ခွင့်ပြုထားခြင်းမဟုတ်

ပြည်တွင်း၌ အသုံးပြုနေသည့် ကြိုတင်ငွေဖြည့်ကတ်များဖြစ်သည့် မာစတာ၊ ဗီဇာ၊ ယူပီအိုင်နှင့် ဂျေစီဘီကတ်များကို မြန်မာကျပ်ငွေဖြင့် အသုံးပြုရန်ခွင့်ပြုခြင်း မဟုတ်ကြောင်း ဗဟိုဘဏ်က ဇူလိုင် ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။


မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံသားများ ပြည်ပသို့ သွားရောက်ခြင်းနှင့် ပြည်ပမှနိုင်ငံခြားသားများ ပြည်တွင်းသို့ လာရောက်ရာတွင် ငွေပေးချေမှုအဆင်ပြေစေရန်အတွက် အဆိုပါကတ်များကို အမေရိကန်ဒေါ်လာငါးထောင်အထိကန့်သတ်၍ ထုတ်ဝေခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် အဆိုပါကတ်များကိုပြည်တွင်းရှိ စားသောက်ဆိုင်များ၊ ရှော့ပင်းမောလ်များတွင် မြန်မာကျပ်ငွေဖြင့် ပေးချေအသုံးပြုခြင်းများ၊ ဘဏ်အမည်နှင့် စားသောက်ဆိုင်အမည်များ ဖော်ပြအသုံးပြုနေမှုများ ရှိနေကြောင်း သိရသည်။

ယင်းအတွက်ကြောင့် ထိုကဲ့သို့ ဖော်ပြမှုများအား မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်မူဘောင်အတွင်းမှ ဆောင်ရွက်ရန်လိုအပ်ကြောင်း ပုဂ္ဂလိကဘဏ်များသို့ ဇူလိုင်လအတွင်း ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချောစု**

# ဈေးကွက်ဝင်ကြက်မောက်သီးအကြောင်း



## သိကောင်းစရာများ

ဆွာညို (မနောမြေ)

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝ အလှတရားနှင့် ပြည့်စုံရာ နိုင်ငံတစ်နိုင်ငံဖြစ်သလို ဆယ့်နှစ်ရာသီမပြတ် ပန်းမန်မျိုးစုံ၊ အသီးမျိုးစုံ ထွက်ရှိရာဒေသလည်း ဖြစ်သည်။ ဆယ့်နှစ်လရာသီ အလိုက် ရာသီပေါ်သီးနှံများ လှိုင်လှိုင်ပေါများစွာ ထွက်ရှိပြီး ဈေးကွက်ဝင်သောအသီးအနှံများ အဖြစ်လည်း နာမည်ရကြသည်။ ရာသီပေါ်သီးနှံများ ဖြစ်ကြပြီး ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတွင် ထွက်ရှိသော ကြက်မောက်သီးအကြောင်းကို ဖော်ပြပေးချင်ပါသည်။

ကြက်မောက်သီးသည်အရည်ရွှမ်းသည်။ ချိုမွှေးသောအရသာရှိသဖြင့် လူတိုင်း ကြိုက်နှစ်သက်ကြသည်။ ကြက်မောက်၏ မူရင်းဒေသသည် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်သည်။ အင်္ဂလိပ်အမည် Rambutan ဖြစ်ပြီး Sapindaceae မျိုးနွယ်ဝင်ဖြစ်သည်။ Sapindaceae မျိုးနွယ်ဝင်ဖြစ်သော ကြက်မောက်သီးပင်၏ ရုက္ခဗေဒအမည်မှာ Nepheliumlappaceum ဖြစ်ပြီး၊ အပူပိုင်းဒေသတွင် ကောင်းစွာဖြစ်ထွန်းသည်။ ကြက်မောက်သီးကို နေရာဒေသအလိုက် အမည်နာမခေါ်ဆိုပုံခြင်း မတူညီကြပါ။ မလေးရှားတွင် ကြက်မောက်သီးကို အမွေးထူသော အသီး သို့မဟုတ် Rambutan ဟုခေါ်ကြပြီး ပနားမား၊ ကော့စတာရီကာနှင့် နီကာရာဂွာနိုင်ငံများတွင် "mamon chino"၊ ထိုင်းနိုင်ငံတွင်"ngoh"၊ ပြင်သစ်နိုင်ငံတွင် "rambouta nierramboostan"၊တရုတ်နိုင်ငံတွင် "Shao tzu"၊ ဗီယက်နမ်နိုင်ငံတွင် "chomchom (or) vai" ဟူ၍လည်းကောင်းအမျိုးမျိုး ခေါ်ဝေါ်ကြသည်။

ကြက်မောက်သီးတွင် အသားအစေ့ကပ်သည့်မျိုးနှင့် အသားအစေ့မကပ်သည့်မျိုးဟူ၍ နှစ်မျိုးရှိသည်။ ကြက်မောက်ပင်တွင် အဖိုပွင့် ပွင့်သောအဖိုပင်များ၊ (အစေ့စိုက်ပင်များ၏ ၄၀ ရာခိုင်နှုန်းသည် အဖိုပင်များဖြစ်သည်။) လိင်စုံပန်းပွင့်ပြီး တချို့အပင်များသည် အမပွင့်ကဲ့သို့ လုပ်ဆောင်သောအပင်များ၊ လိင်စုံပန်းပွင့်သည်။ တချို့သော အပွင့်များသည် အမပွင့်ကဲ့သို့ လုပ်ဆောင်ပြီး အချို့အပွင့်များသည် အဖိုပွင့်ကဲ့သို့ တာဝန်ထမ်းဆောင်သောအပင်များ (ဤအပင်အမျိုးအစားမှာ များစွာ တွေ့ရှိရပြီး အဖိုရာခိုင်နှုန်း နည်းတတ်ပါသည်။) ဟူ၍ အမျိုးမျိုး ရှိသည်။ ကြက်မောက်ကို စီးပွားဖြစ်စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းခြင်း၊ အသီးအရွယ်အစားကြီးခြင်း၊ အရသာချိုမွှေးခြင်း၊ အသားအစေ့မကပ်ခြင်း၊ အရောင်အသွေးကောင်းခြင်း၊ ပုံမှန်နှစ်စဉ်သီးပွင့်ခြင်း စသည့် မျိုးများကို ရွေးချယ်ရန်လိုအပ်ပါသည်။

ကြက်မောက်ပင်၏ ပုံစံမှာ Chirstmas သစ်ပင်နှင့် ဆင်တူပြီး အရွက်အညှာမှ အပွတ်လိုက်၊ အခိုင်လိုက် အသီးသီးလေ့ရှိသည်။ အရွက်များက အတော်အတန်ရှည်ပြီး ရွက်ညှာများမှာ သုံးရွက်မှ ၁၁ ရွက်ခန့်ထိ ရှိတတ်ကြသည်။ အကိုင်း၏ထိပ်ဖျားပိုင်းတွင် ရနံ့သင်းသော အမြွာစုံစိမ်းဖန့်ဖန့် ပန်းကလေးများ ဖူးပွင့်ကြသည်။ ကြက်မောက်သီး၏ ပုံသဏ္ဌာန်မှာ အတန်ငယ်လုံးဝန်းပြီး အမွေးရှည်လေးများ ဖုံးအုပ်ထားလျက်ရှိသည်။ ကြက်မောက်သီးအခွံသည် အနီရောင်ရှိပြီး တစ်ခါတစ်ရံတွင် လိမ္မော်သန်းသော အနီရောင်အခွံလည်း ရှိပါသည်။ အသီးရင့်မှည့်သွားပါက နီညိုရောင်သို့ ပြောင်းသွားပြီး အတွင်းထဲတွင် အဖြူရောင်ဖြစ်၍ ချိုမြမြအရသာရှိသည်။ ထိုအသီး အနှစ်၏အောက်တွင် အညိုနုရောင်ဘက်သန်းသော အတန်ငယ်ကြွပ်ဆတ်သည့်အစေ့ရှိပြီး အရသာမှာ ခါးသက်သက်ရှိသည်။ အခွံစိမ်းသော ကြက်မောက်သီးသည် အနည်းငယ်ချဉ်သောအရသာရှိသည်။ အသီးနုချိန်တွင် အသားနှင့်အစေ့တို့သည် ကပ်နေပြီး အသီးရင့်မှည့်ချိန်တွင်သာ အစေ့ဖယ်စားရန် လိုအပ်ပါသည်။

ကြက်မောက်ပင်သည် မြေအမျိုးအစား အမျိုးမျိုးတွင် စိုက်ပျိုးနိုင်သော်လည်း သစ်ဆွေးဓာတ်ကြွယ်ဝပြီး ရေစိမ့်အားကောင်းသည့် သဲနုန်းမြေတွင် အပင်ကြီးထွားမှုနှင့် သီးထွက်အား ကောင်းစေသည်။ ဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာထည့်ပေးနိုင်ပါက ဂဝံမြေနီတွင်လည်း စိုက်ပျိုးနိုင်သည်။ မြေအောက်ရေ၏ ရေမျက်နှာပြင် သုံးမီတာမှ လေးမီတာထက် မနည်းသင့်ပေ။

ကြက်မောက်စိုက်ပျိုးရန် တန်းကြား ၁၂ ပေ၊ ပင်ကြား ၁၂ ပေ၊ စတုရန်းပုံစိုက်ပျိုးရေး စနစ်သည် အသုံးများသည်။ တစ်ဧကလျှင်အပင် ၃၀၀ ကျော်ခန့် ဝင်ဆံ့သည်။ တချို့သောနိုင်ငံများတွင် စတုရန်းပုံ အလယ်တွင် တစ်ပင်စိုက်စနစ် အသုံးပြုကြသည်။ ငါးပွင့်ဆိုင်စနစ်ဖြစ်သည်။ အလယ်တွင်စိုက်ခဲ့သော အပင်ကို အသီးများနှစ်စဉ်ယူပြီးလျှင် ၈ နှစ် ၁၀ နှစ်ရလျှင် ခုတ်ပစ်ကြပါသည်။ စိုက်ကျင်းကို မိုးမကျမီ ဧပြီလတွင် အကျယ်သုံးပေပတ်လည်၊ အနက်သုံးပေတူးပြီး၊ တူး၍ရရှိသော အပေါ်ယံ ခြောက်လက်မရှိ မြေစာများကို ညာဘက်တွင် ပုံထားရသည်။ အောက်မြေစာများကို ဘယ်ဘက်တွင် ပုံရပါသည်။ စိုက်ကျင်းထဲသို့မြက်ခြောက်၊ ကောက်ရိုး၊ သစ်ရွက်ခြောက်များ ထည့်၍မီးရှို့ပြီး မြေသင်းသပ်ပေးရန် လိုအပ်ပါသည်။ နောက် ကောင်းစွာဆွေးမြေ့နေသော မြေဆွေး၊ သစ်ဆွေးမြေနှစ်ဆကို အပေါ်ယံ ခြောက်လက်မရှိသော မြေတစ်ဆတို့ကို သမအောင်ရောမွှေပေးရန် လိုသည်။ မိုးမကျမီ အတွင်း အပင်မစိုက်မီ ကျင်းကိုရေတစ်ပတ်တစ်ကြိမ် မှန်မှန်လောင်းပေးရမည်ဖြစ်သည်။

မိုးဦးကျ၍ မိုးမှန်လာပြီဆိုပါက ကောင်းစွာသန်စွမ်းဖွံ့ဖြိုးနေသော ပျိုးပင်များကို စိုက်ကျင်းအတွင်းသို့ မြေလုံးမကွဲ၊ အမြစ်မပြတ်စေရန် ဂရုပြုပြီး စိုက်ပျိုးရမည်ဖြစ်သည်။ စိုက်ပျိုးပြီးပါက အပင်ခါးမချောင်စေရန် အပင်ခြေပတ်ပတ်လည်ခြေဖြင့် ပတ်နင်းပေးရန်ဖြစ်သည်။ ၎င်းနောက် လေတိုက်လျှင် ယိုင်မသွားစေရန် လေးပေ အရှည်ဝါးငုတ်တိုင်နှင့် ချည်ထားပေးရမည်။အပင်တစ်နှစ်သားအရွယ်တွင် ပုံသဏ္ဌာန်မှန်အောင် ပုံသွင်းပေးခြင်းသည် သီးထွက်ကောင်းကောင်း ရရှိစေရန် အထောက်အကူပြုစေပါသည်။

ကြက်မောက်ပင်သည် အနည်းငယ် အာဟာရဓာတ်များချို့တဲ့ပါက သီးထွက်နှုန်းနှင့် အသီးတင်မှုကို ထိခိုက်စေပါသည်။ မဂ္ဂနီစီယမ်ဓာတ်များ ချို့တဲ့လျှင် အရွက်များအရွယ်အစား သေးငယ်ခြင်း၊ ရွက်ကြောစိမ်းများကြား အရောင်ပျက်ခြင်း၊ အရွက်ကြွေခြင်း၊ ပန်းပွင့်နည်းခြင်း၊ အမြစ်ဖွံ့ဖြိုးမှု အားနည်းခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်သည်။ မဂ္ဂနီစီယမ်ဓာတ်များချို့တဲ့ပါက Ethephon 15ppm တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းပြင်းအားကို အရွက်ပေါ် ဖျန်းပေးခြင်း၊ ဒိုလိုမိုက်ကျောက်မှုန့်ကို အပင်ခြေတွင် ထည့်ပေးခြင်းများ ပြုလုပ်ပေးရန် လိုအပ်သည်။ ကယ်လ်စီယမ်ချို့တဲ့ပါက အပင်ခြောက်လာခြင်း၊ အရွက်ကြီးထွားမှုနှေးကွေးခြင်း၊ အပင်ကြီးထွားမှုအပိုင်းများ ရပ်တန့်ခြင်း၊ ထိခိုက်ခြင်းအတွက် မဖောက်ထုံး သို့မဟုတ် ဒိုလိုမိုက်ကျောက်မှုန့်ကို အပင်မစိုက်မီကတည်းက ထည့်ပေးရန် လိုအပ်ပါသည်။ သို့ရာတွင် ထုံးပါသောပစ္စည်းများကို အပင်ငယ်စဉ်တွင်ထည့်ပေးပါက အနည်းဆုံး အရေအတွက်သာထည့်ပေးရန် သတိပြုရပါမည်။ သွပ်ဓာတ်ချို့တဲ့မှုမရှိသော်လည်း ဇင့်ဆာလ်ဖိတ်နှစ်ရာခိုင်နှုန်းပြင်းအားဖြင့် တစ်နှစ်လေးကြိမ်ဖျန်းပေးပါက အထွက်နှုန်းကောင်းစေပါသည်။ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို ထည့်ရာတွင် အပင်၏ အရွက်အုံတည့်တည့်တွင် မြောင်းတူး၍ ထည့်ပေးရပါမည်။

အသီးတင်မှု အားကောင်းစေရန်အတွက် ပန်းပွင့်အရေအတွက် တစ်ဝက်ခန့်ပွင့်ချိန်တွင် ဖျန်းပေးပါက ပို၍ထိရောက်ပါသည်။အသီးကြွေမှုကင်းဝေးစေရန်အတွက် အသီးတင်ပြီး တစ်လအကြာတွင်ဖျန်းပေးရမည်။ ကြက်မောက်ပင်၏ အသီးအရောင်တိုးတက်မှုမှာ အလင်းရောင်ရရှိမှု၊ အလင်းပြင်းအားတို့နှင့် ဆက်စပ်မှုရှိနေပြီး အသီးအခွံအနီရောင်ဖြစ်ပေါ်မှုမှာ Anthocyanin ထုတ်လုပ်မှုအပေါ် အဓိကတည်မှီနေသည်။

အသီးအရောင်စတင်ဖြစ်ပေါ်ပြီး ၁၆ ရက်မှ ၁၈ ရက်တွင် ဈေးကွက်သို့ တင်ပို့နိုင်ပြီဖြစ်ပါသည်။ အပင်တစ်ပင်တွင်ရှိ အသီးအားလုံး ရင့်မှည့်လာရန်အတွက် ရက် ၃၀ ခန့် လိုအပ်ပါသည်။ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်အသီးတစ်လုံးချင်း ရောင်းချကြပြီး အင်ဒိုနီးရှားနိုင်ငံတွင် ငါးရက်တစ်ကြိမ် အသီးဆွတ်ခူးပြီးမှ ရောင်းချလေ့ရှိသည်။

ကြက်မောက်သီးများ ထုပ်ပိုးရန်အတွက် ဖိုင်ဘာကတ်ထူပုံးများ အသုံးပြုပြီး မပို့မီ ၁၃ စင်တီဂရိတ်၌ သိုလှောင်ထားနိုင်သည်။ အသီးများ ကတ်ထူပုံးများအတွင်းသို့ ထည့်ရာတွင် အစိုဓာတ်ထိန်းကြားခံပစ္စည်းတစ်မျိုးမျိုး ထည့်သွင်းပါက အသီးများ လတ်လတ်ဆတ်ဆတ် ကြာရှည်ခံပါသည်။ အပူချိန် ၁၀ ဒီဂရီ စင်တီဂရိတ်ရှိသော အပေါက်ဖောက်ထားသော ပလတ်စတစ်အိတ်တွင် ထည့်သွင်းထုပ်ပိုးထားလျှင် ဈေးကွက်တွင် ၁၀ ရက်ထိအထားခံပါသည်။ အပူချိန် ၇ ဒီဂရီ စင်တီဂရိတ်ထက်နည်းပါက ရေစိုနာဖြစ်တတ်သည်။

မြန်မာပြည်တွင်ကြက်မောက်သီးသည်နေရာအနှံ့ထွက်ရှိပြီး လှိုင်လှိုင်ထွက်ရှိသော ဒေသမှာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိနတ်စမ်းကျေးရွာဖြစ်သည်။ ထိုကျေးရွာတွင် ပုံမှန်အစေ့ပါသော ကြက်မောက်သီးနှင့် အစေ့လွတ်နတ်စမ်း ကြက်မောက်သီးဟူ၍ နှစ်မျိုး ထွက်ရှိသည်။ အစေ့လွတ် ကြက်မောက်သီးများသည် ယိုးဒယားကြက်မောက်သီးကဲ့သို့ အချိုစူးရှပါသည်။ မြန်မာပြည်တွင် ကြက်မောက်သီးကို သရေစာအသီးအဖြစ်သာ အစားများလေ့ရှိကြသည်။ ကြက်မောက်သီးယို၊ သီးစုံ ဒိုမိနို၊ သံဘူး စသည်ဖြင့်လည်း စားသုံးကြသည်။

ကြက်မောက်သီးပင်မှ လူသားတို့အတွက် အာဟာရပြုပေးနိုင်ပုံကို Institute of Medicine ကလည်း ယခုကဲ့သို့အကြံပြုထားသည်။ ကြက်မောက်သီးသာမက အရွက်၊ အသီးခွံ၊ အစေ့၊ ပင်စည်နှင့် အမြစ်တို့သည် ဆေးဖက်ဝင်၍ ပင်စည်ထဲတွင် saponin , tannin , iron, pectin နှင့် flavonoids တို့ပါရှိကြပြီး polifenol နှင့် fat တို့ပါရှိသည်။ ၁၀၀ ဂရမ်ရှိသော ကြက်မောက်သီးတစ်ခွက်စာ ပမာဏတွင် လူသားတို့ကျန်းမာရေးအတွက် ခွန်အားဖြစ်သော ပရိုတင်း ၁ ဂရမ်၊ ကဆီဓာတ် ၃၁ ဒသမ ၃ ဂရမ်၊ အမျှင်ဓာတ် ၁ ဒသမ ၄ ဂရမ်၊ သီအာမင်သုည ဒသမ ၀၁ ဂရမ်၊ ဗိုက်တာမင်စီ ၇ ဒသမ ၄ မီလီဂရမ်၊ ဆိုဒီယမ် ၁၆ ဒသမ ၅ ဂရမ်၊ ပိုတက်ဆီယမ် ၆၃ ဂရမ်၊ ကယ်လ်စီယမ် ၃၃ မီလီဂရမ်၊ ဗိုက်တာမင်အေ ၄ ဒသမ ၅ IU နှင့် သံဓာတ် သုည ဒသမ ၅ မီလီဂရမ်တို့ပါရှိသည်။ ကြက်မောက်သီးတွင် ပြည့်ဝဆီနှင့် ကိုလက်စထရောတို့ လုံးဝမပါရှိဘဲ သကြားဓာတ်၊ အထူးသဖြင့် ဖရက်တို့စ်နှင့် ဆူးခရို့စ်တို့များစွာပါဝင်ပြီး ကယ်လိုရီပါဝင်မှု နည်းပါးသည်။

ထို့ကြောင့် အာဟာရတန်ဖိုးများစွာ ပါဝင်သည့် ကြက်မောက်သီးကို စားသုံးခြင်းဖြင့် အူလမ်းကြောင်းရှိ ကပ်ပါးကောင်များကို သေစေနိုင်သည့်အပြင် ဝမ်းလျှော/ဝမ်းပျက် ဝေဒနာတို့ကိုလည်း သက်သာစေကြောင်း The Online Culinary School website မှ အကြံပြု ထောက်ခံထားသည်။ ထို့ပြင်အစေ့ထဲတွင် hypoglylcemic ဓာတ်ပါရှိသောကြောင့် သွေးထဲရှိသကြားပမာဏကို ကျဆင်းစေသည်။ ကြက်မောက်သီးထဲတွင် သွေးနီဥနှင့် သွေးဖြူဥများ ပြုလုပ်ရာတွင် လိုအပ်သော ကြေးနီဓာတ်အသင့်အတင့်ပါရှိပြီး လူတစ်ဦးလျှင် တစ်နေ့တာ လိုအပ်သော သံဓာတ်ပမာဏ ၁၃ ဒသမ ၈ ရာခိုင်နှုန်းကျော်ကို ထောက်ပံ့ပေးနိုင်သည်။ ထို့ကြောင့် သံဓာတ်အရင်းအမြစ်တို့စုဝေးရာ ကြက်မောက်သီးကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အောက်ဆီဂျင်ပမာဏကို ဖြည့်စွက်ပေးနိုင်ပြီး မူးဝေခြင်း၊ နှုံးချည့်ပင်ပန်းခြင်း၊ ဖျော့တော့နွမ်းနယ်ခြင်း စသည့် သံဓာတ်အားနည်းခြင်းကြောင့်ဖြစ်တတ်သော သွေးအားနည်းရောဂါကို ကာကွယ်ပေးနိုင်သည်။

**စာမျက်နှာ (၃၂)သို့**

## မုံရွာမြို့ရှိ ကုန်မျိုးစုံဆိုင်များတွင် ဆေးဝါးများရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နှင့် မုံရွာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနအပါအဝင် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ ပူးပေါင်း၍ ဇူလိုင် ၂၄ ရက်က ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအနေဖြင့် ကုန်စုံဆိုင်၊ မုန့်ဆိုင်နှင့် စတိုးဆိုင်များတွင် ဆေးဝါးရောင်းချခွင့်လိုင်စင်မရှိဘဲ ဆေးဝါးရောင်းချခြင်းမရှိစေရေးအတွက် စိစစ်ကြပ်မတ်ပေးနိုင်ရန်နှင့် ရောင်းချခြင်းကိုတွေ့ရှိပါက အမျိုးသား ဆေးဝါးဥပဒေ အခန်း(၁၁)၊ ပုဒ်မ(၁၆)တွင် မည်သူမျှ လိုင်စင်မရှိဘဲ ဆေးဝါး ကုန်ကြမ်း (သို့မဟုတ်) ဆေးဝါးကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုစေရန် ပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်စီမံဆောင်ရွက်သွားရန် ၂၀၁၉ ခုနှစ် မေ ၂၈ ရက်က ကျင်းပပြုလုပ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အတည်ပြုထားသည်ကို လုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ သိရှိစေရန် ရည်ရွယ်၍ မုံရွာမြို့၊ ကျောက္ကာလမ်းပေါ်ရှိ ကုန်စုံဆိုင်၊ မုန့်မျိုးစုံဆိုင်နှင့် စတိုးဆိုင် ၁၂ ဆိုင်တွင် ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**သန်းသန်းတင်(မုံရွာ)**

## ရွှေဘိုမြို့နယ် သီလုံးစံပြကျေးရွာရှိ တောင်သူများအား စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းနှင့် GI အကြောင်း ဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် သီလုံးစံပြကျေးရွာရှိ မင်းကြီးကျောင်းတိုက်ဓမ္မာရုံတွင် စပါးစိုက်ပျိုးသည့် တောင်သူများနှင့်တွေ့ဆုံပြီး စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် GI အကြောင်း သိကောင်းစရာများ ဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင်စားသုံးသူရေးရာဦးစီးဌာန ရွှေဘိုခရိုင် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ငွေက စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်းများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ်အကြောင်းများ၊ အသင်းအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရှင်သန်စေရေးအတွက် ဌာနမှကူညီပံ့ပိုးဆောင်ရွက်ပေးနေသည့်အကြောင်းများ ရွှေဘိုပေါ်ဆန်းစပါးသည် သီလုံးကျေးရွာရှိတောင်သူများမှ စတင်စိုက်ပျိုးခဲ့ပြီး တစ်နယ်လုံးသို့ ပျံ့နှံ့လာသည့်အတွက် တောင်သူများအနေဖြင့် ယခင်အရည်အသွေးအတိုင်း ဆက်လက် ထိန်းသိမ်းထားကြစေလိုကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မို့မို့က စပါးမျိုးကောင်း မျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာများ၊ (GAP)စနစ်ဖြင့် စိုက်ပျိုးနည်းများနှင့် ရလဒ်ကောင်းများအကြောင်းနှင့် ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြန်မာ့ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးကျော်သူသောင်းစိန်က အသင်း၏ရည်ရွယ်ချက်နှင့် GI အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပြီး ရွှေဘိုပေါ်ဆန်းအနေဖြင့် မျိုးကို ထိန်းသိမ်းနိုင်ရန် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးသည် အရေးကြီးသဖြင့် မျိုးစေ့ထုတ်လုပ်မည့် တောင်သူများကိုလည်း ဖိတ်ခေါ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး အတွင်းရေးမှူး ဦးကျော်နိုင်က ရွှေဘိုပေါ်ဆန်း၏ ယခုဖြစ်ပေါ်နေသော ဈေးနှုန်း၊ ဈေးကွက်အခြေအနေများနှင့် GI ရရှိပြီးပါက ဖြစ်ပေါ်လာမည့် ဈေးနှုန်း၊ ဈေးကွက် အခြေအနေများအကြောင်းနှင့် (GAP) စနစ်ဖြင့် စိုက်ပျိုးမည့်တောင်သူများကိုလည်း ကြိုဆိုလျက်ရှိကြောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**

## စားသုံးသူကာကွယ်ပေးရေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေး

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ၊ ကျိုက်မရောမြို့နယ်၌ ဇူလိုင် ၂၉ ရက်တွင် အ. ထ. က ကျိုက်မရောနှင့် အ. ထ. က(ခွဲ) ကျိုက်မရောတို့၌ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမင်းနောင်၊ ကျိုက်မရောမြို့နယ်တာဝန်ခံနှင့် စားသုံးသူကာကွယ်ရေး ဟောပြောပွဲအဖွဲ့အမှတ်(၃)မှ ဝန်ထမ်းများဖြင့် သွားရောက် ဟောပြောပွဲကျင်းပခဲ့သည်။

ဟောပြောဆွေးနွေးပွဲများတွင် ကျောင်းအုပ်ဆရာမကြီးများက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမင်းနောင်က ၂၀၁၉ ခုနှစ်၊ စားသုံးသူကာကွယ်ရေးဥပဒေသစ် ပြဋ္ဌာန်းပြီးစီးမှုနှင့် စားသုံးသူအခွင့်အရေး၊ လိုက်နာရမည့်တာဝန်၊ သတိပြုရမည့်အချက်များ၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ အသိပညာပေးမှုများ၊ စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုတို့အပေါ် ဆုံးရှုံးနစ်နာမှုများရှိလျှင် စားသုံးသူရေးရာဦးစီးဌာန၊ CICC သို့ တိုင်ကြားနိုင်သည့်နည်းလမ်းများအား အသေးစိတ်ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲများတွင် ဆရာ၊ ဆရာမ ၄၈ ဦး၊ ပြည်သူ ၂၂ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၈၉၄ ဦး၊ စုစုပေါင်း ၉၆၄ ဦးတို့အား အသိပညာပေး ဆောင်ရွက်နိုင်ခဲ့သည်။

**မင်းနောင်**

## မြင်းမူမြို့နယ် မကျီးကန်ကျေးရွာ၌ စားသုံးသူရေးရာအဖွဲ့ငယ် ဖွဲ့စည်းခြင်းနှင့် ကုန်စုံဆိုင်များ စစ်ဆေး

စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြင်းမူမြို့နယ်တာဝန်ခံသည် စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဇူလိုင် ၂၃ ရက်တွင် မြင်းမူမြို့နယ် မကျီးကန်ကျေးရွာသို့ သွားရောက်၍ကျေးရွာစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းခဲ့သည်။ အဖွဲ့ကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ၊ ရပ်ဖများ ပါဝင်ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံသည် ဖွဲ့စည်းပြီးသော ကျေးရွာစားသုံးသူရေးရာအဖွဲ့နှင့်အတူ မကျီးကန်ကျေးရွာရှိ ကုန်စုံဆိုင်များတွင် သက်ဆိုင်ရာဌာနများမှ တားမြစ်ထားသော ကုန်ပစ္စည်းများ၊ သက်တမ်းလွန်မှုတက်နေသော ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။ ရောင်းချနေသော ဈေးသည်များအား (၂၀၁၉) စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်သည့် အချက်အလက်များအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ **အောင်လင်း (DOCA မြင်းမူ)**

## ပုသိမ်မြို့တွင် စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်းဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များအား ၂၀၁၉ ခုနှစ်စားသုံးသူကာကွယ်ရေး ဥပဒေရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပရာ တိုင်းဦးစီးမှူး ဦးစိုးအောင်နှင့် ဒုတိုင်းဦးစီးမှူး၊ ဌာနခွဲမှူးများနှင့်စီးပွားရေးလုပ်ငန်းရှင် ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက စားသုံးသူများ ဘေးကင်းလုံခြုံရေး ကုန်စည်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့် ဦးစားပေးကုန်စည်များနှင့်ပတ်သက်၍ အခြေခံအချက်အလက်များ သိရှိစေရေး ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာ ဌာနခွဲမှူး ဦးစောမိုက်ကယ်က လုပ်ငန်းရှင်များနှင့်သက်ဆိုင်သော ဥပဒေ ပြဋ္ဌာန်းချက်များ၊ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးနေမှုများ၊ ကုန်စည် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ပြည်သူများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားမှုအပေါ် ကုစားခွင့်ရရှိရေး ရှင်းလင်း ဆွေးနွေးခဲ့သည်။ထို့နောက် တက်ရောက်လာသူများကို ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ တက်ရောက်လာသူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ တိုင်းဦးစီးမှူးက ပြန်လည်ဖြေကြားပေးခဲ့သည်။ **စောမိုက်ကယ် (ပုသိမ်)**

## ကျိုင်းတုံ၌ သန့်ရှင်းပြီးကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် ဆွေးနွေးပွဲပြုလုပ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ ကျိုင်းတုံခရိုင်/မြို့နယ်များရှိအိမ်တွင်းမှုအသေးစား စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းရှင်များအား 'သန့်ရှင်းပြီးကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်' (GHP) ရှင်း လင်းဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်တွင် ကျိုင်းတုံမြို့၊ ရပ်ကွက် (၃)ရှိ လူမှုဝန်ထမ်းဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးပြောကြားခြင်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းမှ တာဝန်ရှိသူများက ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များအား အသေးစိတ်ရှင်းလင်း၍ ဒေသတွင်း အသေးစား စားသောက်ကုန်လုပ်ငန်းများ အရည်အသွေးမီ တိုးတက်ထုတ်လုပ်၍ ဒေသစီးပွားရေး ဖွံ့ဖြိုးစေရန်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ ကျိုင်းတုံမြို့ရှိ ပြန်လည်ထူထောင်ရေးစခန်းတွင် လက်တွေ့သင်တန်းများ ပို့ချရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယ ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့ နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသတွင်းရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**ရန်နောင် (ကျိုင်းတုံ)**

# စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း မွန်ပြည်နယ်တွင် ဖွင့်လှစ်

စားသုံးသူရေးရာဦးစီးဌာနလက်အောက်ရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်ထိ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (Mobile Training)ကို မွန်ပြည်နယ် ဦးစီးမှူးရုံးတွင် ကျင်းပရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ အရာထမ်း/ အမှုထမ်းများ၊ ပြည်နယ်နှင့် တိုင်းဦးစီးမှူးများ စုစုပေါင်း ၄၈ ဦး တက်ရောက်ခဲ့သည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ်စားသုံးသူရေးရာဦးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ပထမနေ့ သင်ခန်းစာများ ပို့ချခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးမိုးက ယှဉ်ပြိုင်မှုဥပဒေဘာသာရပ်ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်းက ထုတ်ကုန် လုံခြုံစိတ်ချရမှုဌာနခွဲ ဘာသာရပ်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဝင်းကြူက ငွေစာရင်းဌာနခွဲဘာသာရပ်ကိုလည်းကောင်း အသီးသီးပို့ချခဲ့ကြသည်။

သင်တန်းဒုတိယနေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းခိုင်က ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုနှင့် သုတေသနဌာနခွဲ ဘာသာရပ်ကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်မိယဉ်စနိုင်းမွန်က စားသုံးသူရေးရာ ဌာနခွဲဘာသာရပ်ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေရီလင်းက သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ ဘာသာရပ်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းကျော်က စီမံရေးရာဌာနခွဲဘာသာရပ်ကိုလည်းကောင်း အသီးသီးပို့ချခဲ့သည်။

ထို့နောက် သင်တန်းဆင်းပွဲအခမ်းအနားကို ပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းကျော်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းသားများကိုယ်စား ကရင်ပြည်နယ်မှ ဦးစီးအရာရှိ ဒေါ်အိအိခိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြိုင် (မွန်)**

■

# ရန်ကင်းပညာရေးကောလိပ်၌ စားသုံးသူကာကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်နှင့် တာဝန်ရှိသူ ဝန်ထမ်းများ၊ ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသီသီလတ်တို့ ပူးပေါင်း၍ ဇူလိုင် ၃၁ ရက်တွင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ ရန်ကင်းပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာကြီး၊ ဒုတိယကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ပထမနှစ် ကျောင်းသား/ ကျောင်းသူများ စုစုပေါင်း ၈၀၀ တက်ရောက်ခဲ့ကြသည်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြတ်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်၊ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ခုနှစ်မှာ ဥပဒေအသစ်ကို ပြန်လည်ပြဋ္ဌာန်းချက်များ၊ ဥပဒေအသစ်တွင်ပါရှိသည့် စားသုံးသူများ၏ အခွင့်အရေးများနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ စားသုံးသူများမှ စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုများအတွက် တစ်ခုခုနစ်နာဆုံးရှုံး၍ တိုင်ကြားပါက ဌာနအနေဖြင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးသူများကလည်း ကုန်ပစ္စည်းများ ရွေးချယ်ဝယ်ယူသုံးစွဲရန် လိုအပ်ကြောင်း၊ ကုန်စည်/ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် တိုင်ကြားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးမှု၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဈေးကွက် ကွင်းဆင်းမှု နှင့်ဈေးကွက်စောင့်ကြည့်သည့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ စားသုံးသူများနစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများကိုလည်းကောင်း၊ စားသုံးသူများ၏ နေ့စဉ်စားသုံးနေသည့် နေထိုင်စားသောက်မှု ပုံစံများ ပြောင်းလဲရန် လိုအပ်သည့်အခြေအနေနှင့် စားသုံးသူရေးရာဦးစီးဌာန၏ Website, Facebook Page နှင့် Mobile Application များ မိတ်ဆက်ပေးခြင်းဖြင့် အကျယ်တဝင့်ဆွေးနွေးခဲ့သည်။

ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသီသီလတ်က မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီ စတင်ဖွဲ့စည်းခဲ့ပုံ၊ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၉)ချက်ရှိကြောင်း၊ ကျောင်းတွင် အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းစဉ်၊ ကျောင်းမုန့်ဈေးတန်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုရှိသင့်ပါကြောင်းနှင့် ကျောင်းမုန့်ဈေးတန်းများတွင် အမှတ်တံဆိပ်ပြည့်စုံသော မုန့်များနှင့်သန့်ရှင်းသော အစားအသောက်များ ရောင်းချသွားရန်၊ ကျောင်းသား/ ကျောင်းသူများ စားသောက်ရန်အတွက် ဂရုစိုက် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း၊ မကူးစက်နိုင်သောရောဂါများအကြောင်းနှင့် ထိုရောဂါများမှ ကင်းဝေးအောင် တစ်ဦးချင်း၏ စားသောက်နေထိုင်မှုပုံစံနှင့် ပတ်သက်သည့် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ၊ စားသုံးသူများအား ဘေးအန္တရာယ်ကင်းပြီး စိတ်ချစွာစားသုံးနိုင်မည့် အစားအသောက်မျိုးကိုသာ ရွေးချယ်တတ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ **မြတ်မွန် (စားသုံးသူ-ရန်ကုန်)**

# မြိတ်မြို့ပေါ်ရှိ စားသုံးဆီဒိုင်ကြီးများအား ကွင်းဆင်းစစ်ဆေး

မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် ဇူလိုင် ၂၇ ရက်တွင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအပါအဝင် မြိတ်ခရိုင်အစားသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များဖြစ်သည့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့ အစရှိသည့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့်အတူ မြိတ်မြို့ပေါ်တွင် စားသုံးဆီရောင်းချနေသော စားသုံးဆီဒိုင်ကြီးများအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးခဲ့သော စားသုံးဆီဒိုင်များမှာ ကလွင်ကျေးရွာအုပ်စု၊ တောင်းပြီရပ်၊ ဦးနီတိုးလမ်း၊ Lobster တံဆိပ်ဖြင့် ရောင်းချနေသော ဆီဒိုင်၊ အမှတ်(၃၃၁)၊ (၇)လမ်း၊ နောက်လယ်ရပ်ရှိ Gold ဆီဒိုင်၊ (၇)လမ်း၊ နောက်လယ်ရပ်ရှိ - ဒေါ်လုံးဆီဒိုင်၊ နောက်လယ်ရပ်(၁)လမ်းရှိ wedgroup တံဆိပ်ဖြင့် ရောင်းချနေသောဆီဒိုင်၊ စုစုပေါင်း ဒိုင်လေးဒိုင်ဖြစ်ပြီး ၎င်းဒိုင်များက ရန်ကုန်မြို့ရှိ FDA ထောက်ခံချက်ရရှိထားသော ဆီကုန်သည်များမှ တိုက်ရိုက်ဝယ်ယူခဲ့ကြကြောင်း သိရှိရသည်။ ၎င်းစားသုံးဆီဒိုင်များအား အထားအသိုပုံစံ၊ သန့်ရှင်းမှုရှိ/မရှိ၊ တရားဝင်ခွင့်ချက် ရှိ/မရှိ စားသုံးရန် သင့်/မသင့် စစ်ဆေးခဲ့ရာမှ ပြန်လည် ထုပ်ပိုးပြင်ဆင်ထားသော စားသုံးဆီများဖြစ်နေသည့်အပြင် စားသုံးရန်သင့်ကြောင်း FDA ထောက်ခံချက်မပါရှိသဖြင့် စားသုံးဆီနမူနာများအား ကောက်ယူခဲ့ပြီး ကော်မတီက ခေတ္တပိတ်သိမ်းထားခဲ့သည်။ နမူနာကောက်ယူခဲ့သော စားသုံးဆီနမူနာများကို ရုံးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ စစ်ဆေးနိုင်ရန် ပေးပို့ခဲ့သည်။ **ကျော်ဝင်းနိုင်(မြိတ်)**

# ပြည်ကြီးတံခွန်မြို့နယ်ရှိ အထက (ခွဲ) ၂၅ တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ အထက(ခွဲ) ၂၅ တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးခဲ့သည်။

ယင်းဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသက်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပါ စားသုံးသူကာကွယ်ရေး၏ လုပ်ငန်းစဉ်များအကြောင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ လိုက်နာမှုမရှိပါက ချမှတ်နိုင်သည့် စီမံခန့်ခွဲရေး ပြစ်ဒဏ်၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း အသေးစိတ် အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်မြသရဖီက ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါ်စိန်မိုးမြင့်က ဆိုးဆေးများတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိကြောင်း၊ အစားအသောက်များတွင် ဓာတုဆိုးဆေးများ သုံးစွဲလာခြင်းကြောင့် အန္တရာယ်ရှိမှုများအကြောင်း ဟောပြောဆွေးနွေးခြင်း၊ အထက(ခွဲ) ၂၅ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိင်္ဂီဌေးက ကျေးဇူးတင်စကား ပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သီတာဝင်း (မန္တလေး)**

# ထားဝယ်မြို့ မြို့မစည်ပင်သာယာဈေးကြီးအတွင်း ရောင်းချနေသော အလှကုန်များအား ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇူလိုင် ၂၅ ရက်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ထားဝယ်မြို့ မြို့မစည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးဆိုင်များမှသုံးစွဲရန်မသင့် တားမြစ်ထားသောအလှကုန်များအား ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မြို့မစည်ပင်သာယာဈေး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အများပြည်သူသုံးစွဲရန်မသင့် ကြေညာထားသော အလှကုန်ပစ္စည်းများ ရောင်းချနေမှု ရှိ/မရှိကို စစ်ဆေးခဲ့ပြီး သုံးစွဲရာတွင် မလိုလားအပ်သော ဘေးဥပဒ်အန္တရာယ်များမဖြစ်စေရန်အတွက် ရောင်းချလျက်ရှိသော ဈေးဆိုင်များမှ အလှကုန်ပစ္စည်းနမူနာများ ကောက်ယူခဲ့သည်။ ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ ရရှိလာသော အဖြေများအား မိမိတို့အဖွဲ့က ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေဝယ်သား**




## လူကာကူအား ယူရို ကိုးသန်းနှင့် ဒိုင်ဘလားကို အလိုက်ပေး၍ ခေါ်ယူရန် ဂျူဗင်တပ် သဘောတူ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူကို ခေါ်ယူနိုင်ရေးအတွက် ယူရို ၉ သန်းနှင့် အသင်းရှိ အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘလားကို အလိုက်ပေးပြီး ခေါ်ယူရန် ညှိနှိုင်းမှုများ အဆင်ပြေသဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်းနှင့် လူကာကူကို တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း Goal.com တွင် ဖော်ပြထားသည်။

ဂျူဗင်တပ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ စီရိုနယ်ဒိုကို ခေါ် ယူပြီးချိန်မှစ၍ ဒိုင်ဘလားမှာ ပုံမှန်ပွဲထွက်ခွင့် မရရှိတော့ဘဲ အရန်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေခြင်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ကုန်ဆုံးချိန်ကပင် ဂျူဗင်တပ်အသင်းသည် ဒိုင်ဘလားကို အသင်းမှ ထွက်ခွာလိုက ထွက်နိုင်ကြောင်း ပြောဆိုထားပြီးဖြစ်သည်ဟုဆိုသည်။ အပြောင်းအရွှေ့ရာသီကလည်း ဩဂုတ် ၈ ရက်တွင် ပြီးဆုံးတော့မည်ဖြစ်ရာ ဂျူဗင်တပ်အသင်းအနေဖြင့် ရာသီမပိတ်သိမ်းမီ လူကာကူကို အပြီးသတ် ခေါ်ယူနိုင်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းနေခြင်းလည်းဖြစ်သည်။

လူကာကူသည် ဆေးစစ်မှုများ အောင်မြင်ပြီး ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခွင့်ရရှိပါက တစ်ပတ်လုပ်ခ ပေါင်နှစ်သိန်းထက် လျော့နည်းသည့် လစာကိုသာ ရရှိနိုင်ကြောင်း သိရသည်။ လူကာကူအနေဖြင့် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခွင့် ရရှိရေးမှာ ဒိုင်ဘလားနှင့် မန်ယူအသင်းတို့ကြားတွင် လစာညှိနှိုင်းမှု အောင်မြင်ရေးက အဓိကဖြစ်နေကြောင်းလည်း သိရသည်။

ဒိုင်ဘလားက မန်ယူအသင်းထံမှ လစာ တစ်ပတ်လုပ်ခ ပေါင်သုံးသိန်းခွဲ တောင်းဆိုထားသည်။




## အာဖရိက ကစားသမားများထဲတွင် နီကိုလပ်စ်ပီပီမှာ ပြောင်းရွှေ့ကြေး အမြင့်ဆုံးဖြစ်လာ

ဥရောပ ထိပ်တန်းလိဂ်များတွင် အာဖရိကသားကစားသမား အများအပြား လာရောက်ကစားလျက်ရှိကြသည်။ နှစ်စဉ်နှစ်တိုင်းလည်း အာဖရိက ကစားသမားများမှာ ဥရောပကလပ်များသို့ စီးဝင်လျက်ရှိနေသည်။

ယခု နွေရာသီအပြောင်းအရွှေ့ကာလတွင် အင်္ဂလန် ပရီးမီးယားလိဂ် ကလပ် အာဆင်နယ်အသင်းသည် လိုင်လီအသင်းမှ အိုင်ဗရီကို့စ် တိုက်စစ်မှူး နီကိုလပ်စ်ပီပီကို ပေါင် ၇၂ သန်းဖြင့် ခေါ်ယူပြီး ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ အဆိုပါကစားသမား၏ ပြောင်းရွှေ့ကြေးမှာ မြင့်မားလွန်းသည်ဟု ဝေဖန်မှုများ ထွက်ပေါ်နေသလို နီကိုလပ်စ်ပီပီ၏ ပြောင်းရွှေ့ကြေးမှာ အာဖရိကသား ကစားသမားများထဲတွင် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ဈေးအမြင့်မားဆုံး ဖြစ်လာခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတစ်လျှောက် ပြောင်းရွှေ့ကြေး အမြင့်မားဆုံး အာဖရိကသား ကစားသမား ၁၀ ဦးစာရင်းကို Goal.com က ထုတ်ပြန်ခဲ့ရာတွင် အသက်(၂၄)နှစ်ရှိ နီကိုလပ်စ်ပီပီက ပြောင်းရွှေ့ကြေး ပေါင် ၇၂ သန်းဖြင့် အမြင့်ဆုံးဖြစ်နေပြီး ၎င်း၏နောက်တွင် ဒီအာရ်ကွန်ဂို တိုက်စစ်မှူး ဘာကမ်ဘူက ပြောင်းရွှေ့ကြေး ပေါင် ၆၅ ဒသမ ၄ သန်းဖြင့် ဒုတိယနေရာတွင် ရှိနေသည်။ ဘာကမ်ဘူသည် ဗီလာရီးရဲလ်အသင်းမှ တရုတ်ကလပ် ဘေဂျင်းဂူအန်အသင်းသို့ ပေါင် ၆၅ ဒသမ ၄ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

နီကိုလပ်စ်ပီပီနှင့် ဘာကမ်ဘူတို့၏နောက်တွင် အယ်လ်ဂျီးရီးယား တောင်ပံကစာသမား မာရက်ဇ်က ပေါင်သန်း ၆၀၊ ဂါဘွန် တိုက်စစ်မှူး အူဘာမီယန်းက ပေါင် ၅၆ သန်း၊ ဂူနီယာ ကွင်းလယ်ကစားသမား နာဘီကီတာက ပေါင် ၅၂ ဒသမ ၇၅ သန်း၊ ဒီအာရ်ကွန်ဂို ဇာတိဖွား ဝမ်ဘစ်ဆာခါက ပေါင် ၄၉ ဒသမ ၅ သန်း၊ အိုင်ဗရီကို့စ်နွယ်ဖွား ဟယ်လာက ပေါင် ၄၅ သန်း၊ အီဂျစ် တိုက်စစ်မှူး မိုဟာမက်ဆာလက်ချ်က ပေါင် ၃၆ ဒသမ ၉ သန်း၊ ဆီနီဂေါတိုက်စစ်မှူး မာနေးက ပေါင် ၃၆ ဒသမ ၉ သန်းနှင့် အိုင်ဗရီကို့စ် ဗဟိုခံစစ်ကစားသမား ဘိုင်လီက ပေါင် သန်း ၃၀ စသည်ဖြင့် ပြောင်းရွှေ့ကြေး အသီးသီးရှိခဲ့ကြသည်။

ဟန်နေသစ် စုစည်းသည်

## ဆာနေးကို ပေါင် ၁၄၅ သန်းရလျှင် ရောင်းမည်ဟု မန်စီးတီးအသင်း ထုတ်ပြန်




မန်စီးတီးအသင်းသည် ၎င်းတို့၏ တောင်ပံကစားသမား ဆာနေးကို ပေါင် ၁၄၅ သန်းရလျှင် ထုတ်ရောင်းသွားတော့မည်ဖြစ်ကြောင်း တရားဝင် သတင်းထုတ်ပြန်လိုက်သည်။

အသက်(၂၃)နှစ်ရှိ ဆာနေးသည် ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက မန်စီးတီးအသင်းတွင် ပထမပွဲထွက်ခွင့် မရရှိခဲ့ဘဲ အရန်ကစားသမားအဖြစ်သာ ပါဝင်ကစားခဲ့ရခြင်းဖြစ်သည်။ ဆာနေးသည် မန်စီးတီးအသင်း၏ တောင်ပံပိုင်းတွင် ခြေစွမ်းပြနိုင်မှုများ ရှိခဲ့သော်လည်း နည်းပြ ဂွါဒီယိုလာ၏ အကြိုက်ကစားသမားတစ်ဦး မဖြစ်ခဲ့ပေ။

ဆာနေးသည် မန်စီးတီးအသင်းတွင် ပထမပွဲထွက်ခွင့် မရရှိခဲ့သော်လည်း ၎င်းပါဝင်ကစားခွင့် ရရှိသည့် အချိန်ပိုင်းလေးတွင် အသင်းအတွက် ဂိုးသွင်းပေးနိုင်သလို အသင်းဖော်များ ဂိုးသွင်းနိုင်အောင်လည်း ဂိုးဖန်တီးပေးမှုများစွာ ပြုလုပ်ပေးနိုင်ခဲ့သည်။ ထို့အပြင် ဆာနေးသည် မန်စီးတီးအသင်း၏ ရာသီအကြို ခြေစမ်းပွဲများတွင်လည်း အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ပြီး သွင်းဂိုးများလည်း ရယူထားသည်။

ဂျာမနီ တောင်ပံကစားသမား ဆာနေးသည် မန်စီးတီးအသင်းသို့ မပြောင်းရွှေ့မီက ဂျာမန်ဘွန်ဒက်စ်လီဂါ ကလပ်များဖြစ်သည့် ရှော်ကေးနှင့် လေဗာကူဆင်အသင်းတို့တွင်ကစားခဲ့ဖူးသည်။ လက်ရှိအချိန်တွင် မန်စီးတီးအသင်းသည် ဆာနေးကို အသင်းမှ ထွက်ခွာခွင့်ပေးနေပြီဖြစ်သလို ဆာနေးကလည်း ဂျာမန်မြေကို ပြန်ရန်ဆန္ဒရှိနေသည်။ ထို့အတူ ဘိုင်ယန်မြူးနစ်အသင်းကလည်း ဆာနေးကို ခေါ်ယူရန် ကမ်းလှမ်းမှုများ ရှိလာခဲ့သည်။ သို့သော် မန်စီးတီးအသင်းက သတ်မှတ်ထားသည့် ဆာနေး၏ ပြောင်းရွှေ့ကြေးမှာ မြင့်မားလွန်းနေခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် အခက်အခဲဖြစ်ပေါ် လျက်ရှိနေကြောင်း သိရသည်။

## ဥရောပ အပြောင်းအရွှေ့ဈေးကွက်ကို လှုပ်ခတ်စေမည့် ကစားသမားများကို ဒေးလီးမေးလ် ဖော်ပြ




ယခု နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဥရောပဈေးကွက်ကို အကြီးမားဆုံး လှုပ်ခတ်စေနိုင်မည့် ကစားသမား ၁၀ ဦးကိုဒေးလီးမေးလ် သတင်းစာက ဖော်ပြလိုက်သည်။

ယင်းကစားသမား ၁၀ ဦးထဲတွင် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး နေမာမှာ ထိပ်ဆုံး၌ရှိနေသည်။ နေမာသည် အသင်းဟောင်း ဘာစီလိုနာသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေသော်လည်း ၎င်းကစားသမား၏ ပြောင်းရွှေ့ကြေးနှင့် ပတ်သက်ပြီး ညှိနှိုင်းမရဖြစ်နေခြင်းကြောင့် ကြန့်ကြာနေရခြင်းဖြစ်သည်။

ဒေးလီးမေးလ်က ဆက်လက်ဖော်ပြရာတွင် နာပိုလီအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် ရီးရဲလ်မက်ဒရစ်အသင်းကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ မိုနာကိုအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမား မာရီရာနိုဒေ့ဇ်၊ ရိုးမားအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် ဂျူဗင်တပ်အသင်းကစားသမား ဟီဂူအင်၊ အင်တာမီလန် အသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် ရိုးမားအသင်း ကစားသမား ဒီဇီကို၊ စိန့်ပီတာစဘတ်အသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် ဘာစီလိုနာအသင်း ကစားသမား မယ်လ်ကွန်၊ ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် မိုနာကိုအသင်း ကစားသမား ဖယ်လ်ကာအိုနှင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင် နေသည့် အေဂျက်အသင်း ကစားသမား ဒွန်နီဗန်ဒီဘက် စသည့် ကစားသမားများမှာ ယခုနွေရာသီ ဈေးကွက်ကို အကြီးမားဆုံး လှုပ်ခတ်နိုင်ဖွယ်ရှိနေကြောင်း ဖော်ပြထားခြင်းပင်ဖြစ်သည်။

က်ကို အခြေခံ

# ဗီယက်နမ်၏ စီးပွားရေးအရွေ့

ဗီယက်နမ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် လွတ်လပ်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ၂၀၁၉ ခုနှစ်၊ ဇွန် ၃၀ ရက်က ဥရောပသမဂ္ဂ၊ ကုန်သွယ်ရေးကော်မရှင်နာ Cecilia Malmstrom နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် Mr Nguyen Xuan Phuc လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူစာချုပ်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကာကွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ရေးတို့ ပါဝင်ပါသည်။ အစိုးရဝယ်ယူရေးနှင့် ငွေလွှဲစာပို့လုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် ရေကြောင်းကဏ္ဍကဲ့သို့ ဝန်ဆောင်မှု ဈေးကွက်တို့ကို ဖွင့်လှစ်ရန်မျှော်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် ဒေသတွင်းစီးပွားရေး အလျင်မြန်ဆုံး တိုးတက်နေသည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး Trans Pacific Partnership-CPTPP အပါအဝင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များစွာ လက်မှတ်ရေးထိုးပြီး ပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့်နိုင်ငံ ဖြစ်သည်။

အဆိုပါသဘောတူစာချုပ်သည် ယခုနှစ်အစပိုင်းတွင် အသက်ဝင်လာသည့် Trans Pacific Partnership ၏ အကျိုးသက်ရောက်မှုတစ်ခုလည်း ဖြစ်ပါသည်။ ယခုကဲ့သို့စာချုပ်မချုပ်ဆိုခင်မှာပင် ဗီယက်နမ်နိုင်ငံသည် ပြည်ပကုန်သွယ်မှုတွင် ပို့ကုန်များကို အင်တိုက်အားတိုက် တင်ပို့နိုင်သည့် အနေအထားတွင် ရှိနေခဲ့သည်။

ယင်းစာချုပ်အရ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပြုနေသည့် ကုန်စည်များ၏ ၉၉ ရာခိုင်နှုန်းကို အကောက်ခွန်လျှော့ချရမည်ဖြစ်ရာ ဥရောပသမဂ္ဂအနေဖြင့် ဗီယက်နမ်ကုန်စည်များအပေါ် စည်းကြပ်ကောက်ခံသည့် သွင်းကုန်ခွန်၏ ၈၅ ရာခိုင်နှုန်းကိုဖယ်ရှားပေးရမည်ဖြစ်ပြီး နောက်ခုနစ်နှစ်အတွင်း တဖြည်းဖြည်းလျှော့ချဖယ်ရှားပေးရမည်ဖြစ်သည်။ ထို့အတူ ဗီယက်နမ်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂကုန်စည်များ သွင်းကုန်ခွန်၏ ၄၉ ရာခိုင်နှုန်းကို ဖယ်ရှားပေးရမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုကို လေ့လာကြည့်ပါက အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးပို့ကုန် ဈေးကွက်ဖြစ်ပြီး ဥရောပသမဂ္ဂသည် ဒုတိယအကြီးဆုံးဈေး ကွက်ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ဥရောပသမဂ္ဂနိုင်ငံများသို့ ကုန်စည်ဝန်ဆောင်မှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၅ ဘီလီယံဖိုး တင်ပို့နိုင်ခဲ့ပြီး ဥရောပသမဂ္ဂမှ ဗီယက်နမ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ ဘီလီယံ ဖိုးတင်သွင်းနိုင်ခဲ့သဖြင့် ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်မှု အသာစီးရလျက်ရှိသည်။ ဗီယက်နမ်အစိုးရမှ ၂၀၂၀ ခုနှစ်တွင် ဥရောပသမဂ္ဂမှ ဗီယက်နမ်နိုင်ငံသို့ တင်သွင်းမှု ၁၅ ဒသမ ၂၈ ရာခိုင်နှုန်း ဗီယက်နမ်နိုင်ငံမှ ဥရောပသမဂ္ဂသို့ တင်ပို့မှု ၂၀ရာခိုင်နှုန်း တိုးမြှင့်ဆောင်ရွက်သွားမည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံ၏ အစုရှယ်ယာ (Stock Exchange) တွင် စံသတ်မှတ်ထားသည့် ဟိုချီမင်း အညွှန်းကိန်းသည် လွန်ခဲ့သည့်ငါးနှစ်အတွင်း ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့သော်လည်း US Stock Exchange နှင့် ဆောင်ရွက်သည့် VanEck Vectors Vietnam ETF အစုရှယ်ယာတန်ဖိုးသည် ကာလတူအတွင်း ၂၀ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ သို့သော် VinaCapital Vietnam Opportunity Fund သည် ၂၀၁၆ ခုနှစ်တွင် လန်ဒန်အစုရှယ်ယာစာရင်းဝင်ပြီးကတည်းက ရန်ပုံငွေများ လွယ်လွယ်ကူကူရရှိခဲ့သဖြင့် ယင်းကာလမှာပင် ၈၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်။ ဒါဟာ ထွန်းသစ်စနိုင်ငံတွေမှာ ရှယ်ယာကြီးတစ်ခုရဲ့ လွှမ်းမိုးချုပ်ကိုင်မှုကို ခံရပြီး အညွှန်းကိန်းများဟာ အားနည်းလျက်ရှိကြောင်း ဖော်ပြနေသည်။

ဗီယက်နမ်နိုင်ငံသည် စီးပွားရေးအရွေ့ ဖြစ်ပေါ်လျက် ရှိသော်လည်း ပြည်ပနိုင်ငံများအနေဖြင့် ဗီယက်နမ်နိုင်ငံအတွင်း စီးပွားရေးခဲ့ထွင် ဝင်ရောက်ရာတွင် အပြောက ပိုမို လွယ်ကူတာတွေ့ရမည် ဖြစ်သည်။ သို့ဖြစ်၍ ဗီယက်နမ်နိုင်ငံတွင် စီးပွားရေး ဝင်ရောက်ဆောင်ရွက်တော့မည်ဆိုပါက ကြိုတင် သေချာအောင်လေ့လာပြီးမှ ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ဥရောပသမဂ္ဂနှင့် ကုန်သွယ်မှုတွင် အသာစီးရရှိနေသည့် အနေအထားဖြစ်ပါသည်။ ယခုလက်ရှိခံစားလျက်ရှိသည့် ဥရောပသမဂ္ဂမှတစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်ပေးသည့် အစီအစဉ် (EU-GSP) အရ သွင်းကုန်လိုင်းများ၏ ၄၂ ရာခိုင်နှုန်းသာ သုညထိ ခံစားခွင့်ရရှိပြီး နိုင်ငံ၏စီးပွားရေးတိုးတက်လာသည့်အတွက်ကြောင့် နောင်တွင် အကျိုးခံစားခွင့်ရရှိတော့မည် မဟုတ်ကြောင်း လေ့လာတွေ့ရှိရသည်။

ယခုစာချုပ်အရ ခုနစ်နှစ်တာ ကာလအတွင်း သွင်းကုန်ခွန်များကို သုညထိ ရောက်အောင် လျှော့ချရမည်ဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်ဆောင်ရွက်နိုင်ပြီး ဗီယက်နမ်နိုင်ငံအတွက် ကုန်သွယ်မှု အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဟု သုံးသပ်မိသည်။

**ခင်မြမြထွေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# စင်ကာပူအစိုးရက SMEs များအတွက် စင်ကာပူဒေါ်လာ ၁၀၀၀၀ အထိ ထောက်ပံ့ကြေးပေး

စင်ကာပူ SMEs များသည် ၎င်းတို့၏ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် စီစဉ်ပြုလုပ်သော သင်တန်းများတွင် ကုန်ကျသည့်စရိတ်များကိုကာမိစေမည့် အစိုးရ၏ထောက်ပံ့ကြေးအစီအစဉ်ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ရရှိနိုင်မည်ဖြစ်သည်။ ဤအစီအစဉ်ဖြင့် ထောက်ပံ့ကြေးခံစားခွင့်ရရှိမည့် လုပ်ငန်းတစ်ခုသည် အစိုးရ၏ ထောက်ပံ့ငွေကို အများဆုံး စင်ကာပူဒေါ်လာ ၁၀၀၀၀ အထိ ရရှိနိုင်မည်ဖြစ်သည်။

SMEsများသည် ယခင်ကတည်းက အစိုးရက ပံ့ပိုးပေးနေသည့် ကုန်ထုတ်လုပ်မှု မြှင့်တင်ရေးဆောင်ရွက်ချက် အပေါ်ထောက်ပံ့ကြေး (Productivity Solutions Grant- PSG) အပြင် ယခုထောက်ပံ့မည့် အနာဂတ်အတွက် ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဆိုင်ရာ ထောက်ပံ့ကြေး (SkillsFuture Training Subsidy – SFTS) အစီအစဉ်ကိုလည်း ပူးတွဲရရှိနိုင်တော့မည်ဖြစ်သည်။ ယခင်ကတည်းက အစိုးရမှ ထောက်ပံ့ပေးနေသည့် PSG အစီ အစဉ်မှာ ရွေးချယ်ခြင်းခံရသည့် လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ရေး စီမံဆောင်ရွက်ရသော လုပ်ဆောင်ချက်များအပေါ် ကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းအထိ အစိုးရက ထောက်ပံ့ပေးနေသည့် အစီအစဉ်ဖြစ်သည်။

ယခုထောက်ပံ့ပေးသည့် SFTS အစီအစဉ်ကို SkillsFuture Singapore (SSG) က စီမံကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး SMEs များသည် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ စီစဉ်ပြုလုပ်ပေးခြင်းဖြင့် ကုန်ကျသည့်စရိတ်များ၏ ၇၀ ရာခိုင်နှုန်းအထိ အစိုးရ၏ ထောက်ပံ့မှုကို ခံစားနိုင်မည်ဖြစ်သည်။

စင်ကာပူSMEsများသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ SFTS နှင့် PSG ထောက်ပံ့ကြေး အစီအစဉ်နှစ်ခုလုံးကို လျှောက်ထားနိုင်ပြီဖြစ်သည်။ ယခင် PSG ထောက်ပံ့ကြေးအစီအစဉ် လျှောက်ထား၍ ခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းများသည်လည်း SFTS အစီအစဉ်ကို ထပ်မံလျှောက်ထားနိုင်ပါသည်။

စင်ကာပူတွင် SSG က စီစဉ်ပြုလုပ်သည့် Skills Future Festival 2019 ကို ၂၀၁၉ ခုနှစ် ဇွန် ၂၈ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ကျင်းပလျက်ရှိသည်။ စင်ကာပူနိုင်ငံတွင် SMEs များသည် စုစုပေါင်းလုပ်သားအင်အား၏ ၇၀ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင်ဖန်တီးပေးထားရသော်လည်း လုပ်ငန်းကြီးများနှင့် နှိုင်းယှဉ်ပါက ဝန်ထမ်းကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းများအတွက် အသုံးစရိတ် သုံးစွဲမှုအခြေအနေ နည်းပါးကြောင်းနှင့် ဤအခြေအနေက စင်ကာပူ၏ စီးပွားရေးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းအပေါ် ထိခိုက်နိုင်သည့်အတွက် SMEs များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်သွားရန် အရေးကြီးကြောင်း ကုန်သွယ် ရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီနီယာဝန်ကြီး Chee Hong Tat က ၂၀၁၉ ခုနှစ် ဇွန် ၂၈ ရက်တွင် Skills Future Festival 2019 ဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

SSG သည် SMEs များနှင့် အံဝင်ခွင်ကျဖြစ်မည့် စွမ်းဆောင် ရည် မြှင့်တင်ရေး သင်တန်းများအတွက် လိုအပ်သည့် သင်ရိုးညွှန်းတမ်းများနှင့် လုပ်ငန်းခွင်လေ့လာရေးဆိုင်ရာ အစီအစဉ်များကို စင်ကာပူရှိ ကုန်သည်နှင့် စက်မှုအသင်းအဖွဲ့များ၊ ကုန်သွယ်ရေးအသင်းအဖွဲ့များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သီးခြားကျွမ်းကျင်မှုနှင့် ဗဟုသုတ လိုအပ်သည့် လုပ်ငန်းများအတွက်လည်း အထူးသင်တန်းအစီအစဉ်များ စီစဉ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# အိန္ဒိယနိုင်ငံတွင် အစေ့ထုတ်ပြောင်း တင်သွင်းခွင့်တိုးမြှင့်

အိန္ဒိယအစိုးရသည် ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွင်း တိရစ္ဆာန်မွေးမြူရေး အစားအစာအဖြစ် အစေ့ထုတ်ပြောင်းအား ကန့်သတ်အကောက်ခွန်နှုန်းဖြင့် တင်သွင်းခွင့်ကိုတာသတ်မှတ်ချက် (Tariffrate quota – TRQ) ကို ဇူလိုင် ၉ ရက်၌ တန်ချိန်လေးသိန်းသို့ တိုးမြှင့်ခွင့်ပြုလိုက်သည်။

အိန္ဒိယနိုင်ငံ ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဌာန (DGFT) မှ ဇူလိုင် ၉ ရက် ကုန်သွယ်မှု အသိပေးနှိုးဆော်ချက်အမှတ် (၂၅/ ၂၀၁၉-၂၀) ဖြင့် ထုတ်ပြန်မှုအရ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း အိန္ဒိယအမျိုးသားစိုက်ပျိုးရေးဈေးကွက်နှင့် သမဝါယမအသင်းချုပ် (NAFED)၊ အိန္ဒိယသတ္တုနှင့် တွင်းထွက်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း (MMTC Ltd.) တို့အား TRQ စနစ် ဖြင့် အစေ့ထုတ်ပြောင်း (မွေးမြူရေး အစားအစာ)ကို တန်ချိန်တစ်သိန်း တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ သို့ရာတွင် Karnataka ပြည်နယ်အစိုးရနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍရှိ လုပ်ငန်းရှင်များ၏ တင်ပြချက်အရ ပြည်တွင်းဈေးကွက်၌ ဝယ်လိုအားနှင့် ရောင်းလိုအား အခြေအနေအပေါ် လေ့လာသုံးသပ်ပြီး မွေးမြူရေးအစားအစာအဆင့်ရှိသော အစေ့ထုတ်ပြောင်း တန်ချိန်လေးသိန်းအထိ TRQ စနစ်ဖြင့် တိုးမြှင့်တင်သွင်းခွင့်ပြုခြင်းဖြစ်ကြောင်း၊ TRQ အစီ အစဉ်အရ အကောက်ခွန်နှုန်း ၁၅ ရာခိုင်နှုန်းဖြင့် တင်သွင်းခွင့်ကို အမှန်တကယ်အသုံးပြုမည့် လုပ်ငန်းအတွက်သာ ခွင့်ပြုခြင်းဖြစ်ပြီး ကုန်သွယ်ရောင်းဝယ်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခွင့်မရှိကြောင်း၊ အစေ့ထုတ်ပြောင်း တင်သွင်းခွင့် လျှောက်လွှာများကို နိုင်ငံပိုင်ကုန်သွယ်ရေးကော်ပိုရေးရှင်းများမှ ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက်နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရအနေဖြင့် ပြည်တွင်း အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများကို အကာအကွယ်ပေးရန်အတွက် ပြည်ပမှ တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်း ၆၀ ရာခိုင်နှုန်းအထိ သတ်မှတ်ထားပြီး ပြည်တွင်းဈေးကွက် အခြေအနေကို MSP ဈေးနှုန်းဖြင့် အထောက်အပံ့ပေးထားခြင်းဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ အိန္ဒိယနိုင်ငံ၌ စိုက်ပျိုး ထုတ်လုပ်သည့် အစေ့ထုတ်ပြောင်း စုစုပေါင်းပမာဏ၏ ၆၀ ရာခိုင်နှုန်းခန့်ကို မွေးမြူရေးလုပ်ငန်းများ၌ တိရစ္ဆာန်အစာအဖြစ် အသုံးပြုလျက်ရှိပြီး ၂၀ မှ ၂၅ ရာခိုင်နှုန်းသည် စက်မှုလုပ်ငန်းများ၌ ကော်မှုန့်ထုတ်လုပ်ရန် သုံးစွဲကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်း ပြည်ပတင်ပို့မှု ကျဆင်းနေသော်လည်း နယ်စပ်ကုန်သွယ်မှုက အားဖြည့်လျက်ရှိ

ထိုင်းနိုင်ငံ၏ ပို့ကုန်များမှာ ယေဘုယျအားဖြင့် ကျဆင်းနေသော်လည်း နယ်စပ်မှတစ်ဆင့် ဖြတ်သန်းကုန်သွယ်မှုတို့မှာ ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း သိရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ပြောကြားချက်အရ ထိုင်းနိုင်ငံ၏ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှု ( Transit Trade)အပါအဝင် နယ်စပ် ဖြတ်ကျော်ကုန်သွယ်မှု (Cross Border Trade) စုစုပေါင်းမှာ ယခုနှစ် ဇွန်လအထိ ဘတ်ငွေ ၆၈၆ ဒသမ ၄၃ ဘီလီယံရှိကြောင်း သိရှိရသည်။ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုတွင် တစ်နိုင်ငံထက်ပိုများသော နိုင်ငံများသို့ကုန်ပစ္စည်းများ ဖြတ်သန်းပို့ဆောင်မှုများ ပါဝင်သည်။

ပထမနှစ်ဝက်တွင် ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုး စုစုပေါင်း ဘတ်ငွေ ၃၈၁ ဒသမ ၇၀ဘီလီယံရှိကြောင်း၊ ယခင်နှစ်ကာလတူထက် သုည ဒသမ ၉၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သွင်းကုန်မှာ လေးရာခိုင်နှုန်းနီးပါးတိုးတက်ခဲ့ပြီး တန်ဖိုးမှာ ဘတ်ငွေ ၃၀၄ ဒသမ ၇၃ ဘီလီယံရှိကြောင်း၊ ကုန်သွယ်မှုပို ငွေဘတ် ၅ ဒသမ ၂၈ ဘီလီယံရှိကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအနေဖြင့် အိမ်နီးချင်း လေးနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု (Border Trade) ပမာဏမှာ ဘတ်ငွေ ၅၅၃ ဒသမ ၄၂ ဘီလီယံရှိကြောင်း၊ ယခင်နှစ်ကာလတူထက် သုည ဒသမ ၀၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပို့ကုန်တန်ဖိုးမှာဘတ်ငွေ ၃၁၂ ဒသမ ၂၂ ဘီလီယံရှိပြီး လေးရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သွင်းကုန်မှာ တန်ဖိုးဘတ်ငွေ ၂၄၁ ဒသမ ၁၉ ဘီလီယံရှိပြီး ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးတွင် မလေးရှားနိုင်ငံမှာ အဓိကအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုပမာဏမှာ ဘတ်ငွေ ၂၇၁ ဒသမ ၆၀ ဘီလီယံရှိကြောင်း၊ မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု ပမာဏမှာ ဘတ်ငွေ ၁၀၂ ဒသမ ၂၀ ဘီလီယံရှိကြောင်း၊ လာအိုနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုပမာဏမှာ ဘတ်ငွေ ၉၉ ဒသမ ၃၉ ဘီလီယံရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု ပမာဏမှာဘတ်ငွေ ၈၀ ဒသမ ၂၂ ဘီလီယံရှိကြောင်း သိရှိရသည်။

ဆက်လက်ပြီး တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှု (Transit Trade)နှင့် ပတ်သက်၍ စင်ကာပူ၊ ဗီယက်နမ်နှင့် တရုတ်ပြည်တောင်ပိုင်းတို့နှင့် ကုန်သွယ်မှုမှာ အထူးကောင်းမွန်နေကြောင်း၊ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုစုစုပေါင်း ဘတ် ငွေ ၁၃၃ ဒသမ ၁ ဘီလီယံရှိပြီး ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပို့ကုန်မှာ ၁၅ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တန်ဖိုးဘတ်ငွေ ၆၉ ဒသမ ၄၈ ဘီလီယံရှိကြောင်း၊ သွင်းကုန်မှာ ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တန်ဖိုးဘတ်ငွေ ၆၃ ဒသမ ၅၃ ဘီလီယံရှိကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအနေဖြင့် တရုတ်ပြည်တောင်ပိုင်းနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု(Transit Trade)များ အများဆုံးဖြစ်ပြီး တန်ဖိုးဘတ်ငွေ ၅၉ ဒသမ ၅၄ ဘီလီယံရှိကြောင်း၊ ဗီယက်နမ်နှင့် တစ်ဆင့် ဖြတ်သန်းကုန်သွယ်မှုပမာဏမှာ ဘတ်ငွေ ၃၈ ဒသမ ၅၆ ဘီလီယံရှိပြီး စင်ကာပူနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုမှာ ဘတ်ငွေ ၃၄ ဒသမ ၉၀ ဘီလီယံရှိကြောင်း သိရှိရသည်။

ပြည်ပကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Adul Chotinisakorn က နယ်စပ်ကုန်သွယ်မှုမှာ ဘတ်ငွေ တန်ဖိုးမြင့်တက်နေမှု၊ အခြားသော အာဆီယံနိုင်ငံများ၏ ငွေကြေး မတည်ငြိမ်မှု၊ ဖြေရှင်း၍မပြီးသေးသော အမေရိကန်-တရုတ် ကုန်သွယ်ရေးအခန်းကဏ္ဍနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးအငြင်းပွားမှုတို့အပေါ် မူတည်နေကြောင်း၊ ယခုနှစ် ဒုတိယနှစ်ဝက်တွင် နယ်စပ်ကုန်သွယ်ရေးအပေါ် အကောင်းဘက်က ရှုမြင်ထားကြောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Jurin Laksanawisit ကလည်း နယ်စပ်ကုန်သွယ်ရေးအား ၎င်း၏ထိပ်တန်းဦးစားပေးကဏ္ဍတွင် ထည့်သွင်းထားကြောင်း ပြောကြားခဲ့သည်။

ပြည်ပကုန်သွယ်ရေးဦးစီးဌာန အနေဖြင့် အစိုးရ၏ လူငယ်စွန့်ဦးတီထွင်သူများကွန်ရက် ဖွံ့ဖြိုးမှုအစီအစဉ် Young Entrepreneur Network Development Program(YEN-D)အပါအဝင် နယ်စပ်ကုန်သွယ်ရေး တိုးတက်လာရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများကို တိုးတက်အောင် ဆောင်ရွက်သွားမည်ဟု ကတိပြုကြောင်း ပြောကြားခဲ့သည်။ ထိုင်းစွန့် ဦး တီထွင်သူများအား အိမ်နီးချင်းနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် အားပေးအားမြှောက်ပြုလုပ်ပေးခဲ့ကြောင်း၊ YEN-D အစီအစဉ်အရ လူငယ်စီးပွားရေးလုပ်ငန်းရှင်များအား ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများသို့စေလွှတ်၍ တစ်ဦး၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ကိုတစ်ဦးက ပိုမိုကောင်းမွန်စွာ သိရှိနားလည်စေရန် ခရီးသွားအစီအစဉ်များ၊ လေ့ကျင့်သင်ကြားရေးအစီအစဉ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုင်း စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအဖြစ် အရွေးချယ်ခံရစေရန် အသက်အားဖြင့် ၄၅ နှစ်အောက်ဖြစ်ရန်လိုအပ်ပြီး မိသားစုမှာ စီးပွားရေးလုပ်ငန်းအသိုင်းအဝန်းကဖြစ်ရန် လိုအပ်ကြောင်း၊ အခြားနိုင်ငံများတွင်လည်း အလားတူ အချက်အလက်များရှိကြောင်းလည်း သိရှိရသည်။

ယခင်တစ်ပတ်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ အစီရင်ခံစာအရ ထိုင်းနိုင်ငံ၏ ပထမနှစ်ဝက်တွင် စုစုပေါင်းပို့ကုန်တင်ပို့မှုမှာ နှစ်အလိုက်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းသွားပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၃ ဘီလီယံရှိကြောင်းနှင့် အဆိုပါကာလအတွက် ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄ ဘီလီယံရှိကြောင်း သိရှိရသည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ခွင့်ပြုကာလတိုတောင်းမှုကြောင့် အိန္ဒိယသွင်းကုန် လုပ်ငန်းရှင်များအား ပဲမျိုးစုံတင်သွင်းမှု လျင်မြန်စွာ ဆောင်ရွက်စေရန် တွန်းအားဖြစ်ပေါ်လျက်ရှိ

အိန္ဒိယအစိုးရက ၂၀၁၉ ခုနှစ် မတ် ၂၉ ရက်က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ No. S.O. 1478-1481(E) အရ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍမှ တင် သွင်းရန် သတ်မှတ်ထားသည့် ပဲမျိုးစုံတင်သွင်းခွင့်ပမာဏအား ပြည်တွင်းရှိ သွင်းကုန်လုပ်ငန်းရှင်များသို့ ကိုတာခွဲဝေချထားခြင်းကို အိန္ဒိယပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနက ၂၀၁၉ ခုနှစ် ဇွန် ၁၂ ရက်တွင် ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပြည်တွင်းဈေးကွက်လိုအပ်ချက်အရ ပဲစင်းငုံအား နောက်ထပ် တန်ချိန် နှစ်သိန်းတိုးမြှင့်တင်သွင်းခွင့်ပြုကြောင်းကိုလည်း ၂၀၁၉ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကုန်သွယ်မှု နှိုးဆော်စာ ထုတ်ပြန်အတည်ပြုခဲ့ပြီး ပဲတင်သွင်းခွင့်ကိုတာခွဲဝေရေးကော်မတီက ၎င်းထပ်တိုး ပဲစင်းငုံပမာဏအတွက် အပြီးသတ်ကိုတာ ခွဲဝေမှုကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၅ ရက် တွင် ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်ရာ ပဲစင်းငုံ မူလတန်ချိန်နှစ်သိန်းအတွက် ကုမ္ပဏီ ၁၁၈၆ ခုနှင့် ထပ်တိုးတန်ချိန်နှစ်သိန်းအတွက် ကုမ္ပဏီ ၁၀၁၈ ခုကလည်းကောင်း၊ မတ်ပဲ တန် ၁ ဒသမ ၅ သိန်းအား ကုမ္ပဏီ ၁၁၂၁ ခုကလည်းကောင်း၊ ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၅ သိန်းကို ကုမ္ပဏီ၁၀၁၆ ခုက လည်းကောင်း၊ ပဲလုံး တန်ချိန် ၁ ဒသမ ၅ သိန်းအတွက် ကုမ္ပဏီ ၁၁၂၀ ခုသည်လည်းကောင်း အသီးသီး တင်သွင်းခွင့်ရရှိခဲ့ကြပါသည်။

ပဲများတင်သွင်းခွင့်ပြုသည့် ကာလအား မူလက ၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ သတ်မှတ်ထားသော်လည်း စားသုံးသူများ၏ ဈေးနှုန်းသက်သာမှုရှိစေရန်အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက်အတွင်း ဆိပ်ကမ်းသို့ အရောက် တင်သွင်းကြရမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ပြောင်းလဲသတ်မှတ်ခဲ့သည်။ သို့ဖြစ်ရာအိန္ဒိယပြည်တွင်းရှိ ပဲမျိုးစုံတင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် ပြည်ပနိုင်ငံများရှိ ၎င်းတို့၏ မိတ်ဖက်ကုန်သည်များနှင့် ဆက်သွယ်လျက် အချိန်မီစာချုပ်ချုပ်ဆို၍ ပဲများတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် တန်ချိန် တိုးမြှင့်ခွင့်ပြုထားသည့် ပဲစင်းငုံများ တင်သွင်းနိုင်ရန်အတွက် အိန္ဒိယကုမ္ပဏီများသည် ၎င်းတို့၏ ပုံမှန်ဆက်သွယ်မှုရှိသည့် ပြည်ပကုန်သည်များအပြင် အခြား ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်တင်ပို့သော နိုင်ငံများရှိ ပဲကုန်သည်များနှင့် အဆက်အသွယ်ရရှိ ဝယ်ယူနိုင်ရန်ကြိုးပမ်းလာကြသည်ကို တွေ့ရှိရသည်။ နယူးဒေလီမြို့ရှိမြန်မာသံရုံးအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း မြန်မာပဲကုန်သည်များနှင့် အဆက်အသွယ်ရရှိလို၍ ဆက်သွယ်စုံစမ်းလာသည့် အိန္ဒိယကုမ္ပဏီနှစ်ခုအား မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ချိတ်ဆက်ပေးခဲ့ပါသည်။

အခြားတစ်ဖက်တွင် အိန္ဒိယနိုင်ငံသည် ၎င်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် မိုဇမ်ဘစ်နိုင်ငံထံမှ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွင်း ပဲစင်းငုံတန်ချိန် ၁ ဒသမ ၇၅ သိန်း တင်သွင်းရန်ရှိရာ ၂၀၁၉ ခုနှစ် ဇွန် ၃ ရက်အထိ ၆၆၃၃ တန် တင်သွင်းထားပြီးဖြစ်ကြောင်း သိရှိရသည်။ အိန္ဒိယအစိုးရကခွင့်ပြုထားသည့်ပဲတင်သွင်းခွင့်ကာလတိုတောင်းမှုက ၎င်း၏ပြည်တွင်းရှိ သွင်းကုန်လုပ်ငန်းရှင်များအား ပဲမျိုးစုံတင်သွင်းမှု လျင်မြန်စွာဆောင်ရွက်စေရန် တွန်းအားပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိနိုင်ငံထွက် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ကို အိန္ဒိယဈေးကွက်၏ လိုအပ်ချက်အလိုက် အချိန်နှင့်တစ်ပြေးညီ လိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## စာမျက်နှာ (၂၇) ဈေးကွက်ဝင်ကြက်မောက်သီးအကြောင်း . . . မှအဆက်

ကြက်မောက်သီး တစ်ခွက်စာပမာဏကို စားသုံးပေးခြင်းဖြင့် တစ်နေ့တာ လိုအပ်သည့် ဖောစ့်ဖရပ်စ် ၄ ဒသမ ၃ ရာခိုင်နှုန်းကို ရရှိစေသည့်အတွက် ကျောက်ကပ်ကို ကောင်းစွာ အလုပ်လုပ်နိုင်အောင် ထောက်ပံ့ပေးသလို ကျောက်ကပ်ကိုလည်း သန့်စင်စေသည်။ ကြက်မောက်သီးထဲတွင် ဗီတာမင်စီလည်း များစွာပါဝင်သည်။ ကြက်မောက်သီး ၁၂လုံးထဲတွင် အက်စ်ကောဘစ် အက်စစ် (Ascorbic Acid) ၇၅-၉၀ မီလီဂရမ် ပါဝင်ပြီး လူတစ်ယောက်၏ တစ်နေ့တာလိုအပ် သော ဗီတာမင်စီ ထက်နှစ်ဆကျော်ရှိပါသည်။ ဗီတာမင်စီသည် ခန္ဓာကိုယ်ဆဲလ်များကို ဖရီးရယ်ဒီကယ်ကြောင့် ထိခိုက်မှုမှကာကွယ်ပေးနိုင်ပြီး သံဓာတ် စုပ်ယူနိုင်အောင်လည်း ကူညီပေးပါသည်။ ကြက်မောက်သီးထဲတွင် ဗီတာမင်စီနှင့် ဘီတာကယ်ရိုတင်းတို့အပြင်၊ ဖလေဗိုနွိုက်(ခေါ်) အပင်မှထွက်ရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းလည်း ပေါများစွာ ပါရှိပြီး ဖလေဗိုနွိုက်သည် သွေးအတွင်းမကောင်းသော ကိုလက်စထရောများကို လျော့ကျစေခြင်း၊ ကင်ဆာရောဂါများ ဆန့်ကျင်တိုက်ထုတ်ပေးခြင်း၊ ရောင်ရမ်းမှုကိုလျော့ကျစေခြင်းစသည့်အာနိသင်များရှိပါသည်။

ကြက်မောက်သီးသည် ပြည်တွင်းဈေးကွက်ဝင်သီးနှံတစ်မျိုး ဖြစ်သောကြောင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သူများ စိတ်ဝင်စားသည့် သီးနှံတစ်မျိုးဖြစ်၍ ကချင်ပြည်နယ်တွင်လည်း ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် စီးပွားဖြစ်စိုက်ပျိုးမှုများ ရှိလာခဲ့သည်။ စိုက်ပျိုးရာတွင်လည်း အပင်ငယ်ချိန်တွင် အလွန်ဂရုစိုက်ရန်စိုက်ပျိုးရမည်ဖြစ်သောကြောင့် ခြင်းငယ်များအုပ်၍ ပြုစုထိန်းသိမ်းစိုက်ပျိုးကြသည်။ ကချင်ပြည်နယ်တွင် မန်ခိန်ရပ်ကွက်၊ နန်ကျင်ကျေးရွာ၊ နန်းကွေ့ကျေးရွာစသည်တို့တွင် အများဆုံး စိုက်ပျိုးကြသည်။ ထို့ပြင် မြစ်ကြီးနားမြို့ရှိ အချို့ရပ်ကွက်၊ ကျေးရွာမြို့နယ်ရှိ အိမ်တိုင်းတွင်လည်း ကြက်မောက်ပင်များရှိကြသည်။ ဈေးကွက်အနေဖြင့်လည်း ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များသာမက အခြားတိုင်းဒေသကြီး ပြည်နယ်များသို့ တင်ပို့ရောင်းချရသည်ဖြစ်၍ ကချင်ပြည်နယ်အတွင်း စီးပွားဖြစ် စိုက်ပျိုးတိုးတက်လာခြင်းကြောင့်ဒေသရာသီဥတုနှင့် ကိုက်ညီပါက စိုက်ပျိုးသင့်သော စီးပွားဖြစ်သီးနှံတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မှီးငြိမ်း။ ။ ကျွန်းမာရေးဗဟုသုတ၊**
**အောင်ဆန်း(စိုက်ပျိုးရေး)၊ စိုက်ပျိုးရေးပညာရပ်များ**

# မြန်မာ့လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်ရရှိရေးအတွက် ဒေသဆိုင်ရာအညွှန်း၏အရေးပါမှု

ဒေသဆိုင်ရာအညွှန်း (GI) စကားရပ်အား ၁၈၈၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် စက်မှုပစ္စည်း ပိုင်ဆိုင်မှုအပေါ် အကာအကွယ်ရယူရေးဆိုင်ရာ ပဲရစ်ကွန်ဗင်းရှင်းတွင် ပထမဆုံးအကြိမ် စတင်ဖော်ပြသုံးစွဲခဲ့ခြင်းဖြစ်သည်။

ယခုအခါ GI သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (WTO members) များက WTO ၏ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် မူပိုင်ခွင့်သဘောတူညီချက် (WTO Trade Related Intellectual Property Rights Agreement - WTO TRIPS Agreement) အရ အသိအမှတ်ပြုထားသော မူပိုင်ခွင့်အမျိုးအစားတစ်ခုဖြစ်ပါသည်။ ယင်းသဘောတူညီချက်၏ အပိုဒ်(၂၂) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဒေသဆိုင်ရာအညွှန်း GI ဆိုသည်မှာ 'မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာ နိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက်တစ်ခု' ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ GI မှတ်ပုံတင်ထားသော ကုန်ပစ္စည်းများသည် ၎င်းတို့၏အမည်များကို အတုခိုးယူခြင်း၊ အတုအပပြုလုပ်ခြင်းတို့မှ ဥပဒေအရ အကာအကွယ်ရယူနိုင်မည်ဖြစ်ပါသည်။

ကုန်ပစ္စည်းများကို GI မှတ်ပုံတင်ထားခြင်းဖြင့် ကုန်ပစ္စည်း၏ ထင်ပေါ်ကျော်ကြားမှုကို မြှင့်တင်ပေးနိုင်သည့်အပြင် စားသုံးသူများကလည်း ကုန်ပစ္စည်း၏ မူရင်းဒေသနှင့် ယင်းဒေသမှ ထွက်ကုန်များ၏ အရည်အသွေး၊ ဂုဏ်သတင်းနှင့် အထူးဝိသေသလက္ခဏာရပ်များကို တိတိကျကျ သိရှိနိုင်မည်ဖြစ်ပါသည်။

တရုတ်နှင့် အိန္ဒိယအပါအဝင် အာရှနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဂျပန်၊ အာဖဂန်နစ္စတန်၊ စင်ကာပူတို့တွင် GI စနစ်သည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနေသည့်အပြင် ဖိလစ်ပိုင်၊ ဘူတန်၊ မွန်ဂိုလီးယား၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများတွင် GI ဆိုင်ရာ ဥပဒေများပြဋ္ဌာန်းနိုင်ရေး နှင့် စပ်လျဉ်း၍ နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီများရယူ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၏ ပုဒ်မ ၂ (ဏ) တွင် ဒေသဆိုင်ရာအညွှန်း GI ဆိုသည်မှာ 'မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့်ကုန်ပစ္စည်းထွက်ရှိရာ နိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကို ဆိုလိုသည်' ဟု နိုင်ငံတကာစံညွှန်းနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယင်းဥပဒေကို ထိန်းကျောင်းအကောင်အထည်ဖော်မည့် အဖွဲ့အစည်းအား ဖွဲ့စည်းပြင်ဆင်ရေးပိုင်းနှင့် လိုအပ်သောနည်းဥပဒေများ ထုတ်ပြန်နိုင်ရန်ဆောင်ရွက်ပြီးပါက ဥပဒေအာဏာသက်ဝင်လာမည်ဖြစ်ပါသည်။

နိုင်ငံတကာကုန်သွယ်ရေးတွင် GI ၏ အရေးပါမှုကို မြန်မာနိုင်ငံရှိ သက်ဆိုင်သူများက အသိအမှတ်ပြုလက်ခံဆောင်ရွက်လာရေးနှင့် GI စနစ်အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရေးတို့နှင့် စပ်လျဉ်းသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသိပညာပေးမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အစိုးရဌာနများအကြား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအကြားနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအစီအမံများကို ထိရောက်စွာ ဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်၌ ပြဋ္ဌာန်းခဲ့သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေတွင် ဖော်ပြပါရှိသည့် 'GI ကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်' ရည်ရွယ်ချက်အတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းနှင့် မြန်မာ့လယ်ယာထွက်ကုန်များ၏ ဂုဏ်သတင်းကို နိုင်ငံတကာအလယ်တွင် ပိုမိုချပြသွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့။**

# ထိုင်းနိုင်ငံတွင် စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဖွဲ့ ဖွဲ့စည်းရန်ရှိ

ထိုင်းနိုင်ငံအစိုးရအနေဖြင့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု ပိုမိုထိရောက်ကောင်းမွန်စေရန် စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဖွဲ့ (Economic Cabinet) နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်းရေးကော်မတီ Joint Public-Private-Consulative Committee (JPPCC) တို့ကို ဖွဲ့စည်းဆောင်ရွက်သွားရန် ရှိနေကြောင်း သိရှိရသည်။

စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဖွဲ့အနေဖြင့် ကမ္ဘာ့စီးပွားရေးနှေးကွေးနေချိန်တွင် မူဝါဒပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် စီးပွားရေးကို ထိရောက်စွာ တိုးတက်လာစေရန် အဓိက အရေးပါသော အခန်းကဏ္ဍမှ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ဝန်ကြီးချုပ် ပရာ ယွတ်ချန်အိုချာနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဝန်ကြီးချုပ်ဆုန်ကစ်က ပြောကြားခဲ့သည်။

စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဖွဲ့တွင် စက်မှု၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများပါဝင်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ ဝန်ကြီးများအဖွဲ့၏ အစည်းအဝေးကို ဝန်ကြီးချုပ်ပရာယွတ်က ဦးဆောင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးကို အပတ်စဉ်ကျင်းပမည်မဟုတ်ကြောင်း၊ အထူးကိစ္စရပ်များရှိမှသာ အစည်းအဝေး ခေါ်ယူကျင်းပမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်ဆုန်ကစ်က ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် JPPCC အစည်းအဝေးများကိုလည်း အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများဖြစ်သော ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ထိုင်းကုန်သည်ကြီးများအသင်းချုပ်နှင့် ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်းတို့ပါဝင်သော ပုဂ္ဂလိကများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ JPPCC ကော်မတီဝင်များအား တစ်နှစ်လျှင် နှစ်ကြိမ်မှ သုံးကြိမ် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်းဌာနအနေဖြင့် JPPCC အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ယခင်အစိုးရအနေဖြင့် ၎င်းကို အကျိုးရှိရှိ အသုံးမချခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့စီးပွားရေးမှာ နှေးကွေးနေကြောင်းနှင့် အစိုးရကဏ္ဍတစ်ခုတည်းဖြင့် စီးပွားရေး တိုးတက်အောင်ပြုလုပ်ဖို့ မလုံလောက်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍများမှာ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် အစိုးရ ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲ အတားအဆီးများကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်ဖြစ်ကြောင်း မစ္စတာဆုန်ကစ်က ပြောကြားခဲ့သည်။

ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ မစ္စတာဆူပန့်က ၎င်းအနေဖြင့် မစ္စတာ ဆုန်ကစ်နှင့် သွားရောက်တွေ့ဆုံခဲ့ရာတွင် JPPCC အား ပြန်လည်အသက်သွင်းဆောင်ရွက်ရန်၊ အစိုးရအနေဖြင့် တီထွင်ဖန်တီးမှုရန်ပုံငွေ (Innovation Fund) ထူထောင်ပေးရန်နှင့် အဆိုပါ ရန်ပုံငွေတွင် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအား အနည်းဆုံး သုံးကြိမ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ တီထွင်ဖန်တီးမှုရန်ပုံငွေအား SMEs လုပ်ငန်းများကို ကူညီထောက်ပံ့နိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ်ငွေတစ်ဘီလီယံဖြင့် စတင်ရန်လျာထားကြောင်း သိရှိရသည်။

မစ္စတာဆုန်ကစ်က အဆိုပါအဆိုပြုချက်အပေါ် သဘောတူညီခဲ့ပြီး စက်မှုကူးပြောင်းမှုဖြင့် SMEs လုပ်ငန်းများယှဉ်ပြိုင်စွမ်းအားမြင့်မားလာစေရန် ဘဏ္ဍာရေးဝန်ကြီးဌာနအား အဆိုပါ အဆိုပြုချက်ကို အမြန်ဆုံးလေ့လာတင်ပြရန် တာဝန်ပေးခဲ့ကြောင်း သိရှိရသည်။

အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍအား တန်ဖိုးမြှင့် လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်ရေးနှင့် လယ်ယာကဏ္ဍ ဝင်ငွေတိုးမြှင့်စေရန် လယ်ယာစီးပွား အဆင့်မြှင့်တင်ရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တောင်းဆိုကြောင်း ပြောကြားခဲ့သည်။

ပုဂ္ဂလိကများအနေဖြင့်လည်း အစိုးရ၏ စီမံခန့်ခွဲမှုများပိုမိုထိရောက်စေရေး စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဖွဲ့ ဖွဲ့စည်းခြင်းကို ထောက်ခံကြောင်း၊ အကြောင်းမှာ စီးပွားရေး ဝန်ကြီးများမှာ နိုင်ငံရေးပါတီအသီးသီးမှ လာသောသူများဖြစ်ခြင်းကြောင့်ဟု မစ္စတာ ဆူပန့်က ပြောကြားသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အိန္ဒိယနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအပေါ် ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးသက်ရောက်မှုအဖြစ် ပို့ကုန်တန်ဖိုး လျော့ကျလာ

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာန၏ ဇူလိုင် ၁၅ ရက် သတင်းထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် ဇွန်လ၌ အိန္ဒိယနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန် ဒေါ်လာ ၂၅ ဒသမ ၀၁ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ၉ ဒသမ ၇၁ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ သွင်းကုန်ကဏ္ဍ၌ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၂၉ ဘီလီယံခန့် တင်သွင်းမှုရှိသော်လည်း ယခင်နှစ်ကာလတူနှိုင်းယှဉ်ပါက ၉ ဒသမ ၀၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဇွန်လပြည်ပကုန်သွယ်မှုလို ငွေတန်ဖိုး မှာဒေါ်လာ ၁၅ ဒသမ ၂၈ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူ၌ ၁၆ ဒသမ ၆ ဘီလီယံ ဒေါ်လာဖြစ်ရာ လိုငွေကွာဟနေမှုကို အတန်အသင့်လျှော့ချနိုင်ခဲ့ကြောင်း တွေ့ရသည်။

ပို့ကုန်အပိုင်းတွင် ရေနံထွက်ကုန်ပစ္စည်း၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ အင်ဂျင်နီယာထုတ်ကုန်ပစ္စည်းစသည်တို့ တင်ပို့မှုကျဆင်းခဲ့ပြီး သွင်းကုန်အပိုင်း၌ ရေနံစိမ်းတင်သွင်းမှုမှာ သိသာစွာလျော့နည်းခဲ့သည်။ ပို့ကုန်တန်ဖိုးကျဆင်းမှုနှင့် ပတ်သက်၍ ယခင်နှစ်ဇွန်လ၌ ပုံမှန်ပျမ်းမျှ ပို့ကုန်တန်ဖိုးထက်ပိုမိုများပြားစွာ တင်ပို့ရရှိခဲ့ခြင်းကြောင့် ကာလတူနှိုင်းယှဉ်ရာတွင် ကျဆင်းမှုရာခိုင်နှုန်း မြင့်မားခြင်းဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေး ဦးစီးဌာနက ဖော်ပြသည်။ အဆိုပါဌာနမှ အတွင်းဝန် Anup Wadhawan က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် Jamnagar နှင့် Mangalur က ရေနံချက်စက်ရုံ နှစ်ခုလည်ပတ်မှု ယာယီရပ်ဆိုင်းထားခြင်းသည် ပို့ကုန်တန်ဖိုး ဒေါ်လာ ၂ ဒသမ ၇၃ ဘီလီယံခန့်လျော့နည်းမှုဖြစ်ပေါ်ပြီး ရေနံထွက်ကုန် ပစ္စည်းတင်ပို့မှုကို ၃၂ ဒသမ ၈၅ ရာခိုင်နှုန်းအထိ ကျဆင်းစေခဲ့ကြောင်း ပြောဆိုသည်။

အိန္ဒိယပို့ကုန်လုပ်ငန်းအဖွဲ့အစည်းများ အသင်းချုပ် (FIEO) ၏ ဥက္ကဋ္ဌ ဖြစ်သူ Sharad Kumar Saraf က အကောက်ခွန်နှုန်းထားများတိုးမြှင့်လျက် ကုန်သွယ်ရေး စစ်ပွဲအသွင်ဖြစ်ပေါ်လာမှု၊ အီရန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများ ဆက်ဆံရေးတင်းမာမှုတို့နှင့်အတူ ကမ္ဘာ့ကုန်သွယ်ရေး၌ ဝယ်လိုအား လျော့ပါးနေမှုက အိန္ဒိယနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအပေါ် သက်ရောက်ခြင်းဖြစ်ကြောင်း၊ ယခင်နှစ်ကာလနှင့် နှိုင်းယှဉ်ပါက စတီးလ် (Steel)နှင့် ရေနံစိမ်း ဈေးနှုန်းများ လျော့ကျခြင်းကလည်း ယခုနှစ်ပို့ကုန်တန်ဖိုးကို ကျဆင်းစေသည့် အချက်ဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးတင်းမာမှုဖြစ်ပေါ်နေသည့် တရုတ် နိုင်ငံသို့ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း အိန္ဒိယ၏ ပို့ကုန်တင်ပို့မှုမှာ ၁၄ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အာရပ်စော်ဘွားများနိုင်ငံနှင့် ဟောင်ကောင်ဒေသများသို့တင်ပို့မှု တန်ဖိုးသည်လည်း ၁၅ ဒသမ ၃၁ ရာခိုင်နှုန်းနှင့် ၉ ဒသမ ၆၈ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရှိရသည်။

**နေအေးလွင်**
**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

TTKS

# THEIN THAN KYEI SIN Co., Ltd.

Beans & Pulses Trading

No. Nga/4(B), Yaetamar Street, Bayintnaung Pwe Yone Tan,
Mayangone Township, Yangon, Union of Myanmar.

✆ 951-3680437, 3686125
Fax : 951-3686124

MDHCL

# MYANMA DIAMOND HILL CO., LTD.

EXPORT & IMPORT OF BEANS AND PULSES

ပဲမျိုးစုံနှင့်ကြက်စာရောင်းဝယ်ရေး

**MR. UMESH KUMAR**
**Director**

No.159, Shwe Yin Aye Kyaung Street,
Hlaing Thar Yar Industrial Zone (5),Hlaing Thar Yar Tsp,
Yangon, Myanmar.
Ph: 09-5124058, 09-5388290
Email: 90.umeshkumar@gmail.com

# NEW HIGH TIDE INT,L TRADING CO.,LTD

Address :
No.(39), Hla Theingyi St ,
Shwe Pyi Thar Industrial
Zone (3)

Phone
09 263683344

E-mail
newhightide@gmail.com

Myanmar Car Rental

GOLDEN SUPPORT SERVICES Co., LTD

GSS
Golden Support Services



- Monthly Car Rental (Driver Include)
- Long terms or short terms contract
- Hire Industrial Zone & Micro Bus Transfer
- Support Various Events
  (Planning and arrangement)
- Wifi-router Services

Mail - support@goldensupportservices.com

http://www.goldensupportservices.com

# မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

"လိုငွေ ကူညီ မြဝတီ"

## ချေးငွေလုပ်ငန်းဝန်ဆောင်မှုများ

- လည်ပတ်ရင်းနှီးငွေအတွက် နှစ်ချင်းဆပ်စာရင်းပိုထုတ် ချေးငွေ(Overdraft) အပြင် ကာလတိုအတွက် ကာလသတ်မှတ်ချက်ချေးငွေ (Term Loan) များအဖြစ် ချေးယူနိုင်ပါသည်။
- အငှားဝယ်စနစ် (Hire Purchase) စနစ်ဖြင့်လည်း ဝယ်ယူနိုင်ပါသည်။
- မော်တော်ယာဉ်များ၊ ဆန်စက်ပစ္စည်းများနှင့် မီးစက်များ (Generator) ကို ဘဏ်နှင့်ချိတ်ဆက်ထားသော ကုမ္ပဏီကြီးများမှ အငှားဝယ်စနစ်ဖြင့် ဝယ်ယူခြင်း ဝန်ဆောင်မှုကို ရယူနိုင်ပါသည်။




တစ်ဦးတည်းပိုင်လုပ်ငန်းများ

အစုစပ်လုပ်ငန်းများ

ကုမ္ပဏီလုပ်ငန်းများ

ဖက်စပ်အဖွဲ့အစည်းများ

ချေးငွေ ရယူနိုင်သူများ

MPU UnionPay JCB


Phone No :(01) 2301367, 2301368, 2301452, 2301378, 2301401, 2301410 Fax :(01) 2301395, 2301450, 2301402, 2301418
Website :www.mwdbank.com



# KYAW & HTIKE
**General Trading Company Limited**

**Export & Import Customs Clearing Service and Transportation Service**







No. (42/44), Room No (21), 2nd Floor,
36th Street, Merchant Block, Near Innwa Bank,
Kyauktada Township, Yangon, Myanmar.
PH: 09-5141281, 09-5094863
kyawhtike009@gmail.com



# BR Global




Korea Car အရောင်းစင်တာမှမော်ဒယ်မြင့်ကားများကိုအရစ်ကျ (၁) နှစ်၊ (၂) နှစ်၊ (၃) နှစ် အထိဘဏ်နှင့်မချိတ်ဘဲဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိပါသည်။ ဆိပ်ကမ်းကျကားများကိုလည်း ကုမ္ပဏီနှင့်တိုက်ရိုက်ဝယ်ယူနိုင်ပါသည်။ ဝယ်ယူပြီးကားများကိုအကောင်းမွန်ဆုံးဝန်ဆောင်မှုပေးပြီး အပိုပစ္စည်းများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးလျက်ရှိပါသည်။




အမှတ်(၅၃၄/က)၊ သစ်ဆိမ့်ကုန်းရပ်ကွပ်၊ အမှတ်(၃)လမ်းမကြီး
ဘေးမင်္ဂလာဒုံမြို့နယ်။
၀၉၄၂၅၈၈၅၇၃၃၊ ၀၉၄၂၅၈၈၅၇၅၅

# COMMERCE INTERNATIONAL

# ယခုနှစ်ကုန်တွင် အာဆီယံ RCEP ကို အပြီးသတ် လက်မှတ်ထိုးရန်ရည်မှန်း

ယခုနှစ်အကုန်တွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် ခြောက်နိုင်ငံတို့ အပြီးသတ်ဆွေးနွေးနိုင်လိမ့်မည်ဟု အာဆီယံ အထွေထွေအတွင်းရေးမှူး ဒါတိုလင်းဂျော့ဟွိုင်က ခန့်မှန်းကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

RCEP သည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးရှိသော ဈေးကွက်ကို လွှမ်းမိုးထားပြီး ကမ္ဘာ့စုစုပေါင်းပြည်တွင်းထုတ်ကုန်၏ သုံးပုံတစ်ပုံကို ထုတ်လုပ်ပေးလျက်ရှိသဖြင့် ကမ္ဘာပေါ်တွင်အကြီးမားဆုံးကုန်သွယ်ရေး သဘောတူစာချုပ်တစ်ခု ဖြစ်လာမည်။




လွန်ခဲ့သော ခုနစ်နှစ်အတွင်း RCEP စေ့စပ်ညှိနှိုင်းမှုအကြိမ်ပေါင်း ၂၇ ကြိမ်ဆောင်ရွက်ခဲ့သော်လည်း ယင်းထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းနှင့် ယခုနှစ်တွင်ပြီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက နောင်နှစ်တွင် ပြီးအောင်ဆောင်ရွက်ရန်မှာ အလွန်ခက်ခဲနိုင်ကြောင်း ဟွိုင်ကပြောသည်။

နိုင်ငံရေးအခက်အခဲများမှာ ဖြေရှင်းပြီးဖြစ်ကြောင်းနှင့် စီးပွားရေးအင်အားကြီး နိုင်ငံနှစ်ခုအကြား ကုန်သွယ်ရေးတင်းမာမှုများ ဖြစ်ပွားနေသဖြင့် သဘောတူစာချုပ်ကို အပြီးသတ်ချုပ်ဆိုရန်မှာ အဆီယံနိုင်ငံများအတွက် အရေးတကြီးလိုအပ်နေကြောင်း အထွေထွေအတွင်းရေးမှူးက ပြောသည်။

စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်းနှင့် ကုန်သွယ်ရေးညှိနှိုင်းရေးမှူးများအဆင့်နှင့် ဝန်ကြီးအဆင့်တွင် ဆွေးနွေးညှိနှိုင်းမှုများကို အရှိန်မြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ အခြေအနေမှာ အပြုသဘော အလားအလာရှိကြောင်း ၎င်းက ပြောသည်။

အာဆီယံစီးပွားရေးဝန်ကြီးများသည် ထိုင်းနိုင်ငံတွင် စက်တင်ဘာလအတွင်း တွေ့ဆုံရန်ရှိကြောင်းသိရသည်။

## ယုံကြည်ရသော ကုန်သွယ်ဖက် စာရင်းမှ ပယ်ဖျက်ကြရန် တောင်ကိုရီးယားနှင့် ဂျပန်တို့ဆုံးဖြတ်

ယုံကြည်ရသော ကုန်သွယ်ဖက်စာရင်းမှ အပြန်အလှန် ပယ်ဖျက်ကြရန် ဇူလိုင် ၂ ရက်က တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ဆုံးဖြတ်ကြကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

စေ့စပ်ညှိနှိုင်းအဖြေရှာရန် တောင်ကိုရီးယားနိုင်ငံက အကြိမ်ကြိမ်ပန်ကြားခဲ့သည်ကို ဂျပန်နိုင်ငံက ပယ်ချခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံကုန်သွယ်ရေးနှင့် သံတမန်အငြင်းပွားမှုက စီးပွားရေးစစ်ပွဲဆီသို့ ဦးတည်လျက်ရှိသည်။

တစ်ပိုင်းလျှပ်ကူးနှင့် ဖန်သားပြင်ထုတ်လုပ်ရာတွင် အသုံးပြုသော အဓိက အစိတ်အပိုင်းများ တောင်ကိုရီးယားသို့ တင်ပို့ခြင်းကို ဂျပန်နိုင်ငံက ဇူလိုင် ၄ ရက်တွင် ကန့်သတ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် စစ်အတွင်း အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ အငြင်းပွားခဲ့ပြီးနောက် ဒုတိယအကြိမ်လက်တုံ့ပြန်သည့်အနေဖြင့် ဂျပန်နိုင်ငံကစတင်၍ ယုံကြည်အားထားရသောနိုင်ငံများစာရင်း whitelist မှ တောင်ကိုရီးယားနိုင်ငံအား ပယ်ဖျက်ခဲ့သည်။

ဂျပန်နိုင်ငံ၏ အပြုအမူသည် အကြင်နာကင်းမဲ့သောလုပ်ရပ်အဖြစ် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းကရှုတ်ချခဲ့ပြီး လွန်စွာဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။ လိုအပ်သော အစီအမံများကို တောင်ကိုရီးယားနိုင်ငံက ချမှတ်သွားမည်ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံကအပြည့်အဝတာဝန်ယူရမည်ဖြစ်ကြောင်း ရုပ်သံမှထုတ်လွှင့်သော ဝန်ကြီးအဖွဲ့ အရေးပေါ် အစည်း အဝေးတွင် သမ္မတက သတိပေးပြောကြားသည်။

ဂျပန်နိုင်ငံအား whitelist မှ ပယ်ဖျက်ကြောင်း တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး ဟောင်နမ်ကီက ကြေညာခဲ့ပြီး ဂျပန်နိုင်ငံ၏ဆုံးဖြတ်ချက်သည် နှစ်နိုင်ငံ ကြိုးပမ်းတည်ဆောက်ခဲ့သော ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှုဆက်ဆံရေးကို အခြေခံကျကျ ဖျက်ဆီးခဲ့ကြောင်း ရှုတ်ချခဲ့သည်။

## Beat Plastic Pollution
## ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

## စင်ကာပူ SMEs များ လာမည့်နှစ်တွင် တိုးတက်မည်ဟု ခန့်မှန်း



လာမည့် နှစ်လအတွင်း စင်ကာပူရှိအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs) ၏ လေးပုံ သုံးပုံနီးပါးသည် ဖွံ့ဖြိုးတိုးတက်လိမ့်မည်ဟု စစ်တမ်းတစ်စောင်တွင် ဖော်ပြထားကြောင်း စထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

ထို့ပြင် ယင်းတို့အနက် ရာခိုင်နှုန်း ၉၀ က ပြည်ပနှင့် စီးပွားရေးအဆက်အသွယ်များ ရရှိထားပြီးဖြစ်ကြောင်း ပြောသည်။ သို့သော်လည်း မတည်ရင်းနှီးငွေနှင့် ငွေကြေးစီးဆင်းမှု အခက်အခဲက ပြည်ပတွင် လုပ်ငန်းတိုးချဲ့ရေးလုပ်ငန်းကို အဟန့်အတားဖြစ်စေခဲ့ကြောင်း စစ်တမ်းတွင်ပါဝင်သော လုပ်ငန်းသုံးပုံတစ်ပုံက ပြောသည်။

ဤရလဒ်များကို ဩဂုတ် ၁ ရက်က ကျင်းပသော အမေရိကန်အိပ်စ်ပရက် စင်ကာပူလေကြောင်းလိုင်း၏ ခရက်ဒစ်ကတ် စတင်ရောင်းချသည့် အခမ်းအနားတွင် ပြောခြင်းဖြစ်သည်။

SMEs ပိုင်ရှင်များသည် တစ်နှစ်အတွင်း အလုပ်ကိစ္စဖြင့်သွားလာသော ခရီးစဉ်များ၏ ၇ ဒသမ ၆ ရာခိုင်နှုန်းတွင် ပါဝင်ကြောင်းနှင့် လုပ်ငန်းစုစုပေါင်းအနက် ၇၀ ရာခိုင်နှုန်းမှ ဝန်ထမ်းများသည် တစ်လကို အနည်းဆုံး ခရီးနှစ်ကြိမ် သွားလာကြောင်း စစ်တမ်းအရ တွေ့ရသည်။

SMEs ဝန်ထမ်းများ အဓိကသွားလာသောနိုင်ငံများတွင် မလေးရှား(၆၁ ရာခိုင်နှုန်း)၊ တရုတ်(၅၄ ရာခိုင်နှုန်း)၊ ထိုင်း(၃၅ ရာခိုင်နှုန်း)နှင့် အင်ဒိုနီးရှား (၃၄ ရာခိုင်နှုန်း) တို့ပါဝင်သည်။

ယခုစစ်တမ်းကို စင်ကာပူလေကြောင်းလိုင်းနှင့် အမေရိကန် အိပ်စ်ပရက်တို့ပူးပေါင်း၍ ယခုနှစ် ဇွန်လအတွင်းက ကောက်ယူခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီဝင်ငွေ တစ်နှစ် ဒေါ်လာ တစ်သန်းမှ သန်း ၂၀ အတွင်းရှိသော SMEs ပိုင်ရှင် ၂၀၀ ပါဝင်သည်။

**စံမီအောင် စုစည်းသည်**

## တရုတ်နိုင်ငံဦးဆောင်သော ကုန်သွယ်မှုသဘောတူစာချုပ်တွင် အိန္ဒိယပါဝင်ဖွယ်မရှိ

အန္ဒိယနိုင်ငံသည် တရုတ်ဦးဆောင်သော အာရှပစိဖိတ်ကုန်သွယ်ရေး သဘောတူစာချုပ်တွင် ပါဝင်နိုင်ဖွယ်မရှိဟု အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီက ဩဂုတ် ၂ ရက်က ပြောကြားကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ ဝန်ကြီးချုပ်နှင့်ဆက်စပ်နေသော စက်မှုလုပ်ငန်းနှင့် လယ်သမားများ၏ကန့်ကွက်မှုကြောင့် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ရာ လွတ်လပ်သော ကုန်သွယ်ရေးဇုန်ကြီးတစ်ခု ဖန်တီးရေးအလားအလာများအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့သည်။

နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများသည် ယခင်ရက်သတ္တပတ်အတွင်း ပေကျင်းမြို့၌ တွေ့ဆုံပြီး ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းမှု သဘောတူညီချက်များ RCEP ကို စေ့စပ်ညှိနှိုင်းရန် ကြိုးပမ်းခဲ့ကြသည်။ ကမ္ဘာ့လူဦးရေ၏ ၄၅ ရာခိုင်နှုန်းနေထိုင်ရာ နယ်မြေတွင် ကုန်သွယ်ရေးအတားအဆီးများကို ဖယ်ရှားရန် ထပ်မံကြိုးစားခြင်းဖြစ်သည်။ သို့သော် ဈေးကွက်အတွင်းဝင်ရောက်ရေးနှင့် အကာအကွယ်ပေးရမည့် ကုန်ပစ္စည်းစာရင်းပြုစုရေးတွင် တရုတ်-အိန္ဒိယ အငြင်းပွားမှုကြောင့် တိုးတက်မှုမှာ အစိတ်အပိုင်းများစွာတွင် နှေးကွေးနေသည်။

စာချုပ်ကို အန္ဒိယနိုင်ငံတွင် ထောက်ခံသူမရှိကြောင်း ဟိန္ဒူအမျိုးသားရေးဝါဒီအဖွဲ့ဖြစ်သော ရတ်ရှထရီးယားဆွာယမ်ဆီဗက်ဆန်းအဖွဲ့ (RSS)က ပြောသည်။ စာချုပ်တွင် အရှေ့တောင်အာရှဒေသမှ အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယား စသည့် အာရှ-ပစိဖိတ်ဒေသ ခြောက်နိုင်ငံတို့ပါဝင်သည်။